ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 21 March 2021 ၁၀၃၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျွန်းစုတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် မတ် ၂၀

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်သားများအနေဖြင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

- ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို
- အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်း

ကြေးမုံ ယနေ့ ဖတ်စရာ

CDM က ပေးတဲ့ နောင်တ

စာမျက်နှာ » ၆

ဂျွန်-ဇက်တို့ကို သိစေလို

စာမျက်နှာ » ၁၅

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၄၅ သန်းကျော် ရှိလာ

စာမျက်နှာ » ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၃/၂၀၂၁) ကျင်းပမည်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၃/၂၀၂၁)ကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။ သတင်းစဉ်



စိတ်ခံစားချက်လျော့ပါးပြီး စိတ်ရှင်လန်းအပန်းဖြေ

ခရီးသွားခြင်းသည် စိတ်ရှင်လန်းအပန်းပြေပြီး မိမိတို့၏မွန်းကျပ်နေသော စိတ်များ၊ ထွက်ပေါက်ပိတ်နေသော စိတ်များကို လျော့ပါးသက်သာစေပါသည်။ နိုင်ငံတကာမှ ပြည်သူများသည် တစ်နှစ်တစ်ခါဖြစ်စေ၊ မိမိတို့၏အားလပ်ရက်များတွင်ဖြစ်စေ အပန်းဖြေခရီးထွက်ကြပြီး စိတ်ပေါ့ပါးလန်းဆန်းအပန်းပြေသောအခါ မိမိတို့၏ လုပ်ငန်းဆောင်တာများကို အတွေးသစ်အမြင်သစ်ဖြင့် ပိုမိုထွန်းသစ်အောင် လုပ်ဆောင်နိုင်ကြပါသည်။

မြန်မာနိုင်ငံမှ ပြည်သူများအနေဖြင့် ခရီးသွားလာခြင်းကို ပိုမိုလိုလားနှစ်သက်ကြပါသည်။ မြန်မာနိုင်ငံသည် ဆယ့်နှစ်လရာသီ ပွဲလမ်းသဘင်များနှင့် ရှေးအစဉ်အဆက် ယဉ်ကျေးမှုအစဉ်အလာများမပျက် နိုင်ငံတစ်ဝန်းတွင် ပြုလုပ်လေ့ရှိသည်။ နိုင်ငံအနှံ့တွင် လည်ပတ်ချင်စရာ၊ အပန်းဖြေစရာနေရာဌာနများ များစွာရှိသည်။ နိုင်ငံသူ နိုင်ငံသားများသည် တစ်နှစ်တစ်ခါသာမက အားလပ်ရက်များ၌ တစ်ဦးချင်းအလိုက်၊ မိသားစုအစုအဖွဲ့အလိုက် သွားရောက်လည်ပတ် အပန်းဖြေလေ့ရှိကြသည်။ မိမိတို့ဘဝများကို ပျော်ရွှင်ချမ်းမြေ့စရာများတွင် ပိုမိုအချိန်ပေးလေ့ရှိကြသည်။

မျက်မှောက်ကာလတွင် ပြည်သူများမှာ အဆိုပါအခွင့်အရေးများနှင့် ဝေးကွာလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာသဖြင့် ကူးစက်ရောဂါဘေးဆိုင်ရာ ထုတ်ပြန်ထားသော ကျန်းမာရေးစည်းမျဉ်း၊ စည်းကမ်းဥပဒေသတ်မှတ်ချက်များအရ နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ်ကို လိုက်နာဆောင်ရွက်ရခြင်း၊ အသွားအလာများကန့်သတ်ထားခြင်း၊ လည်ပတ်စရာနေရာများ၊ အပန်းဖြေစရာနေရာများကို ခေတ္တပိတ်သိမ်းထားခြင်းတို့ကြောင့် တစ်နှစ်တာကာလတစ်လျှောက်လုံး မိမိတို့၏ စိတ်လွတ်လပ်မှုများကို ချုပ်တည်းထားရသည်။ စိတ်မလွတ်လပ်မှု၊ စိတ်ကျဉ်းကျပ်မှုများနှင့်ကြာရှည်နေလာရာမှ ၂၀၂၁ ခုနှစ်တွင် မလွှဲမရှောင်သာသော နိုင်ငံရေး အပြောင်းအလဲများနှင့်ထပ်မံကြုံတွေ့ရသောအခါ မိမိတို့စိတ်ထွက်ပေါက်များကို လွှဲမှားသောဘက်များသို့ အချို့ပြည်သူများအနေဖြင့် လမ်းလွှဲရောက်ရှိသွားကြသည်။

ယခုအခါ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးနိုင်ရေး၊ ခရီးသွားဧည့်သည်များနှင့် အဓိကထိတွေ့မည့် ဟိုတယ်လုပ်ငန်းများ၊ ဧည့်လမ်းညွှန်လုပ်ငန်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး အမြန်ထိုးနှံပေးနိုင်ရေး၊ စားသောက်ဆိုင်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ခရီးသွားနေရာဌာနများကို ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်နေသည်ကို တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ခရီးသွားလုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်သွားရေးကိစ္စများကို အထူးအလေးအနက်ထား မှာကြားထားသည်နှင့်အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ပေါ်လာစေရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ခရီးသွားဧည့်သည်များ ကိုဗစ်-၁၉ ရောဂါ ကင်းစင်စွာဖြင့် စိတ်ချလက်ချ သွားလာနေထိုင်လည်ပတ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ပြည်သူများ အမြန်ဆုံးလည်ပတ်နိုင်ရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွတ်လွတ်လပ်လပ် ခရီးသွားနိုင်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သွားရန် လိုအပ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့်လည်း လုပ်ငန်းရှင်များ ဆောင်ရွက်လိုသည့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စများကို ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာအောင် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ တာဝန်ရှိသူများအနေဖြင့် ခရီးသွားနယ်ပယ်အလိုက် ပြည်သူများနှင့် လုပ်ငန်းရှင်များ၏အသံကို နားထောင်၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရမည့်အခြေအနေမှန်ကို ဖော်ထုတ်ကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်မှ ခရီးသွားချေးငွေများကို ဆိုင်းငံ့ပေးထားပြီး လိုအပ်သောပံ့ပိုးကူညီပေးမှုများဖြင့် လုပ်ငန်းများအမြန်ဆုံး အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ထို့အပြင် ပြည်တွင်းခရီးသွားလုပ်ငန်းများသာမက နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်တွင်းဘုရားဖူးလုပ်ငန်းများ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး၊ ခရီးစဉ်အသစ်များ ဖော်ထုတ်နိုင်ရေးတို့ကို ပိုင်းဝန်းအကြံပေးကာ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မကြာမီကာလတွင် ပွင့်လင်းရာသီရောက်ရှိလာပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ပွဲလမ်းသဘင်များ၊ အလည်အပတ်ခရီးများတွင် ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖန်တီးပေးလျက်ရှိသည့် ခရီးသွားလည်ပတ်ရေးအစီအစဉ်များတွင် ဥပဒေစည်းကမ်းများကိုလိုက်နာပြီး မိမိတို့ စိတ်မွန်းကျပ်မှုများကို ပြေလျော့နိုင်ရေး ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

(၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီ ဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သတင်းထောက်မှူး	- ဦးမြင့်စိုး	ဓာတ်ပုံသတင်းထောက်	- ဦးခင်မောင်ဝင်း
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သုတေသန	- ဒေါ်ဇင်မာဝင့်
		စာပြင်	- ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
ဘာသာပြန်	- ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်		
အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊	အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့
သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း		

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

အားလုံးနဲ့ သက်ဆိုင်တဲ့အလုပ်

အချင်းချင်းသဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်ကိုစွန့်ပြီး မလျှော့တမ်းကာကွယ်တိုက်ခိုက်ကြတာမျိုးကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုး ဖြစ်တာပဲ။

[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများတည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြတ်တပ်နယ်အတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကိုကောင်းအောင် ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်း တပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်ဓိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်၊ မြတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ တပ်နယ်မှူးများ၊ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဆိုင်ရာ မဲဆရင်းများမှားယွင်းသည့် ကိစ္စရပ်များကို ဒီမိုကရေစီနည်းလမ်းနှင့်အညီ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ရန် အကြံဓကြိမ် ကြိုးပမ်းခဲ့ကြောင်း၊ မဲဆရင်းများတွင် ကြီးမားသည့် လွဲမှားမှုများဖြစ်ခဲ့ပြီး သာမန်လွဲမှားမှုများ မဟုတ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မဲဆရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံးဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အတွက် ယခုအဆင့်ထိ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် အတွေ့အကြုံအားနည်းပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ ရွေးကောက်ပွဲ အတွေ့အကြုံရှိခဲ့ခြင်းဖြစ်ကာ ထိုစဉ်ကတည်းကပင် ရွေးကောက်ပွဲတစ်ခုသည် ဖိအားများရှိနေပါက ရိုးသားသော ရွေးကောက်ပွဲနှင့် မှန်ကန်သောရလဒ်ထွက်ပေါ်သည့် ရွေးကောက်ပွဲ မဖြစ်လာနိုင်သည်ကို အတွေ့အကြုံရရှိခဲ့ကြောင်း။

စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို

ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုကြောင်း။ အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်းကြောင်း။ တက်လာသည့်အစိုးရများသည် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အမှန်တကယ်အလုပ်လုပ်နိုင်မည့် အစိုးရဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆေးခွင့်ရှိသူ၏ ၇၇ ရာခိုင်နှုန်းမဲပေးခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းခဲ့ပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တက်လာသည့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူများအနေဖြင့် အားမလိုအားမရဖြစ်လာကြသည်ကိုတွေ့ရကြောင်း၊ ပြည်သူများက ၎င်းတို့၏ဆန္ဒအလျောက် အလွှာအသီးသီး၏ ခံစားချက်များကိုမူတည်၍ အစိုးရလုပ်ဆောင်ချက်များအပေါ် အားမလိုအားမရဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များ ဖြစ်လာကြသည်ကို တွေ့ရပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ရန်ကုန်တစ်မြို့နယ်လုံး၌ ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ကို သိရှိရကြောင်း။

**ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲပြုလုပ်ခြင်း၊ ဆန္ဒမဲပေးခြင်းသည် အနှစ်သာရပင်ဖြစ်သောကြောင့် မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ရောက်သည့်နေရာတိုင်းတွင် နှစ်သက်ရာကို မဲပေးရန်၊ တိုင်းပြည်နှင့်လူမျိုးအကျိုး သယံဇာနိုင်မည့်သူ၊ ဒေသအကျိုးကို ဖော်ဆောင်နိုင်မည့်သူများကို ရွေးချယ်မဲပေးကြရန် တိုက်တွန်းခဲ့ကြောင်း၊ ဖြစ်သင့်သည်ကိုသာ တိုက်တွန်းပြောပြခဲ့ကြောင်း၊ တပ်မတော်ကို တပ်တွင်းမဲရုံများတွင် မဲပေးခြင်းမှ အပြင်တွင် မဲပေးရမည်၊ ပြည်သူနှင့်အတူ မဲပေးရမည်ဟု ပြောလာသည့် အခါ မိမိအနေဖြင့် ချက်ချင်းပင်သဘောတူခဲ့ကြောင်း၊ ပြည်သူနှင့်အတူ လွတ်လွတ်လပ်လပ်မဲပေးရန် ဆောင်ရွက်ခဲ့ကြောင်း၊ မဲပေးသည့်ကာလ၊ မဲပေးသည့် အချိန်တွင် မဲရုံများနှင့်ပတ်သက်၍ ကြိုတင်မဲပြသနာများရှိကြောင်း၊ ကြိုတင်မဲများနှင့်စပ်လျဉ်း၍ အဓိန့်၊ ညွှန်ကြားချက်များနှင့် ပြင်ဆင်ချက်များပေး၍ မဲပေးခိုင်းသည်ကို တွေ့ရကြောင်း၊ ဥပဒေကိုကျော်လွန်၍ မဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေကို ကျော်လွန်သည့်အဓိန့်များကို ထုတ်ပြန်မှုမပြုသင့်ကြောင်း၊ သို့သော် အဆိုပါအချက်များကို မျက်ကွယ်ပြု၍ ကိုဗစ်ဖြစ်သည်ကို အကြောင်းပြကာ ထုတ်ပြန်ထားသည့် အဓိန့်များကို တွေ့ရကြောင်း။

ထည့်သွင်းပြောကြားခဲ့

ရွေးကောက်ပွဲမတိုင်မီဆောင်ရွက်သည့် ပါတီမဲဆွယ်စည်းရုံးရေးများတွင်လည်း ပါတီများ၏ ပြောဆိုလှုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှုသံသယဖြစ်စရာများ တွေ့ရှိကြောင်း၊ ပါတီ၏မူဝါဒများကြေညာ၍ မဲဆွယ်စည်းရုံးရာ၌ပင် ဆင်ဆာဖြတ်တောက်မှုများရှိလာကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ဆောင်ရွက်ပေးရန် ကြုံသည့် နေရာတိုင်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး လုပ်ဆောင်ပေးရန် အဓိကထား ဦးတည်၍ ပြောခဲ့ကြောင်း။

**၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း၊ မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မဲဆရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုသို့ မဲဆရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်ပြောဆိုခဲ့ကြောင်း၊ မြတ်မြို့နယ်တွင် မဲဆသမားမူပေါင်း ၅ သောင်းကျော်နှင့် ကျွန်းစုမြို့နယ်တွင် မဲဆသမားမူပေါင်း ၃ သောင်းကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်းကျော်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲဆရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်ဖြင်မည့်စာမေးပွဲကို မတန်တဆ အမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေကြောင်း၊ ထိုသို့ မဲဆရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် တတိယအကြိမ် လွတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး စာမျက်နှာ ၄ သို့ ☆

- **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရ**
- **မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရ**
- **မဲဆရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့**
- **ထိုသို့ မဲဆရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်ပြောဆိုခဲ့**

☆ စာမျက်နှာ ၃ မှ

ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း။

ထိန်းသိမ်းဆောင်ရွက်နေ

စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဆန္ဒပြမှုများမှာ ကိုဗစ်ကာလအကျပ်အတည်း ထိန်းချုပ်မှု၊ အခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယုခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များ အားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ယခုအခါဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် ပွါးငှ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုကိုးကျွန်းတပ်နယ်အတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

- **မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြိစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏ တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်**
- **ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့**
- **တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်**

၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်စပ်ဗုံးများ၊ မီးပုလင်း မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများ အပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန်ကြိုးပမ်းအားထုတ်မှုများ စသည့်လက်နက်ကိုင် အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ဆောင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထို့ပြင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင် အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပို့မိထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ် နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေသည့် လုပ်ဆောင်ချက်များလုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များ ပင်ဖြစ်ကြောင်း။

ထုတ်ပြန်ဆောင်ရွက်လျက်ရှိ

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်ဆေးရန် လိုအပ်သည်များကို စစ်ဆေးလျက်ရှိပြီး အဂတိလိုက်စားမှုဆိုင်ရာ တွေ့ရှိချက်များကိုလည်း သတင်းများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများ ပိတ်ထားရခြင်းသည် ကျောင်းသား ကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင်ဖြစ်သောကြောင့် ကျောင်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ** ကြောင်း၊ **လူစုလူဝေးမဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်း ပင်ထားရန် အကြပြုမှုများရှိသော်လည်း မိမိ၏ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် တစ်နှစ်နစ်နာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်** ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာတည်ဆောက်ရန်ဖြစ်ကြောင်း။

အဓိကတာဝန်ရှိ

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ပြည်ပအန္တရာယ်ကို ကာကွယ်ရန် အဓိကတာဝန်ရှိကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက် ပြည်တွင်းသောင်းကျန်းမှုများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်တွင်းလုံခြုံရေးတွင် အဓိကတာဝန်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းလေ့လာ၊ လေ့ကျင့်၊ လိုက်နာကြရမည် ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှသာလျှင် Team Work ရရှိပြီး အဖွဲ့လိုက်စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင်ထမ်းဆောင်ကြရန် လိုကြောင်း၊ တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့ တစ်ဦးချင်းမှ မိမိကိုယ်ကိုနှင့် မိမိတပ်ကိုကောင်းအောင် ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

လက်ခံရယူ

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ဧရ) ဗိုလ်ချုပ်ကြီး မိုးအောင်တို့က အားကစားပစ္စည်းများ၊ သုတရသစာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း အသီးသီးပေးအပ်ကြရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စောသန်းလှိုင်နှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနချုပ်မှူးများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တပ်နယ်အသီးသီးရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တပ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများအား မေတ္တာဝင်ယာဉ်များဖြင့် လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- **နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားရခြင်းသည် ကျောင်းသား ကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင်ဖြစ်သောကြောင့် ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**
- **လူစုလူဝေးမဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်းပင်ထားရန် အကြပြုမှုများရှိသော်လည်း မိမိ၏ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် တစ်နှစ်နစ်နာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်**

အဂတိတရားကင်းရှင်းစွာဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်သွားရန်လို

မိမိတို့အနေဖြင့် NLD ပါတီမှ ပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့်ပတ်သက်သူများအား စစ်ဆေးမေးမြန်းမှုများပြုလုပ်ရာတွင်လည်း ကောင်းမွန်စွာဖြင့် ထားရှိစစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေကြောင်း၊ ဖော်ထုတ်ရရှိသည့် ၎င်းတို့၏ ပြောကြားချက်များမှအချို့ကို သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်သလို ထပ်မံဖော်ထုတ်ရရှိမှုများကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ အဂတိလိုက်စားမှုများ ကျူးလွန်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများကိုလည်း ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင်လည်း အဂတိတရားကင်းရှင်းစွာဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်သွားရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
၁၅-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်တွင်းမြစ်ကြောင်းအပျော်စီးသဘော်နှင့် ဟိုတယ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းသို့ရောက်ရှိပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် ရန်ကုန်မြစ်အတွင်း ပြေးဆွဲလျက်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှတိုးပွားအပျော်စီးသဘော်ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လိုက်ပါစီးနင်းကာ တာဝန်ရှိသူများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် လာရောက်အပန်းဖြေစီးနင်းနိုင်ရေးနှင့် စီးနင်းလိုက်ပါမည့် ပြည်သူများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

စိတ်ကြည်နူးစွာ တွေ့ရှိနိုင်မည်

အဆိုပါ အပျော်စီးသဘော်ဖြင့် လိုက်ပါစီးနင်းရာတွင် ရန်ကုန်မြစ်အတွင်းရှိ ရှုခင်းအလှအပ မြင်ကွင်းများကြည့်ရှုနိုင်ခြင်း၊ ရန်ကုန်မြို့ရှိ ကိုလိုနီခေတ်အဆောက်အဦများ၊ ၎င်းမျိုးစိတ်များ၊ ဒလသဘော်ကျင်း၊ စိတ်ဝင်စားဖွယ်မြင်ကွင်းများကို စိတ်ကြည်နူးစွာ တွေ့ရှိနိုင်မည် ဖြစ်သည်။

ယင်းနောက် ဒေါပုံမြို့နယ်ရှိ Yangon Waterboom သို့ရောက်ရှိပြီး တာဝန်ရှိသူများက ရေကစားကွင်းနှင့်ပတ်သက်သည့် QR-Codeစနစ်ဖြင့် စာရင်းပေးသွင်းနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ကစားကွင်းများ၊ စားသောက်ဆိုင်များနှင့် နားနေခန်းများကို ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ပြင်ဆင်ထားရှိမှုနှင့် မကြာမီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အပန်းဖြေလာရောက်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရန် အတွက် ရေသန့်စင်စနစ်ဆောင်ရွက်မှု ကောင်းမွန်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ကျဝန်ထမ်းများက ကူညီဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ရေကစားကွင်းအတွင်း လုည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်ဆွန်ယက်လမ်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသို့ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးရုံးခွဲရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များကို လစ်ဟင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရနှင့်ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ လိုက်နာလုပ်ဆောင်ရန် အလေးအနက်ထားပြောကြားလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်သည့် အလျောက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွင် ပါရှိသည့် အတိုင်း ပါတီနိုင်ငံရေးကင်းရှင်းပြီး ဥပဒေဘောင်အတွင်းနေထိုင်ရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အမိန့်နှင့်ညွှန်ကြားချက်ကို လိုက်နာရန် လိုအပ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအားလုံး အထက်၊ အောက် နားလည်ယုံကြည်မှုတည်ဆောက်ပြီး အားသွန်ခွန်စိုက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ကရဝိက်ခန်းမသို့ ရောက်ရှိရာ တာဝန်ရှိသူက ခန်းမနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ပြီး ကရဝိက်ခန်းမအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်လျက်ရှိသည့် Chatrium Hotel၊ Sedona Hotel နှင့် Lotte Hotel များသို့ သွားရောက်ခဲ့ပြီး ဟိုတယ်များမှ တာဝန်ရှိသူများက ဟိုတယ်ဆိုင်ရာကိစ္စရပ်များနှင့် ကိုဗစ်-၁၉ နှင့်အညီ ဧည့်သည်များကို ဝန်ဆောင်မှုပေးသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ သတ်မှတ်ချက်များကို အထူးအလေးအနက်ထား လိုက်နာဆောင်ရွက်သွားရန်၊ ခရီးသွားဧည့်သည်များနှင့် အဓိကထိတွေ့သည့် ဟိုတယ်ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးနိုင်ရေးအတွက် ဝန်ထမ်းအင်အားစာရင်း ကြိုတင်ပြုစုထားရှိရန်၊ ခရီးသွားလုပ်ငန်းများ စတင်ပြီဖြစ်သည့်အတွက် လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာများကို အထူးအလေးထားလိုက်နာနိုင်ရေး အသိပေးဆောင်ရွက်သွားရန်နှင့် ဟိုတယ်ဝန်ထမ်းများအနေဖြင့်လည်း ခရီးသွားဧည့်သည်များကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရေးအလေးထားဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay ၊ MPT Pay တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော မိဘပင်စင်စားများအနေဖြင့် လတ်တလောအခြေအနေအရ ၂၀၂၁ ခုနှစ် မတ်လအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ်အသုံးပြု၍ ထုတ်ယူနိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ၂၂-၃-၂၀၂၁ ရက်နေ့ တစ်ရက်တည်း ထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

CDM က ပေးတဲ့ နောင်တ

ရဲယံ (နေပြည်တော်)

“သူငယ်ချင်း... မင်း အဆင်ပြေရဲ့လား” လို့ ကျွန်တော် ဖုန်းကတစ်ဆင့် မေးမြန်းသံကို တစ်ဖက်က ဖုန်းကိုင်သူ သူငယ်ချင်း သူရ ကြားမယ်ထင်သော်လည်း ဖုန်းဖြေသံ တန်းမပြန်။ ရုံးအမိန့်စာပါ အကြောင်းအရာတွေ ကျွန်တော့်သူငယ်ချင်း သူရကို ဖတ်ပြနေရသော်လည်း စိတ်အစဉ်က သူငယ်ချင်းအတွက် ပူပန်လျက်ပင်။ ရုံးအမိန့်စာက သူငယ်ချင်း သူရကို အလုပ်မှ ထုတ်ပယ်စာ။

ရုံးအမိန့်စာ ဖတ်ပြပြီးတော့ ကျွန်တော်လည်း သူငယ်ချင်း သူရကို အားပေးဖို့ အကောင်းဆုံး စကားလုံးရွေးချယ်ရင်း ခေတ္တဆွံ့အနေမိပါတယ်။ နည်းနည်းကြာမှ သူငယ်ချင်းရဲ့ “ငါတော့ မှားသွားပြီ ထင်ပါတယ်ကွာ”ဟု လေးလေးကန်ကန် တုံ့ပြန်သံကြောင့် ကျွန်တော် ပိုရင်မောသွားမိပါတယ်။ သူရရဲ့ “ငါက အဲဒီလောက်ဖြစ်မယ် မထင်ဘူး” ဆိုပြီး ဆက်လက်ဖုန်းဖြေသံကြောင့် သူငယ်ချင်း သူရအပေါ် ပိုပြီးကရုဏာသက်မိရပါတယ်။

အနာဂတ်စိတ်ကူး

အစကတည်းက မင်းကို တားသားပဲ၊ မင်းမှ နားမထောင်တာ၊ လူကြီးတွေကလည်း ပြောကြသားပဲလို့ သူ့အပေါ် အပြစ်တင်စကားကို နှုတ်က ထုတ်ဖော်မဆိုနိုင်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် သူငယ်ချင်း သူရဘဝအခြေအနေကို ကျွန်တော် အသိဆုံးကြောင့်ပင်။ ကျွန်တော်နဲ့ သူရ ဘဝက ကျောထောက်နောက်ခံနည်းတဲ့ အခြေခံမိသားစုက ပေါက်ဖွားခဲ့ကြသူတွေပါ။ ဘဝကို ရိုးသားကြိုးစား စွာနဲ့ ခုံညားအောင် တည်ဆောက်ကြမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်စိတ်ကူးကြောင့် တခြား သူငယ်ချင်းတွေထက် ကျွန်တော်နဲ့ သူရတို့ ပိုပြီး ခင်မင်ရင်းစွဲ ရှိခဲ့ပါတယ်။

ကျွန်တော်နဲ့ သူရက အဝေးသင်တက္ကသိုလ်မှာ မေဂျာတူ သူငယ်ချင်း၊ ပထမနှစ်မှ နောက်ဆုံးနှစ် အထိ သွားအတူ၊ လာအတူ၊ စားအတူ စိတ်တူ ကိုယ်တူ သူငယ်ချင်းတွေ။ ကျောင်းပြီးလို့ ဘွဲ့ရလို့ အစိုးရဌာနတစ်ခုမှာ အလုပ်အတူလျှောက်၊ အငယ်တန်းစာရေးရာထူးနေရာနဲ့ နေပြည်တော်မှာအလုပ်အတူရခဲ့ပြီး လုပ်ငန်းခွင်အထိ မခွဲအတူတူ။

သူငယ်ချင်းနှစ်ယောက် အငယ်တန်းစာရေး အဆင့်မှ ဒုတိယဦးစီးမှူးအဆင့်အထိ အဆင့်ဆင့် တိုးမြှင့်ခံရပြီး အရာရှိငယ်ဘဝနဲ့ အနာဂတ်အတွက် ကြိုးပမ်းနေကြသူတွေ။ ၂၀၁၀ ပြည့်နှစ် အလုပ် ရခါစအချိန်က သူငယ်ချင်းနှစ်ယောက်သား လစာထုတ်ရက်များဆို ပျော်မဆုံးပင်။ လစာ အများကြီးရတဲ့ ကုမ္ပဏီဝန်ထမ်း မဟုတ်သော်လည်း ကျွန်တော်တို့နှစ်ယောက်က ပြည်သူ့ဝန်ကို ထမ်းဆောင်ရတဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်ရတဲ့ အရသာကို နှစ်သက်ကြတယ်၊ ဝိတိဖြစ်ခဲ့ကြတယ်၊ ဂုဏ်ယူခဲ့ကြပါတယ်။ ရတဲ့လစာကိုပဲ မက်မောခဲ့ကြပါတယ်။

နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်ထမ်းဆောင်ရင်း လစဉ်ရရှိတဲ့ လစာတချို့တစ်ဝက်ကို သရက် မြို့နယ်က မိသားစုထံ ထောက်ပံ့ပေးပြီး မိဘကို အတတ်နိုင်ဆုံး ကျေးဇူးပြုနေတဲ့ သားလိမ္မာလေး သူရ။ ဆိုးလို့မဟုတ်၊ မိုက်လို့မဟုတ်၊ ကံငါးပါး ဖောက်ပြားလို့မဟုတ်ဘဲ ဆုံးဖြတ်ချက်အမှား တစ်ခုကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရပါပြီ။ သူရက နိုင်ငံရေးခံယူချက် ခိုင်ခိုင်မာမာရှိလို့ CDM လုပ်ဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချခဲ့တာမျိုးမဟုတ်ဘဲ ဖေစ်ဘွတ်က သွေးထိုးလှုံ့ဆော်မှုတွေကို ရောရောယောင်ယောင်နဲ့ နားယောင်ခဲ့ခြင်းသာ။

အခုတော့ ကျွန်တော်တို့ တစ်လမ်းစီ လျှောက်ဖို့ အချိန်ဖန်လာခဲ့ပါပြီ။ တစ်လမ်းစီအစက ဘယ်က စလဲဆိုရင် CDM က စတယ်လို့ ပြောရပါမယ်။ “စဉ်းစားပါဦးကွာ” လို့ အကြိမ်ကြိမ် ကျွန်တော့်ရဲ့ တားဆီးမှုကြားကပင် သူရ နိုင်ငံ့ဝန်ထမ်းအဖြစ်ကနေ CDM မှာ ပါဝင်မယ်လို့ဆိုကာ ရုံးကို စွန့်ခွာခဲ့ပါတယ်။ “ဖေ့စ်ဘွတ်မှာ CDM လုပ်ပြီ” ဆိုကာ ကြွေးကြော်ခဲ့တဲ့ သူငယ်ချင်းသူရ အစမှာတော့ တက်ကြွလို့မဆုံး။ ရုံးက ဖုန်းနဲ့၊ စာနဲ့ ရုံးပြန်တက်ရန် အကြိမ်ကြိမ် ဆက်သွယ်အကြောင်းကြားခဲ့သော်လည်း CDM အဖြစ် နောက်ဆုံးအထိ ရပ်တည်သွားမယ်ဆိုပြီးသာ သူရက အကြောင်းပြန်ခဲ့ပါတယ်။

အသိုက်အမြုံတစ်ခုပျက်စီး

ကျွန်တော့်ကိုပင် သူ့နဲ့အတူ မပါဝင်ရကောင်း လားလို့ သူရက အပြစ်တင်ဆုံး။ ကျွန်တော့်ကို CDM မပါဝင်တဲ့အတွက် Social Bullying လုပ်ခံရတဲ့အထဲ ပါနိုင်တယ်လို့ စိတ်ပူလို့မဆုံးခဲ့တဲ့ ကျွန်တော့်သူငယ်ချင်း သူရဟာ သူယုံကြည်မိခဲ့တဲ့ CDM ကြောင့် အခုတော့ အလုပ်က ထုတ်ပယ်ခံခဲ့ရပြီ။ ကျွန်တော်ကတော့ အခြေအနေမပျက်ခဲ့ပါ။ ရောရောယောင်ယောင်နဲ့ နားယောင်ခဲ့မိလို့ အချိန်တွေပေးပြီး အဆင့်ဆင့်တည်ဆောက်ခဲ့ရတဲ့ သူရရဲ့ ဝန်ထမ်းဘဝ အသိုက်အမြုံတစ်ခုဟာ CDM ကြောင့် လပိုင်းအတွင်းမှာပဲ ပျက်စီးသွားရပြီဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံ့တာဝန်ထမ်းဆောင်ဖို့၊ ပြည်သူ့တာဝန်ထမ်းဆောင်ဖို့ နိုင်ငံ့ဝန်ထမ်းဖြစ်ချင်ခဲ့ကြတာ ဖြစ်ပါတယ်။ CDM မှာ ပါဝင်ပြီး ပြည်သူ့အတွက် အလုပ်မလုပ်တော့ရင်၊ ဝန်ဆောင်မှုမပေးနိုင်တော့ရင် ပြည်သူတွေ ဘာအလုပ်လုပ်လုပ် အဆင်ပြေပါ့မလားဆိုတဲ့ ရိုးရှင်းတဲ့ အကြောင်းအရာတစ်ခုကို သူရက ခက်ခဲစွာ တွေးတောခဲ့ပါတယ်။ CDM မှာ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပထမဆုံး လူမှုစီးပွားဘဝ အခက်အခဲကြုံတွေ့ကာ အခြေခံပြည်သူတွေပါပဲ။

အစိုးရယန္တရားကတော့ရပ်မသွား

CDM လှုပ်ရှားမှုတွေမှာ ပြည်သူတွေသာမက အောင် CDM မပါဝင်တဲ့ ဝန်ထမ်းတွေက ကြိုးပမ်း ဆောင်ရွက်ပေးနေကြဆဲပါ။ ဒီလိုအခြေအနေတွေကို သူရ သဘောပေါက်နားလည်ချိန်ဟာ နောင်ခဲ့ပါပြီ။

“သူငယ်ချင်းရာ ပထမတော့ ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ CDM လှုပ်ရှားမှုတွေကို သဘောကျခဲ့ပါတယ်။ ဖေ့စ်ဘွတ်က တချို့ပို့စ်တွေကလည်း ဝန်ထမ်းတွေ CDM လှုပ်ရှားမှုတွေလုပ်ရင် အလုပ်မပြုတ်ဘူး။ အားရစရာဆိုတာကိုး။ နည်းနည်း အချိန်ကြာလာတော့ အကြမ်းဖက်တာတွေ ပါလာတယ်။ ဒါမျိုးတွေကိုတော့ ငါသဘောမကျဘူး။ သဘောမကျလို့ လုပ်လည်း မလုပ်တော့ဘူး။ ငါလည်း နောင်တရပါတယ်။ ငါသဘောကျတဲ့ အလုပ်ကတော့ မရှိတော့ဘူး။ ခုတော့ အိမ်မှာပဲ နားနေရတာပေါ့ကွာ။ ဆန္ဒပြတာတွေ တည်ငြိမ်သွားတဲ့ အချိန်ကျမှ အလုပ်သစ် ပြန်ရှာမှာပေါ့” လို့ သူ့ရဲ့ အခြေအနေကို ဆိုလာတဲ့ သူရဟာ နောင်တတွေ တစ်ပုံ့တစ်ပိုက်နှင့်သာ။

CDM မလုပ်တော့ဘဲ လုပ်ငန်းခွင်ကို အချိန်မီ ပြန်ဝင်နိုင်ပြီးတော့ နုပ်မှုလအတိုင်း အပြုံးမပျက် ရုံးပြန်တက်ကြသူတွေ ရှိကြပါတယ်။ ဒါပေမယ့် သူရလို အရှိန်လွန်သွားတဲ့ လူငယ်ဝန်ထမ်းတွေလည်း ရှိခဲ့ပါတယ်။

အရှိန်လွန်သွားပြီဖြစ်တဲ့ သူရကတော့ “ငါ့ရဲ့ အဆောင်က ပစ္စည်းတွေကို သူငယ်ချင်း မင်းဆီမှာ ခဏသိမ်းထားပေးပါ။ CDM လှုပ်ရှားမှုတွေ ငြိမ်သွားပြီး အေးအေးချမ်းချမ်းရှိတော့မှ ကားနဲ့ တင်ပေးလိုက်ပါ” လို့ “ပတ်စဉ်ကွာ ဖျာသိမ်း” လုပ်ဖို့မှာနေတဲ့ သူငယ်ချင်းအတွက် အဆင်ပြေပါစေကြောင်း ဆုတောင်းပေးရုံသာ။

အခုတော့ CDM လှုပ်ရှားမှုတွေရဲ့ ဓားစာခံ ဖြစ်ခဲ့ရတဲ့ သူရလို နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းဥပဒေအရ၊ စည်းမျဉ်းစည်းကမ်းတွေအရ အလုပ်ကနေ ရပ်နားခံရကာ အရေးယူခံနေကြရပါပြီ။ နိုင်ငံ့ဝန်ထမ်းဆိုတာ လိုက်နာရမယ့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ ရှိပြီးသား ဖြစ်ပါတယ်။ မြောက်ပင့်လှုံ့ဆော်သူတွေကတော့ မိသားစုအခြေအနေမပျက်၊ လမ်းပေါ်လည်းမထွက်၊

မြောက်ပင့်လှုံ့ဆော်သူတွေရဲ့ “လော်” ကောင်းမှုကြောင့် ဝန်ထမ်းအဖြစ် လုပ်သက် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ပြီးမှ ပင်စင်ယူခါနီးအချိန် ပင်စင်ခံစားခွင့်မရတော့တဲ့ CDM လှုပ်ရှားမှုတွေရဲ့ ဓားစာခံ နိုင်ငံ့ဝန်ထမ်း ဦးကြီး၊ ဒေါ်ကြီးများအတွက်လည်း နှမြောစရာ။ ကိုယ်ကျိုးထက် အများအကျိုးကို ရည်မှန်းပြီး ဝန်ထမ်းအဖြစ် တစ်ဘဝလုံး အချိန်ပေး နှစ်မြှုပ်လုပ်ကိုင်ပြီးတော့မှ ရလာတဲ့ ပင်စင်ခံစားခွင့်အနှစ်သာရဟာ လေးနက်ပါတယ်။ ဒါကြောင့် ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်ကို “ပင်စင်က မက်စရာရှိလို့လား” ဟု မေးလျှင် “မက်ပါတယ်” ဟု ဖြေရမည်သာ။

အမျိုးမျိုးသော အကြောင်းအရာတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အဓိက ပစ်မှတ်ထားတဲ့ CDM လှုပ်ရှားမှုတွေကြောင့် အခုလိုမျိုး နိုင်ငံ့ဝန်ထမ်းတွေ ဒုက္ခရောက်ကြသလို အများစုသော အခြေခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ထိခိုက်မှုဖြစ်ပေါ်လျက်ရှိပါတယ်။ CDM လှုပ်ရှားမှုမှာ ပါဝင်ခြင်းဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုနဲ့ အခြေခံဘဝများကို အမှန်တကယ် ကိုယ်စားမပြုပါ။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ CDM လှုပ်ရှားမှုကို စိတ်ညွတ်မှုများရှိခဲ့ရင် ကျွန်တော့်သူငယ်ချင်း သူရလို နှောင်းနောင်တ မရရလေအောင်နဲ့ ပြည်သူ့ဝန်ကို ထမ်းနိုင်တဲ့ နိုင်ငံ့ဝန်ထမ်းဘဝမှာ ကြိုးစားရပ်တည်နိုင်အောင် ရေးသားတင်ပြလိုက်ရပါတယ်။ ။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ



နေပြည်တော် မတ် ၂၀

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၃၆၈ ဦး၊ အတွင်းလူနာ ၄၀၀၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၃၈၇၄ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၀၆၅ ဦး စုစုပေါင်း ၅၉၃၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၁၄၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၁၈၄ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၃၂၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် မျက်စိရောဂါဖြင့် လာရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများကို မျက်စိစစ်သပ်ကုသပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ မျက်စိခွဲစိတ်ကုသမှုများ ခံယူခဲ့သည့် အတွင်းတိမ်မျက်စိလူနာများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့်အဖွဲ့ဝင်များက ယနေ့တွင် သွားရောက်ကြည့်ရှုပြီး ဆေးမျက်မှန်များတပ်ဆင်ပေးကာ ထောက်ပံ့ငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

၎င်းအပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံတွင် လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ သွေးလိုအပ်မှုမရှိစေရေး အတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

“ရပ်-ဘယ်သူလဲ”

❖ "ရပ်-ဘယ်သူလဲ" ၊ နားစည်ကွဲမှု
မာန်ခဲအော်ဟစ် ၊ မေးမြန်းစစ်ကာ
ပိုင်းဆစ်မည်းဖြူ ၊ သတင်းယူသည်
ရန်သူမိတ်ဆွေ သိနိုင်ဖို့ ...။

❖ ငယ်စဉ်ခါက ၊ အသားကျအောင်
နေညများစွာ ၊ လေ့ကျင့်လာမို့
ရင်လွှာအမြဲ ၊ ထင်လာစွဲခဲ့
ခွဲခြား ရန်-ငါ သိနိုင်ဖို့ ...။

❖ အရှေ့အနောက်
တောင်မြောက်ဝဲယာ ၊ ပင်လယ်ပြာနှင့်
အာကာယံထိ ၊ စဉ်သတိဖြင့်
စောင့်ကြည့်ထပ်ထပ် သက်နှင်းအပ်လျက်
မပြတ်လှုပ်ရှား ၊ ဘယ်မနားပြီ
စစ်သားငါတို့ ရှိနေ၏ ...။

❖ သို့မကလျှင် ၊ အကယ်စင်၌
မမြင်သည်ရှိ ၊ မြင်သည်ရှိသည့်
မသိမသာ ၊ တစ်ခါခါတွင်
မသိမသာ ၊ တစ်နေရာမှ
သိသိသာသာ ၊ အရာရာထိ
ဝင်လာလွှမ်းမိုး ၊ ဩဇာပျိုး၍
ကြိုးကိုင်ချုပ်ချယ် ၊ ခေတ်သစ်နယ်မို့
ဘယ်ဝယ်ရန်သူ ၊ အဖြူအမည်း
သဲကွဲမြင်ဖို့ ၊ ဉာဏ်မချို့သည်
တို့တပ်မတော် မည့်သေး ...။

❖ ခေတ်အဆက်ဆက် ၊ အရစ်တက်သို့
ရင့်ကျက်ပြည့်စုံ ၊ ဝီရဂုဏ်တို့
လွှမ်းခြုံကျော်မော် ၊ တပ်မတော်ကား
နောင်သော်မယွင်း ၊ ခုမယွင်းပြီ
မယွင်းရှေးသို့ ၊ ကောင်းခြင်းပျို့လျက်
မချို့ဖြောင့်တန်း ၊ ဆက်၍လှမ်းအံ့
သို့လှမ်းရင်းမှာ ၊ ကိုယ့်ပြည်ရွာတွက်
ထင်လာဖြိုးဖျပ် ၊ ရန်မြူကပ်သော်
"ရပ်-ဘယ်သူလဲ" ၊ မာန်ဟုန်ကဲစွာ
ရင်ကွဲပါစေ ၊ တာဝန်ကျေမည်
ညွှန်စေလေးချက် သစ္စာတည်း ...။
ခုနစ်ဆယ့်ခြောက်နှစ် တပ်မတော်ခရီး ...။

မောင်စိမ်းနောင်(လယ်ဝေး)



(၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စိမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) စျေးကွက်စီးပွားရေးစနစ်တည်ဆောက်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်ဖြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြွရှိခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြု ကြည်ညိုလျက်ရှိ

နေပြည်တော် မတ် ၂၀

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတာသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ` မိဘာပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ဖွင့်လှစ်ထားရှိ

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မတ် ၂၀

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့၊ လွိုင်လင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် မှော်ဘီမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် စာချု၊ စာသင် သံဃာတော်များအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင်ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နောက်(၂)ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချန်းရွာနိုင်သည်။ **မိုး/ဓလ**

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၂၀

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဓလ**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး ဦးဆောင်၍ မတ် ၁၈ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန မြန်မာ့စာတိုက်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်သည်။

အမှာစကားပြောကြား

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့စာတိုက်လုပ်ငန်းလက်ထောက်အထွေထွေမန်နေဂျာက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာတိုက် ၁၀၅ ခုမှ ကျေးရွာအရောက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ စာတိုက်များမှ ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများ၊ ဝင်ငွေနှင့် အသုံးစရိတ်စာရင်းများကို တင်ပြသည်။

ဆက်လက်၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ) ညွှန်ကြားရေးမှူးက ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ထုတ်ပေးထားမှုများ၊ International Gateway Services-IGW ဝန်ဆောင်မှုလျှောက်ထားသူများအား လိုင်စင်ထုတ်ပေးထားမှုအခြေအနေ၊ တာဝါနှင့် ဖိုင်ဘာ Complain များ ဖြေရှင်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်သွယ်ရေးကွန်ရက် တိုးချဲ့တည်ဆောက်ရေး ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ ဖွဲ့စည်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာက ဖွဲ့စည်းပုံနှင့် အင်အားစာရင်း၊ အော်တိုတယ်လီဖုန်းလုပ်ငန်းအခြေအနေ၊ အဝေးဆက်ကြောင်း အခြေအနေ၊ မိုဘိုင်းတယ်လီဖုန်း လုပ်ငန်းအခြေအနေ၊ MPT ဖိုင်ဘာအိမ်သုံးအင်တာနက် တပ်ဆင်အသုံးပြုနိုင်သည့်အခြေအနေများကို တင်ပြသည်။

ဆွေးနွေး

တင်ပြချက်များအပေါ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက တယ်လီဖုန်းကြိုးများကို တိုင်များစိုက်ထူ၍ သွယ်တန်းထားသော်လည်း စနစ်တကျမရှိဘဲ ရှုပ်ထွေး၊ တွဲလောင်း၊ မြေပြင်တွင်ပြုတ်ကျကာ လမ်းမပေါ်သွားလာသူများကို အနှောင့်အယှက်ဖြစ်နေခြင်း၊ ပြည်သူများ၏ နေအိမ်၊ ခြံဝင်းများနှင့် မလွတ်မကင်းဖြစ်ပေါ်နေခြင်း၊ အချို့မြေအောက်ကြိုးအဖြစ် အသုံးပြုနေသော်လည်း စနစ်တကျမရှိသည့် အခြေအနေမျိုးစုံကို ကြုံတွေ့နေရခြင်းများကြောင့် ပြည်သူများအနှောင့်အယှက်ဖြစ်နေရကြောင်း၊ နောင်တွင် အလားတူပြဿနာများဖြစ်ပေါ်လာပါက ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာဌာနများမှ မြို့နယ်အဆင့်တာဝန်ရှိသူများက တာဝန်ယူ၊ တာဝန်ခံမှုဖြင့် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ခွဲဝေချထားပြီး မြို့နယ်အလိုက် သက်ဆိုင်ရာကြီးကြပ်ရေးကော်မတီများ ပါဝင်သော မြေပြင်ကွင်းဆင်းစစ်ဆေး၊ ကြပ်မတ်၊ ဖြေရှင်းရေးအဖွဲ့များဖွဲ့စည်းထားရှိရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကောင်စီအဖွဲ့ဝင်များက ပိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆက်သွယ်ရေးလုပ်ငန်းများ စနစ်တကျနှင့် ဝန်ဆောင်မှုပေးနိုင်ရေး၊ ပုဂ္ဂလိကကုမ္ပဏီများကိုလည်း သတ်မှတ်ထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းဆောင်ရွက်စေရေး၊ Complain Center များ မြို့နယ်အလိုက် ဖွင့်လှစ်ထားရှိပြီး ပြည်သူများ၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးရေးနှင့် တယ်လီဖုန်းကေဘယ်လိုင်းများ သွယ်တန်းရာတွင် သန့်ရှင်းသပ်ရပ်မှုကို မထိခိုက်စေရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဒရစ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆောင်ရွက်ပေး

အဆိုပါ ဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက် ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သည်။ ထို့ကြောင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား အဆိုပါ ဆေးရုံသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူအင်အား ၅၀၀ ခန့်က လှိုက်လဲစွာကြိုဆိုခဲ့ကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ထို့ပြင် ဝဲလောင်တိုက်နယ်ဆေးရုံအတွက် တောင်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဆေးရုံအတွက် လိုအပ်သော ဆေးဝါးနှင့် ဆေးကုသရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူရန်အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ကျောက်ပန်းတောင်းတပ်နယ်မှ တာဝန်ရှိသူများက စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ဆေးရုံမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

CDM လှုပ်ရှားမှုနောက်ကွယ်က ဆွဲငင်မှုပဋိပက္ခများ (၂)

ဖွေးစိန်

(၁)

ရုံးကပြန်လာတဲ့ကျွန်မ အိမ်မှုကိစ္စတွေကိုလုပ်ရင်း ရုံးမှာ နားစွန်နားဖျားကြားခဲ့ရတဲ့အကြောင်းကို စဉ်းစားနေမိပါတယ်။ မဟုတ်ပါစေနဲ့လို့လည်း ဆုတောင်းနေမိပေမယ့် ဟုတ်နိုင်ခြေကလည်းများနေပါတယ်။ ထိုအခိုက် ဖုန်းမြည်သံကြား၍ ဖုန်းကိုင်လိုက်ရာ-

ပိုးဥ။ ။ အေမီရေ နင်ကြားပြီးပြီလားဟင်။

အေမီ။ ။ ဘာလဲဟင် ပိုးဥ။

ပိုးဥ။ ။ တို့ဌာနက CDM သမားတွေကို တာဝန်က ယာယီရပ်ဆိုင်းလိုက်ပြီတဲ့။

အေမီ။ ။ ဟင် ဟုတ်လား။ ငါလည်း ကြားတော့ကြားပေမယ့် မဟုတ်ပါစေနဲ့လို့ ဆုတောင်းနေတာ။ တကယ်ကြီးပေါ့ စိတ်မကောင်းလိုက်တာ။ သူတို့ကလည်း ပြန်လာဖို့ပြောတာကို မလာကြဘူးဟာ။

ပိုးဥ။ ။ ဟုတ်တယ်နော်။ ငါတို့တွေ အလုပ်အတူလုပ်ခဲ့ကြတဲ့ သံယောဇဉ်က နည်းမှမနည်းတာ။

အေမီ။ ။ ဟုတ်ပါတယ်ဆို၊ ဒါပေမယ့်ဟာ သူတို့လည်း သူတို့ယုံကြည်ချက်နဲ့သူတို့ပေါ့။ ဘယ်တတ်နိုင်မှာလဲနော်။

ပိုးဥ။ ။ နောက်ပြီးရှိသေးတယ်၊ အခု CDM လုပ်သွားတဲ့သူတွေကလေ ငါတို့လို ရုံးတက်နေတဲ့သူတွေကို အွန်လိုင်းပေါ်မှာ ငါတို့ပုံတွေတင်ပြီး အရှက်ခွဲဦးမှာလို့ လိုင်းပေါ်မှာတင်ထားသေးတယ်တဲ့။

အေမီ။ ။ ဟင် ဟုတ်လား ငါတော့ မတွေ့မိဘူး။ အခုတစ်လော အင်တာနက်လည်း မသုံးဖြစ်ပါဘူးဟာ။ ငါတို့ပုံတွေ တင်ထားရင်တော့ ဒုက္ခပဲ။ အမှန်တော့ သူတို့ ဒီလိုတွေ မလုပ်သင့်ဘူးဟာ။ ငါတို့နဲ့မှ ဘာမှမဆိုင်တာ။ သူတို့ကြိုက်တာ သူတို့ဘာသာသူတို့လုပ်သွားကြတာပဲဟာ။ ငါတို့လည်း ငါတို့ခံယူချက်နဲ့ ငါတို့ပဲပေါ့။ လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပါတယ်ဟာ။ သူတို့ CDM လုပ်သွားလို့လည်း ငါတို့က အပြစ်လည်းမပြောဘူး၊ အရှက်လည်းမခွဲဘူး၊ ရန်လည်းမလုပ်ခဲ့ပါဘူးဟာ။

ပိုးဥ။ ။ အဲဒါကြောင့်ပြောတာပေါ့ဟာ။ သူများတွေ CDM လုပ်ပါပြီဆိုပြီး လက်လေးသုံးချောင်းထောင်၊ ဓာတ်ပုံလေးရိုက်၊ အွန်လိုင်းပေါ်တင်တာမြင်ပြီး ငါတို့မလုပ်ရင် ခေတ်မမီဘူးရယ်လို့ ထင်ပြီး လိုက်လုပ်ရင်းက ဒီလိုတွေဖြစ်ကုန်ကြတာပေါ့။ နောက်ပြီးတော့ ကိုယ်တွေက နိုင်ငံ့ဝန်ထမ်းတွေဆိုတော့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေနဲ့ အရေးယူခံရနိုင်တယ်ဆိုတာကိုလည်း သတိလက်လွတ်ဖြစ်သွားကြပုံရပါတယ်။ လူမှုကွန်ရက်ပေါ်ကနေတစ်ဆင့် အမျိုးမျိုးဆွယ်တဲ့မှိုင်းတွေမိပြီး ရုန်းမထွက်နိုင်တာနေမှာပေါ့။

အေမီ။ ။ အေးပါဟယ် ဘာပဲဖြစ်ဖြစ် ငါကတော့ သူတို့ပြောသလိုတွေလည်း မလုပ်စေချင်ဘူး။ သူတို့နဲ့လည်း ရန်သူတွေမဖြစ်ချင်ဘူး။ နောင်တစ်ချိန် လမ်းမှာတွေ့ရင်တောင် ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့တဲ့အဖြစ်မျိုးတွေလည်း သူတို့ကို မကြုံစေချင်ပါဘူးဟာ။ ငါတို့က နိုင်ငံ့ဝန်ထမ်းတွေဖြစ်လေတော့ ငါတို့ရဲ့လုပ်ငန်းတာဝန်တွေက ငါတို့ရဲ့ညာလက်ဖြစ်ရင် သူတို့က ငါတို့ရဲ့သူငယ်ချင်းမိတ်ဆွေတွေဖြစ်ခဲ့လို့ ငါတို့ရဲ့ဘယ်ဘက်လက်တွေပေါ့။ ဒါကြောင့် ဘယ်ဘက်ကိုပဲ နစ်နာအောင်လုပ်လုပ် ငါတို့ရင်ထဲမှာ နာကျင်ရပါတယ်ဟာ။

ပိုးဥ။ ။ အေးပါဟာ နင်လည်း တောင်တွေးမြောက်တွေးနဲ့ စိတ်ပူပန်မနေနဲ့ဦး။ အချိန်တန်ရင် ဒီပြဿနာတွေ အေးသွားမှာပါ၊ ကိုယ့်ကိုယ်ကိုယ်သာ အဆင်ပြေအောင်နေပါဟာ။ ဒါပဲနော်။

ပိုးဥဖုန်းချသွားပေမယ့်လည်း ကျွန်မမှာ အတွေးသံသရာထဲက မထွက်နိုင်ဘဲ ဘုရားစင်ရှေ့သို့သာ ဦးတည်လျက်။ သဗ္ဗေသတ္တာ ကမ္မသကာဟုသာ။ ။

(၂)

ရုံးပိတ်ရက်ဖြစ်လို့ အိမ်မှုကိစ္စတွေလုပ်အပြီး ရုပ်မြင်သံကြား အစီအစဉ်တွေကို ကြည့်ရင်း အနားယူခိုက် နယ်မှအမေ့ဆီက ဖုန်းဆက်လာခဲ့သည်။

ခင်မ။ ။ ဟုတ်အမေ နေကောင်းကြလား။ သမီးလည်း သတိရနေတာ။

အမေ။ ။ အေးအေး နေကောင်းကြတယ် သမီးရေ။ ဒါနဲ့ အလုပ်သွားရတာရော အဆင်ပြေရဲ့လား။

ခင်မ ။ ။ ဟုတ်အမေ ပြေပါတယ်၊ ဘာဖြစ်လို့လဲဟင်။

အမေ။ ။ ညြော် ဒီလိုပါသမီးရယ်။ သမီးညီမလေးတို့ရုံးက CDM လုပ်တဲ့သူတွေကလေ ရုံးတက်နေတဲ့ သမီးညီမလေးတို့ကို လောက်ကောင်တွေ၊ သစ္စာဖောက်တွေဆိုပြီး သမီးညီမလေးတို့ပုံတွေကို အင်တာနက်ပေါ် တင်သတဲ့ကွယ်။ အဲဒါ သမီးညီမလေးက ဒေါသလည်းဖြစ်၊ ရှက်လည်းရှက်ပြီး ငိုနေလို့လေ။ သမီးကိုလည်း သမီးညီမလေးက စိတ်ပူပြီး ဖုန်းဆက်မေးလိုက်ပါဦးဆိုလို့ပါ သမီးရယ်။

ခင်မ။ ။ ဟင် ဟုတ်လားအမေ။ ညီမလေး အဆင်ပြေရဲ့လား၊ သူအတော်ခံစားရမှာပဲ။ စိတ်မကောင်းလိုက်တာ။ သမီးတို့ဆီမှာတော့ အဆင်ပြေပါတယ်။ ကိုယ်က နိုင်ငံ့ဝန်ထမ်းပဲ၊ ကျရာတာဝန်ကို ကျေပွန်အောင်လုပ်ရမှာ ကိုယ့်တာဝန်ပဲ။ သူတို့ကလည်းနော် ကိုယ့်ဘာသာ လုပ်ချင်တာလုပ်ပေါ့။ သူများကိုတော့ အဲဒီလိုမလုပ်သင့်ပါဘူး။ အောက်တန်းကျလိုက်တာနော်။ သူတို့ကို တရားဥပဒေက ဒီအတိုင်း လက်ပိုက်ကြည့်မနေပါဘူး အမေရာ။ တကယ်တော့ သမီးတို့ နိုင်ငံ့ဝန်ထမ်းသစ္စာဓိဋ္ဌာန်မှာ ပထမဆုံးအချက်က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်လို့ ပါတာအမေရဲ့။ တကယ်တမ်း သစ္စာဖောက်ချင်းဖောက်ရင် သူတို့ကသာ ဖောက်တာပါအမေရယ်။ ကိုယ့်တာဝန်ကိုကျေပွန်အောင် တာဝန်ထမ်းတဲ့သူတွေကိုပဲ သူတို့က စွပ်စွဲရတယ်ရှိသေး။ သူတို့ကမှ လောက်ကောင်တွေပါအမေရာ။ ညီမလေးကိုလည်း ဘာမှစိတ်ညစ်မနေနဲ့ ကိုယ့်အလုပ်ကို ဆက်လုပ်လို့။ ဒါမျိုးကြောင့်တော့ ဘာမှရှက်စရာမလိုဘူးလို့ သေချာလေးအားပေးလိုက်ပါအမေရယ်။ သမီးအတွက်တော့ ဘာမှမပူနဲ့သိလား။

အမေ။ ။ အေးပါသမီးရယ်။ အမေလည်း သမီးညီမလေးက စိတ်ပူပြီး ဖုန်းဆက်မေးဆိုလို့သာမေးတာပါ ငါ့သမီးအကြောင်းသိပြီးသားပါ။

> **“တကယ်တော့ သမီးတို့ နိုင်ငံ့ဝန်ထမ်းသစ္စာဓိဋ္ဌာန်မှာ ပထမဆုံးအချက်က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်လို့ပါတာ အမေရဲ့။ တကယ်တမ်း သစ္စာဖောက်ချင်းဖောက်ရင် သူတို့ကသာ ဖောက်တာပါအမေရယ်။ ကိုယ့်တာဝန်ကို ကျေပွန်အောင် တာဝန်ထမ်းတဲ့သူတွေကိုပဲ သူတို့က စွပ်စွဲရတယ်ရှိသေး။ သူတို့ကမှ လောက်ကောင်တွေပါ အမေရာ။ ညီမလေးကိုလည်း ဘာမှစိတ်ညစ်မနေနဲ့ ကိုယ့်အလုပ်ကို ဆက်လုပ်လို့။ ဒါမျိုးကြောင့်တော့ ဘာမှရှက်စရာမလိုဘူးလို့ သေချာလေးအားပေးလိုက်ပါအမေရယ်။”**

ခင်မ။ ။ ဟုတ်ကဲ့ပါအမေရယ် ဘာမှစိတ်မပူနဲ့နော်။ သမီးတို့ဆီမှာ အဆင်ပြေပါတယ်။

အမေ။ ။ ဟုတ်ပါပြီသမီးရယ်။ သမီးလည်း ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်။ အမေတို့လည်း ရပ်ကွက်ထဲမှာ ဝန်ထမ်းမိသားစုဆိုတော့ သွားသတိ၊ လာသတိနဲ့ နေနေရတာပေါ့လေ။ သူခိုးက လူပြန်ဟစ်ဆိုသလို ဖြစ်နေတော့လည်း အခက်သားအေ။

ခင်မ။ ။ ဟုတ်ပါ့အမေရယ်နော်။ အဲဒီလိုဖြစ်နေတယ်။ တရားကို နတ်စောင့်ပါတယ် အမေရယ်။ အမေတို့သာ ဂရုစိုက်ကြပါ။ သမီးလည်း ဒီနှစ်သင်္ကြန်ပိတ်ရက်ရောက်ရင်တော့ အိမ်ပြန်လာဖြစ်မယ်ထင်ပါတယ် အမေရယ်။ အိမ်မပြန်ရတာကြာတော့လည်း အိမ်ကိုလွမ်းလှပြီအမေရေ။ ပိတ်ရက်ကျမှ မိသားစုတွေ ဆုံကြတာပေါ့။ အားလုံးကျန်းမာရေးလည်း ဂရုစိုက်ကြဦး။

အမေ။ ။ အေးအေး ဒါပဲသမီးရေ၊ ငါ့သမီးလေးကျန်းမာချမ်းသာပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့ကွယ်။

အမေ့ဆီက ဖုန်းချသွားသော်လည်း ကျွန်မမှာ အရင်နှစ် ကိုဗစ်တွေစဖြစ်ကတည်းက အိမ်မပြန်ဖြစ်ခဲ့သည်ကို တွေးမိကာ ဒီနှစ်တော့ မိသားစုတွေ ပျော်ပျော်ပါးပါးပြန်ဆုံဖို့ ရင်ခုန်စိတ်ကူးကြည်နူးရင်းသာ။ ။

(၃)

အခုနောက်ပိုင်း ရန်ကုန်တွင် CDM လှုပ်ရှားမှုတွေ၊ ဆန္ဒပြပွဲတွေ၊ ဆူပူအကြမ်းဖက်မှုတွေက ပိုမိုပြင်းထန်လာကာ မင်းမဲ့စရိုက်အသွင် ဖြစ်လာတဲ့သတင်းတွေ ကြားရ၊ သိရတော့ ရန်ကုန်မှာအလုပ်လုပ်နေတဲ့အစ်ကိုဝမ်းကွဲဖြစ်သူကို စိတ်ပူမိသည်။ ဖုန်းဆက်ဖို့စိတ်ကူးရှိခဲ့ပေမယ့် မဆက်ဖြစ်ခဲ့ဘဲ သူရန်ကုန်မှာ CDM လုပ်နေတယ်လို့ နယ်က အမျိုးတွေက လှမ်းပြောတော့မှပဲ ဖုန်းဆက်ဖြစ်ခဲ့တော့သည်။ အသက်ချင်းကလည်း သိပ်မကွာလှဘဲ ရွယ်တူတန်းတူတွေဖြစ်ကာ ကျောင်းတက်တာကအစ ဘွဲ့ရတော့လည်းအတူတူမို့မောင်နှမအရင်းတွေလို ခင်တွယ်ရသူလည်းဖြစ်လို့ သူ့အတွက် ပိုပြီးစိုးရိမ်မိတာကတော့ အမှန်ပင်။

စိုးစိုး။ ။ ဟဲလို ကိုအောင်လား၊ ဘာတွေလုပ်နေလဲ၊ နေကောင်းရဲ့လား။

ကိုအောင်။ ။ ကောင်းပါ့ဗျာ။ ငါအခု CDM လုပ်နေတယ်။ ဒါနဲ့ နင်တို့ဌာနက CDM စာရင်းမှာ နင့်နာမည်မပါပါ့လား။ ငါက နင့်ကိုပါမယ်မှတ်တာ။

စိုးစိုး။ ။ ဆုတောင်းလေ ဆုတောင်း။ ငါက ဘာကိစ္စပါရမှာတုန်း။ ဒါနဲ့ နင်ကရော၊ ဘာလို့ ဒီလိုတွေ လျှောက်လုပ်နေတာလဲ။

ကိုအောင်။ ။ နင် ဘာမှနားမလည်ပါဘူးဟာ။ သူတို့က ဥပဒေမဲ့ မတရားလုပ်တာဟာ။

စိုးစိုး။ ။ ဟာ ဘာ ဥပဒေမဲ့လဲ၊ ဘာ မတရားလုပ်လို့လဲ။ သတင်းစာတွေထဲမှာ နင်မတွေ့ဘူးလား သူတို့ရှင်းပြထားတာ။

ကိုအောင်။ ။ အဲဒါဆို ဘာပုဒ်မနဲ့ဒီလိုလုပ်တာလဲ။

စိုးစိုး။ ။ သတင်းတွေထဲမှာ ပါတာပဲ နင်သိချင်ရင် ဖတ်ပေါ့။ ဟိုက သေချာလို့လုပ်တာပေါ့ဟာ။ ဒါ ကလေးကစားစရာမှမဟုတ်တာ။ မီဒီယာတွေရော၊ နိုင်ငံတကာကရော စောင့်ကြည့်နေတာ။ သူတို့လည်း သူတို့အလုပ်သူတို့လုပ်တာ၊ နင်လည်း ကိုယ့်အလုပ် ကိုယ်လုပ်ပါလား။ မိဝေးဖဝေးမှာနေပြီး လုပ်ချင်တာတွေ လျှောက်လုပ်နေ။ ကိုယ့်မိဘကိုလည်း ထည့်တွက်ဦး။

ကိုအောင်။ ။ နင်ကလေ ဆရာမကြီးသိပ်လုပ်ချင်တာပဲ။ မောင်နှမချင်းမို့ ငါလေမပြောလိုက်ချင်ဘူး၊ တစ်ဖက်ပိတ်တွေ။

စိုးစိုး။ ။ နင် ပြောချင်တာပြော ငါကလည်း ဂရုမစိုက်ပါဘူးနော်။ ငါတို့က ကိုယ့်အလုပ် ကိုယ်လုပ်နေတာ။ နင်သာ ကောင်းကောင်းနေစမ်းပါ။ ဝါဒမှိုင်းတွေမိပြီး နောက်မှ မရှူနိုင်မကယ် နိုင်ဖြစ်နေမယ်နော်။

ကိုအောင်။ ။ ငါ့ကိုစိတ်ပူမနေပါနဲ့။ နင်တို့သာ ငါတို့ပြည်သူ့အစိုးရ တက်လာရင် ဘာဖြစ်မလဲ တွေးထား။ ဂျန်နရေးရှင်း ဇက်ချင်းအတူတူ ရှက်စရာကောင်းလိုက်တာကွာ။

စိုးစိုး။ ။ မှတ်တောင်ထားရဦးမယ် ကိုအောင်ရယ်။ နင်တို့အစိုးရ တက်လာလို့ ငါတို့လို တာဝန်သိဝန်ထမ်းတွေကို ဖြုတ်မယ်ဆိုရင် ဘယ်လိုပုဒ်မနဲ့ အလုပ်ဖြုတ်မှာလဲ။ တကယ်လို့ ဖြုတ်ခဲ့ရင်လည်း ပြုံးပြုံးလေး ထွက်သွားပေးမယ်။ နင်သာ သူများပြောတဲ့စကား ဟုတ်သလား၊ မှန်သလား မစဉ်းစားဘဲ မြောက်ပေးတိုင်းလိုက်လုပ်။ နောက်မှ နောင်တမရနဲ့။

ကိုအောင်။ ။ အေးပါ နင်ပြောထားဦးပေါ့။ ငါတို့အောင်မြင်တဲ့နေ့ကျ နင်နဲ့ငါနဲ့တွေ့မယ် မိစိုး။

စိုးစိုး။ ။ တွေ့ပေါ့၊ အေးပါ အေးပါ၊ ပြောမရလည်းနေပေါ့။ တစ်ခုတော့ရှိတယ်၊ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာလည်း စဉ်းစားပါဦး။ ဒါပဲ ငါက စိတ်ပူလို့ဆက်တာ။ နင့်သမိုင်းနဲ့နင်ပဲ...။

ကျွန်မစကားမဆုံးသေးခင်မှာပဲ ဟိုဘက်က ဖုန်းချသွားခဲ့သည်။ ဘာများတတ်နိုင်ဦးမှာလဲ။ အသိဉာဏ်ဆိုတာ ထည့်ပေးချင်တိုင်း ထည့်ပေးလို့မရဘူးဆိုတာ သိပ်မှန်တာပဲ။ အားလုံးမှာ ဦးနှောက်ကိုယ်စီရှိကြသည်သာ။ ဒါပေမယ့် အကောင်းနဲ့ အဆိုး၊ အမှားနဲ့ အမှန်ကို ခွဲခြားနိုင်ပြီး ဝေဖန်ဆန်းစစ်နိုင်တဲ့ ဦးနှောက်နဲ့ အသိဉာဏ်ရှိဖို့ ဆိုသည်မှာကား။ ။

ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ကြဉ်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တရုတ်နှင့် အမေရိကန် သဘောတူ

ပေကျင်း မတ် ၂၀

တရုတ်နှင့် အမေရိကန် အဆင့်မြင့်သံတမန်များသည် နှစ်နိုင်ငံအကြား အဆင့်မြင့်ညှိနှိုင်းဆွေးနွေးမှုတိုးမြှင့်လုပ်ဆောင်ရန် အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ်တွင် မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ရာ နှစ်ဖက်အကြား ထိပ်တိုက်ရင်ဆိုင်မှုရှောင်ရှားကြရန် သဘောတူခဲ့ကြကြောင်း စီစီတီဗွီရုပ်သံလွှင့်ဌာနက တရုတ်ကိုယ်စားလှယ်အဖွဲ့၏ ပြောကြားချက်ကို ကိုးကားပြီး ယနေ့ဖော်ပြထားသည်။

ထိုသို့ဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုနှင့် ထိတွေ့ဆက်ဆံမှု ဆက်လက်ထိန်းသိမ်းထားရန်၊ နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ စစ်ပွဲပဋိပက္ခများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများရှောင်ကြဉ်ရန်နှင့် ကောင်းမွန်ပြီး တည်ငြိမ်သော နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးမြှင့်ရန် သဘောတူခဲ့ကြကြောင်း စီစီတီဗွီက ဖော်ပြထားသည်။

ထို့အပြင် နှစ်နိုင်ငံသံတမန်တို့သည် နှစ်ဖက်အကြား အဆင့်မြင့်မဟာဗျူဟာ ဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်ရန် သဘောတူခဲ့ကြသလို ကုန်သွယ်ရေးနှင့် စီးပွားရေးကိစ္စများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဒေသတွင်းကိစ္စရပ်များကိုလည်း အလေးထားဆွေးနွေးခဲ့ကြကာ ယင်းကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ဆက်သွယ်မှုများကို ဆက်လက်တိုးမြှင့်ရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးစဉ် အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးနှင့် ကမ္ဘာ့စီးပွားရေးပြန်လည်ထူထောင်ရေးနယ်ပယ်များတွင် အမေရိကန်နှင့် တရုတ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်ဟု တရုတ်ဘက်က အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်နှင့် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်တို့သည် တရုတ်ပြည်ပရေးရာ ဗဟိုကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ယန်ကျီးချီနှင့် နိုင်ငံတော်ကောင်စီဝင် ဝမ်ယိတို့နှင့်အတူ နှစ်ဖက်အကြား အဆင့်မြင့်ဆွေးနွေးမှုတိုးမြှင့်ရန် အလက်စကာပြည်နယ်တွင် မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ကိုးကား-စပွတ်ဥာဏ်၊ ဘာသာပြန်-ဂျေတီ

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် ထိုင်းနိုင်ငံ လက်ခံရရှိ

ဗန်ကောက် မတ် ၂၀

ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံထံမှ ဝယ်ယူထားသည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ်ကို မတ် ၂၀ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် အထောက်အကူဖြစ်စေရန် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနောက်ဆုံးအသုတ်ကိုလည်း ဆက်လက်ပေးပို့သွားမည်ဟု မျှော်လင့်ကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော နယ်ပယ်များတွင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန် အတွက်လည်း တရုတ်နိုင်ငံက အသင့်ရှိပါကြောင်း ထိုင်းနိုင်ငံဆိုင်ရာတရုတ်သံရုံးက သံရုံး၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပြီးပြည့်စုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဖြစ်ရေးကို နက်နက်ရှိုင်းရှိုင်းဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ရေးသားဖော်ပြထားသည်။

ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

ဗင်လန်နိုင်ငံက ကမ္ဘာ့အပျော်ရွှင်ဆုံး နိုင်ငံအဆင့်အား လေးနှစ်ဆက်တိုက် ထိန်းသိမ်းထား

ဟယ်လ်ဆင်ကီ မတ် ၂၀

ဗင်လန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးနှင့် တစ်နှစ်ကျော်ကျော် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံအဆင့်ကို ဆက်လက် ထိန်းသိမ်းထားကြောင်း မတ် ၁၉ ရက်တွင် ထုတ်ပြန်သည့် ၂၀၂၁ ကမ္ဘာ့ပျော်ရွှင်မှုမှတ်တမ်းအရ သိရသည်။

ယခုအခါ ဗင်လန်နိုင်ငံသည် ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံအဖြစ် ၎င်း၏အဆင့်ကို ထိန်းသိမ်းလာခဲ့သည်မှာ လေးနှစ် ဆက်တိုက်ရှိလာသည်။ ၂၀၂၁ ကမ္ဘာ့ပျော်ရွှင်မှုအဆင့် သတ်မှတ်ရာတွင် နိုင်ငံတစ်နိုင်ငံချင်း၏ ပြည်တွင်း အသားတင် ကုန်ထုတ်လုပ်မှု၊ လူမှုဖူလုံမှု၊ အမျိုးသားကျန်းမာရေးနှင့် နိုင်ငံသားများ၏ ခန့်မှန်းလူသက်တမ်း၊ လွတ်လပ်မှုအတိုင်းအတာ၊ သည်းခံနိုင်မှုအတိုင်းအတာနှင့် အကျင့်ပျက်ခြစားမှု စသည့် အကြောင်းအရာများကိုလည်း ထည့်သွင်းစဉ်းစားကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာ့နိုင်ငံများနှင့် ယင်းနိုင်ငံများတွင် နေထိုင်သောပြည်သူများ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုတိုက်ဖျက်ရေး နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားထားသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ်အတွင်း ယင်းနိုင်ငံများရှိ ပြည်သူများ၏ ဘဝနှင့်ခံစားချက်များကို လွှမ်းခဲ့သည့်နှစ် အနည်းငယ်က ဘဝနှင့် ခံစားချက်များနှင့် နှိုင်းယှဉ်ပြီး ဘဝနှင့် ခံစားချက် မည်သို့မည်ပုံပြောင်းလဲသွားသည်ကိုလည်း ထည့်သွင်းစဉ်းစားကြောင်း သိရသည်။

၂၀၂၁ ပျော်ရွှင်မှုအညွှန်းကိန်းအရ ဗင်လန်နိုင်ငံက ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံအဆင့်ကို ဆက်လက် ပိုင်ဆိုင်ထားပြီး အိုက်စလန်၊ ဒိန်းမတ်၊ ဆွစ်ဇာလန်နှင့် နယ်သာလန်နိုင်ငံတို့က ကမ္ဘာ့အပျော်ရွှင်ဆုံး ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမအဆင့်တို့တွင် အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ

ဘရာဇီး၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၅၇၀ ဖြင့် နေ့စဉ်ကူးစက်မှု စံချိန်တင်

ရီယိုဒီဂျနေးရိုး မတ် ၂၀

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၅၇၀ ခန့် ထပ်မံတွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိအချိန်အထိ နေ့စဉ် ကူးစက်မှုအများဆုံးအဖြစ် စံချိန်တင်ခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အပြင် ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်အတွင်း ၂၈၁၅ ဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ထိုရောဂါဖြင့် တစ်ရက်တာအတွင်း သေဆုံးမှု ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၈၇၃၃၉ ခန့်ရှိပြီး ၎င်းတို့အနက် လူနာ ၂၉၀၃၁၄ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။ ယခုအခါ ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယအဆိုးဆုံး ထိခိုက်လျက်ရှိသည့်နိုင်ငံဖြစ်လာခဲ့သည်။

မတ် ၁၈ ရက်အထိ ရရှိထားသည့်အချက်အလက်များအရ ဘရာဇီးအစိုးရသည် နိုင်ငံလူဦးရေ ၂၁၁ သန်းကျော်ရှိသည့်အနက် ၁၅ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဖြစ်ရာ ၎င်းတို့အနက် ပြည်သူ ၁၀ ဒသမ ၉၈ သန်းခန့်သည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ကြပြီး ကျန် ၄ ဒသမ ၀၂ သန်းခန့်သည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ကိုဗစ်-၁၉ ရောဂါအပါအဝင် ကမ္ဘာလုံးဆိုင်ရာပြဿနာရပ်များ ဖြေရှင်းရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီတို့ သဘောတူညီ

တိုကျို မတ် ၂၀

ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီတို့သည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရာသီဥတုပြောင်းလဲမှုအပါအဝင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာရပ်များကို ဖြေရှင်းရာတွင် နီးကပ်စွာပူးပေါင်း ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဝန်ကြီးချုပ်နှစ်ဦးတို့သည် ဂျပန်နိုင်ငံ၏ တောင်းဆိုမှုအရ မတ် ၁၉ ရက်တွင် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် လအတွင်းက ဝန်ကြီးချုပ်ဖြစ်လာသည့် မာရီယိုဒရာဂီ အား ဂုဏ်ယူပါကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

ဆူဂါနှင့် မာရီယိုဒရာဂီတို့သည် အပြန်အလှန် ကြိုးပမ်းမှုများမှတစ်ဆင့် လွတ်လပ်မှုင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖြစ်လာရေးအပေါ် လိုအပ်ချက်များနှင့် စပ်လျဉ်း၍လည်း သဘောတူညီခဲ့ကြသည်။ ထို့ပြင် ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ ဂျပန်နိုင်ငံသားများအား ပြန်ပေးဆွဲမှုအပါအဝင် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်နွယ်သည့် ကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံသည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံလည်းဖြစ်သည်။

ကိုးကား - အင်နဲအိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်

Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် သီရိလင်္ကာအစိုးရ ခွင့်ပြု

ကိုလံဘို မတ် ၂၀

တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်အဖြစ် အသုံးပြုရန် သီရိလင်္ကာ အမျိုးသားဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့ (အင်နဲအမ်အာရ်အေ) က မတ် ၂၀ ရက်တွင် ခွင့်ပြုလိုက်ကြောင်း ဆေးဝါးထုတ်လုပ်ရေး၊ ထောက်ပံ့ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးဝန်ကြီး ချန်နာဂျာရာဆူမာနာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် AstraZeneca နှင့် ရုရှား နိုင်ငံထုတ် Sputnik-V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမှာ နိုင်ငံအတွင်း၌ တတိယမြောက် အသုံးပြုခွင့်ပေးခဲ့သည့် ကာကွယ်ဆေးဖြစ်သည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကုသရေး အတွက် ရှေ့တန်းမှဆောင်ရွက်နေသည့် ကျန်းမာရေး လုပ်သားများအား AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ့မှုများအပြီး ဖေဖော်ဝါရီလလယ် ပိုင်း၌ နိုင်ငံအနောက်ပိုင်းပြည်နယ်ရှိ အသက် ၃၀ နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးနှံ့သည့် အစီအစဉ်ကို လုပ်ဆောင်ခဲ့ သည်။

သီရိလင်္ကာနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် အိန္ဒိယနိုင်ငံထံမှ လက်ခံရရှိခဲ့ သည်။ အလားတူပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီအစဉ်ဖြင့် ထောက်ပံ့သည့် AstraZeneca ကာကွယ်ဆေး အလုံးရေ ၂၆၄၀၀၀ အား အသက် ၆၀ နှင့်အထက်ပြည်သူများအား ထိုးနှံပေးရန် စီစဉ်ထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဇော်ဝင်း

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၄၅ သန်းကျော်ရှိလာ

ဂျကာတာ မတ် ၂၀

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလ အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၅၆ ဦး ရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၄၅၅၇၈၈ ဦးရှိလာခဲ့ ကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၈ ဦးရှိခဲ့ သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၈၄၄၇ ဦးရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့် ရရှိသူ ၅၇၆၀ ရှိခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၂၈၄၇၅၅ ဦး ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ် ၃၄ ခုစလုံးသို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး အထူးသဖြင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ဂျကာတာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၃၇ ဦး၊ အနောက်ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၂၂ ဦး၊ အရှေ့ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံ ရသူ ၂၈၉ ဦး၊ ယိုဂျာကာတာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၂ ဦးနှင့် ဘန်တန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၃ ဦး အသီးသီးရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ်အများအပြားတွင် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အများအပြား တွေ့ရှိခဲ့သော်လည်း အနောက်ဆူလာဝေစီပြည်နယ်တွင်မူ လွန်ခဲ့ သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံ ရသူတစ်ဦးမျှမရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ် ပြည်နယ်တွင် ရေကြီးမှုများဖြစ်ပေါ်

ဆစ်ဒနီ မတ် ၂၀

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကမ်းပါးများ ပြိုကျခြင်း၊ ဆည်များရေလျှံခြင်းနှင့် လမ်းများပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မုန်တိုင်းများ တိုက်ခတ်ခဲ့ခြင်းတို့ကြောင့် ပြည်နယ်၏ အရှေ့ဘက်ကမ်းရိုးတန်းဒေသတွင် ရေကြီးမှုဆိုင်ရာသတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

ဆစ်ဒနီမြို့ပြဒေသ၊ အီလာဝါရာနှင့် ဟန်းတားခရိုင်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးမှုများဖြစ်လာခဲ့ကြောင်း မိုးလေဝသဗျူရိုက ပြောကြားသည်။

ပြည်နယ်မြောက်ပိုင်းရှိ ကမ်ဆေးနှင့် မက်ကွိုင်းရားဆိပ်ကမ်းအနီး တစ်ဝိုက်ဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်လာခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ယနေ့ နေ့လယ်ပိုင်းတွင် ဆစ်ဒနီမြို့အား ရေပေးဝေသော ဝါရာကန်ဘာဆည်တွင် ရေလျှံမှုများဖြစ်ပွားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုရုတ်တရက်မြင့်တက်လာခြင်းအပေါ် စိုးရိမ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီ ထုတ်ဖော်ပြောကြား

နယူးဒေလီ မတ် ၂၀

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရုတ်တရက်မြင့်တက်လာခြင်းအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းကို တားဆီးနိုင်ရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ချက်ချင်းလုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၉၅၃ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၈ ဦး ရှိခဲ့ခြင်းကြောင့် ယခုနှစ်အတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုစံချိန်တင်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဝန်ကြီးချုပ်မိုဒီက စိုးရိမ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၅၅၂၈၄ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၅၉၅၅၈ ဦးရှိခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာပြီးနောက် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၁၀၀၇၃၃ ဦး ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၂၈၃၃၉၄ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုတွင် မဟာရက်ရှ်ထရာပြည်နယ် အနောက်တောင်ပိုင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၁၂ ဦးဖြင့် နေ့စဉ်ကူးစက်မှု အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဧန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ပြည်သူ ၄၂ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ဆက်လက်အသုံးပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တောင်းဆို

ဂျီနီဗာ မတ် ၂၀

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ပတ်သက်သော အချက်အလက်များကို ပြန်လည်သုံးသပ်ခဲ့ရာတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူများတွင် သွေးခဲခြင်း အခြေအနေဖြစ်ပေါ်မှုနှင့်စပ်လျဉ်း၍ ခိုင်မာသည့် အထောက်အထားမပြသနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပေးအဖွဲ့က ပြောကြားခဲ့ပြီးနောက် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ဆက်လက်အသုံးပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တောင်းဆိုခဲ့ကြောင်း သိရသည်။

ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူများတွင် သွေးခဲခြင်းအခြေအနေ ဖြစ်ပေါ်သည့် သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပေးအဖွဲ့က AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် စပ်လျဉ်း၍ မတ် ၁၉ ရက်တွင် အထက်ပါအတိုင်း ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအားလုံး၏ ဘေးကင်းလုံခြုံမှုအား ဆက်လက်စောင့်ကြည့်ရန်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပေးအဖွဲ့က အကြံပြုခဲ့သည်။ “ကိုဗစ်-၁၉ ရောဂါက သေစေနိုင်တဲ့ရောဂါပါ၊ အဲဒီ ရောဂါကို အောက်စ်ဖို့ဒ်တက္ကသိုလ်နဲ့ AstraZeneca ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်တဲ့ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးက ကာကွယ်နိုင်ပါတယ်”ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီးဆပ်က မတ် ၁၉ ရက်တွင် ကျင်းပသည့် ပုံမှန်ပြုလုပ်နေကြ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ထောက်ပံ့မှုအစီအစဉ်

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဆက်လက်ဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီးဆပ်က တိုက်တွန်းခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်ပြုလုပ်လျက်ရှိသည့် COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့မှုအစီအစဉ် ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဥရောပနိုင်ငံများဖြစ်ကြသည့် ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ယာယီရပ်ဆိုင်းခဲ့ကြောင်း သိရသည်။ သို့ရာတွင် ဥရောပသမဂ္ဂ ဆေးဝါးအေဂျင်စီက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ ဘေးကင်းလုံခြုံမှုရှိကြောင်း မတ် ၁၈ ရက်တွင် ကြေညာခဲ့ခြင်းကြောင့် အခြား ဥရောပနိုင်ငံတချို့မှာမူ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

ကိုးကား-အင်နှဆိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၁၂၃၀၂၀၉၈၂ ဦး
သေဆုံးသူ	၂၇၁၅၆၁၂ ဦး
ပြန်လည်ကျန်းမာလာသူ	၉၉၁၄၇၄၂ ဦး

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၉၉၉ ဦး ထပ်မံတွေ့ရှိ

ဖိလစ်ပိုင် မတ် ၂၀

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၉၉၉ ဦး ထပ်မံတွေ့ရှိသဖြင့် နေ့စဉ် ရောဂါကူးစက်ခံရသူအရေအတွက် အများဆုံးအဖြစ် စံချိန်တင်ခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၆၅၆၀၅၆ ဦးရှိလာခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၉၃၃ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ မက်ထရိမနီလာဒေသတွင် ဗြိတိန်နှင့် တောင်အာဖရိကမှ ကူးစက်လာသော ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများကို တွေ့ရှိရသည်။ ဖိလစ်ပိုင် ရောဂါပိုးမျိုးရိုးဗီဇလေ့လာရေးစင်တာတွင် ဗြိတိန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၆ ဦးကို တွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း ၎င်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃ ဦးအထိရှိလာခဲ့သည်။

နိုင်ငံအတွင်း တောင်အာဖရိက ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၂ ဦးကို ထပ်မံတွေ့ရှိရသဖြင့် ၎င်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၂ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း P.3 ဟု အမည်ပေးထားသော ဗီဇပြောင်းဗိုင်းရပ်စ်တစ်မျိုးကို တွေ့ရှိခဲ့ရသော်လည်း ၎င်းဗိုင်းရပ်စ်သည် နိုင်ငံသားများ၏ ကျန်းမာရေးအား ထိခိုက်စေနိုင်သည်ဟူသောအချက်အလက်များကို မတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်း P.1 ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးကို တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံသားများအနေဖြင့် လူထုထပ်သောနေရာများသို့ သွားလာခြင်းမှ ရှောင်ရှားရန်နှင့် နေအိမ်အတွင်းတွင် သာနေထိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

အိုက်ငြိမ်း၊ မောင်ဦး၊ အောင်ကိုပိုင်(ခ)မောင်ရွှေနှင့် ဝင်းထွန်းတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ပင်လည်ဘူးမြို့နယ် ကောလင်း - ပင်လည်ဘူးသွားကားလမ်း ကီလိုမီတာတိုင်အမှတ် ၈၄ အနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသော မောင်ဦး မောင်းနှင်ပြီး အိုက်ငြိမ်းလိုက်ပါလာသည့် ယာဉ်နှင့် အောင်ကိုပိုင်(ခ)မောင်ရွှေ မောင်းနှင်ပြီး ဝင်းထွန်း လိုက်ပါလာသည့် ၁၂ ဘီးယာဉ်တို့ကို ရှာဖွေရာ ၁၂ ဘီးယာဉ်ပေါ်မှ ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလို (ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၀၅၆ ဘီလီယံ) သိမ်းဆည်းရမိခဲ့သည်။

ယင်းနောက် စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူများကို ရှုမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရဲယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

နောင်ချို့မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီခွဲတွင် နောင်ချို့မြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း၊ မိုင်တိုင်အမှတ် (၈၀/၄)အနီးတွင် အောင်စိန်မောင်းနှင်ပြီး မနန်းအေးရင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရာမွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရညနေ ၄ နာရီတွင် နောင်ချို့မြို့နယ် ဘန့်ဘွေကျေးရွာစွေးအနီးတွင် အောင်မိုးနှင့် မနန်းအေးထွေးတို့အား ဆိုင်ကယ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

အောင်စိန်၊ မနန်းအေးရင်၊ မနန်းအေးထွေး၊ အောင်မိုး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား များနှင့်အတူ တွေ့ရစဉ်။

ပြင်ဦးလွင်မြို့နယ်၌ လက်လုပ်သေနတ် နှစ်လက်ကို လက်ဝယ်ထားရှိသူနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ လက်လုပ်သေနတ် နှစ်လက်ကို လက်ဝယ်ထားရှိသူနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ယမန်နေ့ ည ၁၁ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များ၌ အသုံးပြုရန်အတွက် လက်လုပ်သေနတ်များ လက်ဝယ်ထားရှိကြောင်း သတင်းအရ ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာနေ ကျော်ရဲအောင် (ဘ) ဦးသောင်းဌေး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ကြောင်း။

ထိုသို့ရှာဖွေခဲ့ရာ ကျော်ရဲအောင်၏နေအိမ်အတွင်းမှ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော ဖန်ဂေါ်လီထည့်၍ ဂက်(စ်)ဖြင့် ပစ်ခတ်ရသည့် လက်လုပ်သေနတ် နှစ်လက်နှင့် ဂက်(စ်)ဘူး သုံးဘူးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုရန် လက်လုပ်သေနတ်များအား လက်ဝယ်ထားရှိသူ ကျော်ရဲအောင်ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။ သတင်းစဉ်

တရားခံ ကျော်ရဲအောင်

ဝက်လက်မြို့နယ် ညောင်ပင်ကြီးတောကျေးရွာ နေအိမ် ၁၄ လုံး မီးလောင်

ဝက်လက် မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ညောင်ပင်ကြီးတောကျေးရွာတွင် မတ် ၁၈ ရက် ည ၅ နာရီခွဲက နေအိမ် ၁၄ လုံး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ် ညောင်ပင်ကြီးတောရွာရှိဦးတိုက်၏ ကောက်ရိုးပုံကို မသမာသူတစ်ဦးက မီးရှို့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ် ၁၄ လုံး၊ နွားတဲ ငါးလုံး၊ ရွှေတန်ဖိုး ငွေကျပ် ၃၈၉၀၀၀၀၊ နှမ်း ၁၆၃ တင်း၊ ခုတင် အလုံး ၂၀၊ ဗီရို ၁၂ လုံး၊ တီဗွီ တစ်လုံး၊ ကျွန်းပျဉ် နှစ်တန်၊ ကျွန်းသေတ္တာ ၁၂ လုံး၊ ဟန်းဖုန်း တစ်လုံး၊ စပါး တင်း ၁၀၀ နှင့် နွားလှည်း တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ဝက်လက်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ ရိုမွကားနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ စစ်ကိုင်းမြို့နယ် ဆားတောင်နယ်မြေမီးသတ်စခန်းမှ ရေသယ်ယာဉ် တစ်စီးနှင့်အတူ သန္ဓေတပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန် ၁၅ ဦး၊ ရဲနှင့်ပြည်သူများက ပိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားစဉ် ကျေးရွာအတွင်းနေထိုင်သူများသည် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်နေခြင်းကြောင့် မီးလောင်မှုကြီးမား ခဲ့ခြင်းဖြစ်ပြီး မီးဘေးဒုက္ခသည် ၅၈ ဦးသည် နီးစပ်ရာဆွေမျိုးများနေအိမ်နှင့် ဘုန်းကြီးကျောင်းတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

မီးရှို့သူအား ဝက်လက်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူလေး

ဂျန်-ဇက်တို့ကို သိစေလို

ညိုချော

ရာသီစက်ပိုင်းက တစ်ပတ်ပြီးတစ်ပတ် လည်ပတ်နေပါတယ်။ မွေးစကနေ သေဆုံးသည်အထိ အမြဲရပ်တန့်မနေတဲ့အရာက အချိန်တွေဖြစ်ပါတယ်။ အရွယ်အပိုင်းအခြားရဲ့ အဖိုးတန်ဆုံး၊ အလတ်ဆတ်ဆုံး ဆယ်ကျော်သက်ကလေးတွေ၊ အသက် ၂၀ ဝန်းကျင်လူငယ်လေးတွေ ဒီနှစ်ခွန်ဦးမှာ အမည်သစ်တစ်ခု ရရှိလာခဲ့ကြပါတယ်။ ဂျန်နရေးရှင်း ဇက်တွေတဲ့၊ အတိုခေါ်ရရင် ဂျန်-ဇက်တွေ ဆိုပြီးတော့ ဖြစ်ပါတယ်။

သူတို့ဟာ သိပ်ကို ရိုးသားကြပါတယ်။ ပရိယာယ်များတဲ့ နိုင်ငံရေးဇာတ်ခုံအကြောင်း၊ အနိမ့် အမြင့်၊ အတက် အကျတွေ ပြည့်နှက်နေတဲ့ မြန်မာ့နိုင်ငံရေးအကြောင်း၊ သွေးချောင်းစီးခဲ့ရတဲ့ ပြည်တွင်းရန်ကို နှိမ်နင်းရေးကာလတွေအကြောင်း လက်တွေ့မကြုံခဲ့ဖူးကြပါဘူး။ သူတို့ဆီမှာ ပျော်ရွှင်စရာကောင်းတဲ့ ရင်ခုန်သံတွေ၊ ညနေဘက် ချိန်းဆိုကစားကြတဲ့ အွန်လိုင်းဂိမ်းတွေ၊ မိဘတွေရဲ့ မျှော်လင့်ချက်တွေနဲ့ ထုဆစ်ထားတဲ့ အနာဂတ်တွေ ရှိတယ်။ ဒီနေ့တော့ သူတို့တွေလမ်းပေါ်မှာ ခြေကုန်လက်ပန်းကျနေ၊ ကြွေလွင့်နေကြရတယ်။ မိဘတွေ မျက်ရည်မဆည်နိုင်ကြတာတွေ ရှိနေရပါတယ်။

မြန်မာ့နွေဦးရဲ့ သူရဲကောင်းဆိုပြီး အဖိတ်အစဉ်ဖြစ်ခဲ့ရတဲ့ ဂျန်-ဇက်တွေရဲ့ ဓာတ်ပုံတွေကို အွန်လိုင်းမှာ မြင်တွေ့ရတယ်။ သူရဲကောင်းတို့...လို့အစချီထားတဲ့ ချီးမွမ်းခန်းတွေ၊ ငြိမ်းချမ်းစွာအနားယူပါတော့ဆိုပြီး နောက်ထပ် ဂျန်-ဇက်တွေကို လမ်းပေါ်ဆွဲတင်နေကြတဲ့ အွန်လိုင်းသူရဲကောင်းကြီးတွေကို အော့နလုံးနာမိတယ်။ လူငယ်တွေကို လမ်းပေါ် အတင်းဆွဲတင်နေတဲ့ မျက်ကန်းဆရာအဆူဆူတို့နဲ့ သူတို့တွေရဲ့ မိသားစုတွေကတော့ လုံခြုံတဲ့နေရာတွေမှာ ရှိနေကြတယ်။ သေဆုံးတဲ့လူငယ်တွေထဲမှာ သူတို့သားသမီး၊ သူတို့ဆွေမျိုး၊ သူတို့ပတ်သက်ရာပတ်သက်ကြောင်းတွေ တစ်ယောက်မှ မပါဘူး။ ပြည်သူ့ သားသမီးလေးတွေသာ ဘုမသိဘမသိ လမ်းပေါ်ထွက်ကြ၊ ဥပဒေတွေကို နားမလည်ဘဲ မျက်ကွယ်ပြုကြနဲ့ အသက်ပါရင်းကြရတယ်။

သူတို့ဟာ တိုင်းပြည်အတွက် နယ်ချဲ့ကိုလိုနီကို တော်လှန်နေတာမဟုတ်ကြပါဘူး။ ပြည်တွင်းရန်ကို နှိမ်နင်းရေးမှာ ပါဝင်တိုက်ခိုက်နေကြတာလည်း မဟုတ်ပါဘူး။ နိုင်ငံနဲ့ လူမျိုးအတွက် ထမ်းရွက်နေကြတာ မဟုတ်ပါဘူး။ လူတစ်စု၊ ပါတီတစ်ခုအတွက် သူတို့လုပ်ဆောင်နေကြရတယ် ဆိုတာကိုလည်း သူတို့မသိကြပါဘူး။ ရည်ရွယ်ချက် ရှိရှိ မြောက်ပင့်ပေးကာ ပြည်သူ့အားကို တလွဲအသုံးချပြီး တိုင်းပြည်မငြိမ်သက်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဖန်တီးနေသူတွေရဲ့ အသုံးချခံလူငယ်တွေဖြစ်မှန်းမသိ ဖြစ်နေကြရပါတယ်။

လက်ရှိတာဝန်ယူနေတဲ့ အရေးပေါ်ကာလအတွင်းမှာ ဆန္ဒပြမှုတွေ ဖြစ်နေရတဲ့အခါမှာလည်း NLD ပါတီဝင်တွေ၊ ထိပ်သီးတွေဦးဆောင်တာမျိုးထက် နိုင်ငံရေးလောကနဲ့ အစပ်အဆက်မရှိတဲ့ ပညာတတ်အချို့၊ လူငယ်အချို့ကို ရှေ့ထွက်ပြခိုင်းတာဟာလည်း ပုံမှန်မဟုတ်တဲ့ နောက်ကွယ်က အခြေအနေတွေရှိနိုင်တယ်ဆိုတာကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ လူငယ်တွေကို နွေဦးတော်လှန်ရေးဆိုပြီး ခေါင်းစဉ်တပ်၊ လမ်းပေါ်ထွက်ခိုင်းလိုက်ကြတယ်။ နောက်မှာတော့ လူများများထိခိုက်လေလေ နိုင်ငံတကာက ဝင်ပါလို့ကောင်းလေလေဆိုတဲ့ အိုင်ဒီယာကို ထည့်ပေးလိုက်ကြတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိအောင် ဆန္ဒပြပွဲကနေ အကြမ်းဖက်ဆူပူသောင်းကျန်းတဲ့အဆင့်ရောက်အောင် လူငယ်တွေကို တွန်းအားပေးလာကြတယ်။ နိုင်ငံလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာတဲ့အခါမှာ မဖြစ်မနေ ဖြိုခွင်းကြရတော့လည်း သွေးဆူတဲ့လူငယ်တွေကို ပိုပြီးသွေးဆူအောင် ထပ်ခါထပ်ခါ မြှောက်ပေးနေကြ။

အော့နလုံးနာမိ

မြန်မာ့နွေဦးရဲ့ သူရဲကောင်းဆိုပြီး အဖိတ်အစဉ်ဖြစ်ခဲ့ရတဲ့ ဂျန်-ဇက်တွေရဲ့ ဓာတ်ပုံတွေကို အွန်လိုင်းမှာ မြင်တွေ့ရတယ်။ သူရဲကောင်းတို့...လို့အစချီထားတဲ့ ချီးမွမ်းခန်းတွေ၊ ငြိမ်းချမ်းစွာအနားယူပါတော့ဆိုပြီး နောက်ထပ် ဂျန်-ဇက် တွေကို လမ်းပေါ်ဆွဲတင်နေကြတဲ့ အွန်လိုင်းသူရဲကောင်းကြီးတွေကို အော့နလုံးနာမိတယ်။ လူငယ်တွေကို လမ်းပေါ် အတင်းဆွဲတင်နေတဲ့ မျက်ကန်းဆရာအဆူဆူတို့နဲ့ သူတို့တွေရဲ့ မိသားစုတွေကတော့ လုံခြုံတဲ့နေရာတွေမှာ ရှိနေကြတယ်။ သေဆုံးတဲ့လူငယ်တွေထဲမှာ သူတို့သားသမီး၊ သူတို့ဆွေမျိုး၊ သူတို့ပတ်သက်ရာပတ်သက်ကြောင်းတွေ တစ်ယောက်မှမပါဘူး။ ပြည်သူ့သားသမီးလေးတွေသာ ဘုမသိဘမသိ လမ်းပေါ်ထွက်ကြ၊ ဥပဒေတွေကို နားမလည်ဘဲ မျက်ကွယ်ပြုကြနဲ့ အသက်ပါရင်းကြရတယ်။

သူတို့ဟာ တိုင်းပြည်အတွက် နယ်ချဲ့ကိုလိုနီကို တော်လှန်နေတာမဟုတ်ကြပါဘူး။ ပြည်တွင်းရန်ကို နှိမ်နင်းရေးမှာ ပါဝင်တိုက်ခိုက်နေကြတာလည်း မဟုတ်ပါဘူး။ နိုင်ငံနဲ့ လူမျိုးအတွက် ထမ်းရွက်နေကြတာ မဟုတ်ပါဘူး။ လူတစ်စု၊ ပါတီတစ်ခုအတွက် သူတို့လုပ်ဆောင်နေကြရတယ် ဆိုတာကိုလည်း သူတို့မသိကြပါဘူး။ ရည်ရွယ်ချက် ရှိရှိ မြှောက်ပင့်ပေးကာ ပြည်သူ့အားကို တလွဲအသုံးချပြီး တိုင်းပြည်မငြိမ်သက်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဖန်တီးနေသူတွေရဲ့ အသုံးချခံလူငယ်တွေဖြစ်မှန်းမသိ ဖြစ်နေကြရပါတယ်။

ဂျန်-ဇက်တို့ သိကြစေလို

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဟာ မိမိတို့ပြည်သူအားလုံးရဲ့ အသက်သွေးကြောမှန်း ဂျန်- ဇက်တို့ ကောင်းကောင်းမသိကြပေမယ့် သူတို့ကို မြှောက်ပေးနေတဲ့ အဖွဲ့အစည်းတွေက၊ မျက်ကန်းခေါင်းဆောင်တွေကတော့ ကောင်းကောင်း သိကြပါလိမ့်မယ်။ ပြဿနာရဲ့မူလအစ တာဝန်ရှိသူတွေကတော့ NLD အစိုးရပဲလို့ စာရေးသူကတော့ ပြစ်တင်လိုပါတယ်။ မဲစာရင်းရလဒ်တွေအပေါ် တိကျခိုင်မာတဲ့စာရင်းဇယားတွေနဲ့ ဝေဖန်ထောက်ပြတာကိုလက်သင့်မခံဘဲ၊ တပ်မတော်ရဲ့ တောင်းဆိုချက်တွေအပေါ်ကို လျစ်လျူရှုပစ်ခဲ့တဲ့အတွက် ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးစေဖို့ တပ်မတော်ဟာ နိုင်ငံတော်ကို ဥပဒေနဲ့အညီ တာဝန်ယူထိန်းသိမ်းထားရတာဖြစ်တယ်ဆိုတာကို ဂျန်-ဇက်တို့ သိကြစေလိုပါတယ်။

အကယ်၍ NLD အစိုးရဘက်ကနေ အခုလို တင်းမာမှု၊ အလျှော့မပေးမှု၊ မည်နှိုင်းမှုတွေ များလာတဲ့အခါ တပ်မတော်က ဥပဒေနဲ့အညီ လုပ်သင့်လုပ်ထိုက်တာတွေ ဆောင်ရွက်ရမယ်ဆိုတာကို NLD ပါတီက တာဝန်ရှိသူတွေ၊ အစိုးရအဖွဲ့တွေ မသိဘူးဆိုတာမျိုးတော့ လုံးဝမဖြစ်နိုင်ဘူးလို့ စာရေးသူကတော့ ယူဆပါတယ်။ ဒါဆိုရင် ဘာကြောင့်များ အဲဒီလိုအခြေအနေကို ရောက်အောင်တွန်းပို့ခဲ့ရသလဲ ဆိုတာနဲ့ နောက်ဆက်တွဲသူတို့ရဲ့ အန္တိမရည်မှန်းလာတဲ့အခါမှာ မဖြစ်မနေ ဖြိုခွင်းကြရတော့လည်း သွေးဆူတဲ့လူငယ်တွေကို ပိုပြီးသွေးဆူအောင် ထပ်ကာ ထပ်ကာ မြှောက်ပေးနေကြတော့တယ်လို့ စာရေးသူကတော့ ယူဆပါတယ်။

နိုင်ငံတော်ကို ပျက်စီးစေဖို့ သွေးထိုးလှုံ့ဆော်ဖြိုခွဲတဲ့ရက်ပိုင်းမှာတော့ ခြေကုန်လက်ပန်းကျနေတဲ့၊ လမ်းပေါ်ထွက်နေရတဲ့ လူငယ်တွေကို ပွဲသိမ်းတိုက်ပွဲဆိုပြီး မြှောက်ပေးတာကအစ ပြန်လည်ခုခံဆိုပြီး ရရင်ရ မရရင်ချဆိုတဲ့ သွေးထိုးလှုံ့ဆော်တဲ့အဆင့်အထိ ဖြစ်လာခဲ့ပါတယ်။ အဖျက်အမှောင့်လုပ်ရပ်တွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေကို ဖျက်ဆီးဖို့အတွက် မြှောက်ပင့်ပေးကြသလို၊ ရရာလက်နက်ကိုင်စွဲတိုက်ကြဖို့အထိ နိုင်ငံတော်ကို ပျက်စီးစေဖို့၊ လူငယ်တွေ သွေးမြေကျစေဖို့ သွေးထိုးလှုံ့ဆော်နေကြတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။

နိုင်ငံဝန်ထမ်းတွေကို တာဝန်မထမ်းဆောင်ကြဖို့နဲ့ ဌာနတွေကိုပုန်ကန်ကြဖို့ သွေးထိုးကြပြီး ထင်သလောက်ခရီးမပေါက်တဲ့အခါ အွန်လိုင်းကနေ ကြေညာချက်အမျိုးမျိုးနဲ့ အကြောက်တရား ဖြစ်လာအောင် ထည့်သွင်းဖိအားပေးစည်းရုံးကြတယ်။ နိုင်ငံဝန်ထမ်းတွေကို ဥပဒေနဲ့အညီ အရေးယူတာ၊ ဌာနကနေ ထုတ်ပယ်တာတွေ ဆောင်ရွက်တဲ့အခါမှာလည်း သူတို့စီမံအုပ်ချုပ်နေသယောင် အွန်လိုင်းကနေ သတိပေးစာတွေထုတ်ကြပြန်ပါတယ်။ တကယ်တမ်းမှာ နိုင်ငံဝန်ထမ်းတွေနဲ့ မှီခိုနေရတဲ့ မိသားစုတွေကို ထည့်သွင်း မစဉ်းစားဘဲ လူတစ်စုအာဏာရရှိရေးအတွက်သာ ကြည့်ရှုတဲ့ဖြစ်စဉ်တွေပဲဖြစ်ပါတယ်။ စာမျက်နှာ ၁၆ သို့ ❑

လူငယ်တွေကို False Hope လို့ ခေါ်တဲ့ ရွှေရည်စိမ်မျှော်လင့်ချက်တွေပေးပြီး အမှားနဲ့အမှန်ကို ခွဲခြားရခက်အောင် မြှောက်ပင့်ပေးနေကြတဲ့ အွန်လိုင်းပေါ်က ထင်တိုင်းကြဲ အစိုးရအတုနဲ့ လော်ဘီတွေဟာ နေ့စဉ်ခေါင်းစဉ်အမျိုးမျိုးနဲ့ လူထုကို ပင်ပန်းစေခဲ့ပြီ ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးမှာ ထူးခြားတော့မလိုလို ကူးယူဇော်ပြနေလိုက်ကြတဲ့ လူငယ်တွေ အများကြီးတွေ့ရတယ်။ အမှန်က နိုင်ငံရဲ့ ပြည်တွင်းရေး ဖြစ်တဲ့အတွက် ဆောင်ရွက်ရန် မသင့်ကြောင်း ပယ်ချလိုက်တဲ့အပြင် စုပေါင်းကြေညာချက်တောင်မထုတ်နိုင်တဲ့ တံခါးပိတ်ဆွေးနွေးပွဲဆိုတာကို သိရှိသူအတော်နည်းပါတယ်။

ကျွန်တော်တို့ဌာနက အထက်လူကြီးတွေက နားလည်စာနာပေးတဲ့အပြင် တစ်ရုံးလုံးက နွေးနွေးထွေးထွေးနဲ့ အားပေးကြ၊ ကြိုဆိုကြတယ်။ ဘဝတူဝန်ထမ်းတွေနဲ့အတူ ကိုယ့်ဌာနမှာ ကိုယ့်အလုပ်တွေ ပုံမှန်ပြန်လုပ်နေပါပြီ။

ကိုသက်ခိုင်

CDM လှုပ်ရှားမှုကြီးသည် အစပိုင်းတွင် ပြည်သူလူထုအတွက် စိတ်ဝင်စားစရာဖြစ်ခဲ့သော်လည်း လှုပ်ရှားမှုရက်ကြာညောင်းလာသောအခါ ပါဝင်သူအချို့က စိတ်ဓာတ်ကျဆင်းခြင်း၊ စားဝတ်နေရေးခက်ခဲခြင်းတို့ကြုံတွေ့နေရသူများ၏ စကားသံများကို တင်ပြလိုက်ရပါသည်။

"CDM လုပ်ခဲ့တဲ့ ဝန်ထမ်းတချို့ အမြင်မှန်ရပြီး အလုပ်ပုံမှန်ဆင်းနေကြပါပြီ။ ကိုယ့်ရုံးသူရုံးသား အချင်းချင်းပဲ။ ဘယ်သူ့ကိုမှ လမ်းမှားမရောက်စေချင်ဘူး။ အထက်လူကြီးတွေရဲ့ စေတနာမှန်တဲ့ လုပ်ရပ်တွေကို အချိန်မီနားလည်လာကြတာလည်းပါပါတယ်။ အစ်မကတော့ ဘဝတူဝန်ထမ်းတွေ အခုလို ပုံမှန်အလုပ်ပြန်ဆင်းနေကြတာကို အားပေးတယ်။

တကယ်တမ်းတွေးကြည့်ရင် နိုင်ငံချစ်စိတ်၊ အမျိုးဘာသာသာသနာကို ချစ်စိတ်ဆိုတာ လူတိုင်းမှာရှိသင့်တာမှန်ပေမယ့် နည်းလမ်းမကျတဲ့၊ အစွန်းရောက်တဲ့နည်းတွေနဲ့ မချစ်ကြစေချင်ဘူး။ နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရတက်တက် ကိုယ်လုပ်နေကြအလုပ်ကို တာဝန်ကျေအောင်ဆက်လုပ်နေကြဖို့ပဲလိုတာပါ။ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆုံးဖြတ်ရမှာ ဝန်ထမ်းတွေရဲ့ အလုပ်မဟုတ်ဘူး။ နိုင်ငံ့ဝန်ထမ်းဆိုတာ ပါတီနိုင်ငံရေးတွေ ကင်းရှင်းကြဖို့ အရေးကြီးပါတယ်။ တချို့ဝန်ထမ်းတွေကလည်း CDM ကိုအကြောင်းပြပြီး အလုပ်မဆင်းဘဲ စိတ်လွတ်ကိုယ်လွတ်သွားလာနေကြပြီး တကယ့်ခံယူချက်နဲ့ လှုပ်ရှားမှုထဲပါကြတဲ့သူတွေက နည်းပါတယ်" ဟု နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ မချိုချို(အမည်လွှဲ)က ပြောသည်။

"ကျွန်တော်လည်း ဒီနေ့ကစပြီး ပုံမှန်ရုံးတက်တော့မယ် အစ်မရေ။ CDM လှုပ်ရှားမှုစထဲက ပါဝင်ခဲ့တာပါ။ ၈၈ အရေးအခင်းပြီးစက အသက်ငယ်သေးလို့ စစ်အုပ်ချုပ်ရေးကို ဘာမှမသိခဲ့ရပေမယ့် သူများတွေ ဝေဖန်ပြောကြတာတွေ ကြားဖူးနားဝကြောင့် စိတ်ခံစားချက်နည်းနည်းရှိတာအမှန်ပါ။ အခုလို အရေးအခင်းမျိုးနဲ့ ကြုံလာရတော့ ရုတ်တရက် အကောင်း၊ အဆိုးမခွဲခြားနိုင်ဘဲ ဘဝတူဝန်ထမ်းတချို့နဲ့အတူ CDM လှုပ်ရှားမှုမှာ အားကြိုးမာန်တက်လှုပ်ရှားခဲ့တာပါ။ လှုပ်ရှားမှုအစမှာ မြို့ခံတချို့ရဲ့ ထောက်ပံ့မှုတွေ၊ အားပေးမှုတွေကြောင့် ပိုပြီးတက်ကြွလာသလို ရှိပေမယ့် ရက်ကြာလာတဲ့ CDM လှုပ်ရှားမှုကြီးဟာ မျှော်လင့်ထားသလိုမဟုတ်တော့တာမို့ စိတ်ဓာတ်ကျလာကြပြီး တဖြည်းဖြည်း ပါဝင်တဲ့သူတွေလည်း နည်းသထက်နည်းလာတယ်။ အဓိကကတော့ စားဝတ်နေရေးပေါ့ဗျာ။ တစ်ပတ်ဆယ်ရက်လောက်ထင်ပြီး ကြိတ်မိုတ်ပါခဲ့တာ၊ အခုတော့ တစ်လလည်းမဟုတ် နှစ်လနားကပ်လာလည်း ဘာမှ မထူးခြားတော့ တစ်ဖွဲ့လုံး တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ စဉ်းစားနေကြပြီ။ ကိုယ့်ဝမ်းနဲ့ကိုယ်သာသိမို့ CDM လုပ်ခဲ့တဲ့တစ်လလုံး နယ်ကမိသားစုဆီ ပုံမှန်ပို့နေကြ လစာလေးလည်း မပို့နိုင်တော့ဘူး။ ကံကောင်းလို့ အမျိုးသမီးက CDM ထဲမပါလို့ တစ်ယောက်စာလစာရနေလို့ ဒီလထမင်းနပ်မှန်နေတာ။ ဒါကြောင့် ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာချပြီး ရုံးပြန်တက်နေပြီအစ်မရေ။ ကျွန်တော်တို့ဌာနက အထက်လူကြီးတွေက နားလည်စာနာပေးတဲ့အပြင် တစ်ရုံးလုံးက နွေးနွေးထွေးထွေးနဲ့ အားပေးကြ၊ ကြိုဆိုကြတယ်။ ဘဝတူဝန်ထမ်းတွေနဲ့အတူ ကိုယ့်ဌာနမှာ ကိုယ့်အလုပ်တွေပုံမှန်ပြန်လုပ်နေပါပြီ။ ဘာပဲဖြစ်ဖြစ်လမ်းမှန်ပေါ်ကို ပြန်လျှောက်လာနိုင်ပြီဖြစ်လို့ကျေနပ်ပါတယ်"ဟု ဌာနတစ်ခုမှ လက်ထောက်ဦးစီးမှူး ကိုသက်ခိုင်(အမည်လွှဲ)က ရင်ဖွင့်သည်။

"နိုင်ငံ့ဝန်ထမ်းဆိုတာ တခြားသူတွေထက် ပိုပြီး တိုင်းပြည်အပေါ်သစ္စာရှိသင့်တယ်လို့ ထင်ပါတယ်။ ဝန်ထမ်းလစာနဲ့ ဘဝတစ်လျှောက်လုံးမချမ်းသာခဲ့တောင် သူများတကာတွေလို ပင်ပင်ပန်းပန်း မလုပ်ရဘူး။ မထမ်းပိုးခဲ့ရဘူး။ အခုချိန်မှာ ကုန်ဈေးနှုန်းမြင့်လာပေမယ့် ဝန်ထမ်းမိသားစုတွေ ငွေပို့ငွေလွှဲမရှိသော်လည်း အချိန်တန်ရင် တစ်လ တစ်ခါ ပုံမှန်လစာရမယ်ဆိုတာ သိနေတော့ အားမငယ်ဘူးပေါ့ဗျာ။ ကျွန်တော့်အသက် ၄၀ စွန်းစွန်း ရှိပါပြီ။ ဒီအသက်အရွယ်နဲ့ ဝန်ထမ်းဘဝက ထုတ်ပယ်ခံခဲ့ရရင် တခြားသက်မွေးဝမ်းကျောင်း အလုပ်လည်းမလုပ်တတ် မကိုင်တတ်သူမို့ ဒီဝန်ထမ်းအလုပ်လေးကို တန်ဖိုးထားပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ အရေးအခင်းစဖြစ်ကတည်းက ယနေ့ထိ ရုံးတက်မပျက်ပါဘူး။ နိုင်ငံ့ဝန်ထမ်းဘဝကို လွယ်လွယ်နဲ့ရခဲ့တာမဟုတ်လို့ လွယ်လွယ်နဲ့လည်း မစွန့်လွှတ်နိုင်ပါဘူး။ ဒါကြောင့် အများတကာ CDM လုပ်နေကြတဲ့အချိန်မှာ ကျွန်တော်ပုံမှန် အလုပ်ဆင်းဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော့်ကို CDM လုပ်သူတွေက မကောင်းပြောလည်း မတတ်နိုင်ဘူး။ လူတိုင်းကိုယ့်ရပ်တည်ချက်နဲ့ ကိုယ်ပဲလေ။ သူတို့ကိုလည်း အားမပေးသလို ရှုတ်ချတာမျိုးလည်း တစ်ခါမှမလုပ်ခဲ့ပါဘူး။ သူတို့ ကြိုက်သလို ရွေးချယ်ကြပါစေ။ ရွေးချယ်မှုလမ်းကြောင်း မှန်ကန်ဖို့ပဲလိုတာပါ။ နိုင်ငံ့ဝန်ထမ်းတိုင်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းကို လေးစားကြရတာမို့ ပါတီနိုင်ငံရေးကင်းကင်းရှင်းရှင်း နေနိုင်ကြရင်တော့ အကောင်းဆုံးပေါ့ဗျာ"ဟု အငယ်တန်းစာရေး ကိုထွန်းထွန်း(အမည်လွှဲ)က ပြောသည်။

"ကိုဗစ်ကြောင့် အရောင်းထိုင်းသွားတဲ့ ကျွန်တော့်လက်ဖက်ရည်ဆိုင်လည်း အခုလိုအရေး အခင်းက ထပ်ဖြစ်ပြန်တော့ နာလန်မထူတော့ဘူး ပေါ့ဗျာ။ အရင်က ရောင်းနေကျဖြစ်တဲ့ ပေါက်စီ၊ အီကြာကွေးနဲ့ စမူဆာတွေလည်း ရောင်းမကောင်းလို့ တစ်ခုပြီးတစ်ခုဖြုတ်လိုက်တာ အခုတော့ ပေါက်စီ တစ်မျိုးတောင် အနိုင်နိုင်လုပ်နေရတဲ့ အခြေအနေဖြစ်နေပြီ။ လူတွေအားလုံးက ဒီ CDM မှာပဲ အာရုံစိုက်နေကြတာကိုး။ လူတွေက အဟုတ်မှတ်ပြီး CDM ထဲထမင်းမေ့ပင်းမေ့ပါနေကြတော့ ကျွန်တော်လည်း ရောယောင်ပြီးပါခဲ့ပါတယ်။ အခုတော့ မိသားစု စားဝတ်နေရေးထက် ဘယ်အရာကိုမှ ဦးစားမပေး နိုင်တော့တာမို့ လက်ဖက်ရည်ဆိုင်လေးပုံမှန်ပြန် ရောင်းနေပါတယ်။ အရင်လို ရောင်းမကောင်းပေမယ့် တခြားလည်းမလုပ်တတ် မကိုင်တတ်ဆိုတော့ ဒီလုပ်ငန်းပဲ လုပ်လက်စလုပ်နေရတယ်။ ဒါပေမယ့် ခုနောက်ပိုင်း လူတွေက CDM အကြောင်း အတော် များများနားလည်နေကြပါပြီ။ ရက်တိုလှုပ်ရှားမှု မဟုတ်လေတော့ တစ်နေ့ပြီးနိုးနိုး အဆုံးသတ်နိုးနိုး စောင့်နေရတာနဲ့ အိမ်ကသားမယားတွေ ထမင်းတော် တော့မယ်လေ။ ဒါကြောင့် CDM လည်း ဆက်မလုပ် တော့ပါဘူး။ ကိုယ့်မိသားစုက ပိုအရေးကြီးတာမို့ မသေချာတဲ့ အလုပ်တွေစွန့်လွှတ်လိုက်ပြီ အစ်မရေ" ဟု လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုမျိုး (အမည်လွှဲ)က ပြောသည်။

အင်တာဗျူး - သက်ထားမေ

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

သတင်းစာတွေကို အွန်လိုင်းပေါ်မှ ဖတ်ရှုနိုင်အောင် ဆောင်ရွက်ပေးပါ

အယ်ဒီတာခင်ဗျား -

ကျွန်တော်ကတော့ သတင်းစာဖတ်ပရိသတ်တစ်ဦးပါ။ နေ့ပြည်တော်မှာနေထိုင်ပါတယ်။ အလုပ်အကိုင်အတွက်ခဲ့ နယ်တွေဘက်ခရီးသွားရတာများတော့ သတင်းစာကို ပုံမှန်မှာယူဖတ်ရှုနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် အရင်ကတော့ နေ့စဉ်ထုတ်သတင်းစာတွေကို ရောက်တဲ့နေရာမှာ အွန်လိုင်းပေါ်ကနေ နေ့စဉ် ဖတ်ရှုခဲ့ပါတယ်။ အဲဒီလို ဖတ်နိုင်တော့ သတင်းရင်းမြစ်ကို ယုံကြည်စိတ်ချရလို့ အဆင်ပြေပါတယ်။ အခု အချိန်မှာတော့ အခြေအနေတွေက ပြောင်းသွားတယ်။ အွန်လိုင်းပေါ်မှာတွေ့နေရတဲ့ သတင်းတွေကလည်း အစစ်နဲ့ အတု ခွဲခြံကမလွယ်ကူလှပါဘူး။ သူတို့ပြောတာတွေကို တစ်ဖက်သတ်ယုံကြည်ဖို့ကတော့ စဉ်းစားကြည့်လေ ပိုမဖြစ်နိုင်လေပါပဲ။ ဒါကြောင့် ကိုယ်ကြည့်နေကျ သတင်းစာတွေကို စိတ်ချယုံကြည်စွာ အမြန်ဆုံးဖတ်နိုင်ဖို့ အွန်လိုင်းပေါ်မှာ ပြန်တင်ပေးနိုင်ဖို့ သက်ဆိုင်ရာဌာနကို တောင်းဆိုပါရစေ။

ရဲနိုင်စိုး
အဝေးပြေးယာဉ်မောင်း
နေပြည်တော် (ဥတ္တရသီရိ)

❑ စာမျက်နှာ ၁၅ မှ

လူငယ်တွေကို False Hope လို့ခေါ်တဲ့ ရွှေရည်စိမ်မျှော်လင့်ချက်တွေပေးပြီး အမှားနဲ့ အမှန်ကို ခွဲခြားရခက်အောင် မြှောက်ပင့်ပေးနေကြတဲ့ အွန်လိုင်းပေါ်က ထင်တိုင်းကြအစိုးရအတုနဲ့ လော်ဘီတွေဟာ နေ့စဉ်ခေါင်းစဉ်အမျိုးမျိုးနဲ့ လူထုကို ပင်ပန်းစေခဲ့ပြီ ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးမှာ ထူးခြားတော့မလိုလို ကူးယူဖော်ပြနေလိုက်ကြတဲ့ လူငယ်တွေ အများကြီးတွေ့ရတယ်။ အမှန်က နိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်တဲ့အတွက် ဆောင်ရွက်ရန် မသင့်ကြောင်း ပယ်ချလိုက်တဲ့အပြင် စုပေါင်းကြေညာချက်တောင် မထုတ်နိုင်တဲ့ တံခါးပိတ်ဆွေးနွေးပွဲဆိုတာကို သိရှိသူအတော်နည်းပါတယ်။

ဂျနှ-ဇက်တွေရဲ့ အွန်လိုင်းပေါ်က တွေ့ဆုံရာ တစ်ခုမှာ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုနဲ့ ဖမ်းဝရမ်းထုတ်ထားခြင်းခံရတဲ့ ဒေါက်တာဆာဆာ ပြောတယ်ဆိုပြီး တင်ထားတဲ့စာသားတွေ ရှိပါတယ်။ "နိုင်ငံအတွင်းမှာရှိတဲ့ လူမျိုးပေါင်းစုံကို မကစားရဘူး။ ဥယျာဉ်တစ်ခုမှာ ပန်းပင်လို့ သဘောထားပြီး ပန်းလိုပဲ ပျိုးထောင်ပြုစုရမယ်" ဆိုပြီး ဖော်ပြထားတာကို တွေ့လိုက်ရပါတယ်။ တကယ်တမ်းတော့ အဲဒီလိုကြေးကြော်နေသူတွေကပဲ လူငယ်တွေရဲ့ဘဝ၊ လူငယ်တွေရဲ့အနာဂတ်တွေကို ဖျက်ဆီးနေတာ၊ လမ်းမှားကို မြှောက်ပေးနေတာ၊ အဖူးအပွင့်တွေနဲ့ ပန်းပင်ကလေးတွေကို နင်းချေဖျက်ဆီးနေကြတယ်ဆိုတာကို သိကြစေလိုပါတယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်တာကာလက လစ်ဗျာနိုင်ငံမှာ အဆိုးရွားဆုံးအခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ UN လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အရ R2P ဆိုပြီး အမေရိကန်တပ်တွေဝေဟင်ကနေ ဝင်ရောက်သွားခဲ့တာပါ။ ဒါပေမဲ့ပြည်သူတွေ မျှော်လင့်တဲ့ အေးချမ်းတဲ့ နိုင်ငံအဖြစ်ကိုတော့ ယနေ့အထိ မရောက်နိုင်ခဲ့ပါဘူး။ အစွန်းရောက် အကြမ်းဖက်သမားတွေ ပိုများလာတာ၊ တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာကွဲတာနဲ့ လူသောင်းနဲ့ချီ သေကျေပျက်စီးတာတွေအပြင် နောက်ဆက်တွဲ အလုပ်လက်မဲ့ဘဝ၊ မျှော်လင့်ချက်မဲ့ဘဝပေါင်း များစွာ ကြုံခဲ့ရပါတယ်။ စစ်ရေးအရ အခြားနိုင်ငံ တစ်ခုကနေ ဝင်ရောက်စွက်ဖက်ခဲ့ခြင်းဟာ ပိုမို ပျက်သုဉ်းသွားဖို့ပဲ ဆိုတာကို ဂျနှ-ဇက်တို့ သတိ ချပ်စေလိုပါတယ်။

လက်ရှိမှာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်း မှုရှိအောင်၊ တရားဥပဒေစိုးမိုးအောင် အဘက်ဘက် ကနေ ကိုင်တွယ်နေသလို လမ်းပြမြေပုံတွေ ထားရှိ ပြီး နိုင်ငံဖွဲ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်သူ့အားလုံးရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ ရွေးကောက် ပွဲကြီး ပြန်လည်ကျင်းပနိုင်ဖို့ဆိုတဲ့ မှန်ကန်တဲ့အသံ၊ မှန်ကန်တဲ့လမ်းကြောင်းကို လူငယ်တွေအားလုံးက ပါဝင်ပူးပေါင်းပြီး နိုင်ငံအတွက် အုတ်ချပ်၊ သဲပွင့်လေး တွေအဖြစ်သာ မြင်တွေ့လိုလှုပါတော့တယ်။ ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

စဉ်	မြို့နယ်နှင့် မဲရုံအရေအတွက်	မြို့နယ် ကော်မရှင် စာရင်း	လဝက စာရင်း	နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ	နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ	နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း၂ ကြိမ် ပါဝင်နေသူများ
၁	ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဲရုံပေါင်း ၅၃ ရုံ	၅၆၀၂၈	၃၃၃၈၃	၁၉၃၄	၆၇	၁၉၃၄
၂	ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မဲရုံပေါင်း ၂၃၈ ရုံ	၂၇၃၄၈၁	၁၂၇၃၅၅	၂၃၇၆၃	၈၃၇	၁၆၈၂၈
၃	ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မဲရုံပေါင်း ၃၈ ရုံ	၃၃၂၈၈	၂၅၃၂၇	၇၁၂	၆	၃၂၄
၄	ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ မဲရုံပေါင်း ၂၈၇ ရုံ	၂၇၈၂၁၉	၁၃၈၃၁၄	၅၂၉၂၅	၂၃၅	၈၀၅၈
၅	ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မဲရုံပေါင်း ၁၈၀ ရုံ	၈၉၉၃၂	၈၇၀၀၇	၁၅၇၆၈	၁၇၈	၄၃၇၂

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၇၉၆ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၀၂၇၀၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၅၂၄၂၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၅၀၂၈၂၊ မြေပြင်လက်ကျန် ၃၁၀၉၈၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၅၄၈၈၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၅၅၉၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

စဉ်	မြို့နယ်	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	ရန်ကင်းမြို့နယ်	၅၃	၆၃၆၈၉	၃၆၇၀၄	၂၆၉၈၅	၂၃၁၁၁	၄၂၂၄	၃၅၀
၂	မြောက်ဥက္ကလာပ မြို့နယ်	၂၃၈	၂၉၇၆၅၇	၁၇၇၁၇၆	၁၂၀၄၈၁	၁၀၇၆၁၇	၂၇၃၉၈	၁၄၅၃၄
၃	ဗိုလ်တထောင်မြို့နယ်	၃၈	၃၆၁၄၆	၂၃၂၂၉	၁၂၉၁၇	၁၂၅၃၀	၅၇၄	၁၈၇
၄	လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်	၂၈၇	၂၉၉၀၀၆	၁၄၆၃၂၂	၁၅၂၆၈၄	၁၃၃၆၇၂	၁၉၀၁၂	
၅	ကွမ်းခြံကုန်းမြို့နယ်	၁၈၀	၁၀၆၂၀၈	၆၈၉၉၃	၃၇၂၁၅	၃၄၀၅၅	၃၆၇၉	၅၁၉
စုစုပေါင်း		**၇၉၆**	**၈၀၂၇၀၆**	**၄၅၂၄၂၄**	**၃၅၀၂၈၂**	**၃၁၀၉၈၅**	**၅၄၈၈၇**	**၁၅၅၉၀**

ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်တွင် ရပ်ကွက် ၁၅ ရပ်ကွက်၊ မဲရုံပေါင်း ၅၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၃၆၈၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၆၇၀၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၆၉၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၃၁၁၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

စဉ်	အကြောင်းအရာ	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
						ပျောက်ဆုံး	ပို
၁	ရပ်/ကျေး မဲလက်မှတ်	၅၇၇၄၆	၃၅၅၇၅	၂၂၁၇၁	၁၈၁၄၇	၄၂၂၄	၂၀၀
၂	မြို့နယ်ကြိုတင်မဲလက်မှတ်	၁၁၂၉	၁၁၂၉				
၃	မြို့နယ်လက်ကျန်မဲလက်မှတ်	၄၈၁၄		၄၈၁၄	၄၉၆၄		၁၅၀
စုစုပေါင်း		**၆၃၆၈၉**	**၃၆၇၀၄**	**၂၆၉၈၅**	**၂၃၁၁၁**	**၄၂၂၄**	**၃၅၀**

၆။ ရန်ကင်းမြို့နယ်၊ ရပ်ကွက် ၁၅ ရပ်ကွက်ရှိ မဲရုံ ၅၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၂၂၄ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၀၀ အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၄၈၁၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၉၆၄ ရှိနေသဖြင့် မဲလက်မှတ် ၁၅၀ အပိုတွေ့ရှိရသည်။

၇။ ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ရပ်ကွက်အမည်	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
						ပျောက်ဆုံး	ပို
၁	အမှတ်(၁)ရပ်ကွက်	၁၉၀၀	၁၂၉၆	၆၀၄	၆၀၄		
၂	အမှတ်(၂)ရပ်ကွက်	၄၃၀၀	၂၆၄၆	၁၆၅၄	၁၆၁၁	၄၃	
၃	အမှတ်(၃)ရပ်ကွက်	၁၇၅၀	၈၇၃	၈၇၇	၃၅၈	၅၁၉	
၄	အမှတ်(၄)ရပ်ကွက်	၂၁၀၀	၁၀၉၉	၁၀၀၁	၇၉၉	၂၀၂	
၅	အမှတ်(၅)ရပ်ကွက်	၅၀၀၀	၂၉၃၀	၂၀၇၀	၁၆၈၀	၃၉၀	
၆	အမှတ်(၆)ရပ်ကွက်	၂၁၀၀	၁၄၇၄	၆၂၆	၇၂၆		၁၀၀
၇	အမှတ်(၇)ရပ်ကွက်	၁၆၅၀	၁၀၃၉	၆၁၁	၅၀၃	၁၀၈	
၈	အမှတ်(၈)ရပ်ကွက်	၅၇၇၅	၂၈၆၄	၂၉၁၁	၁၄၆၉	၁၄၄၂	
၉	အမှတ်(၉)ရပ်ကွက်	၃၀၀၀	၂၁၄၆	၈၅၄	၉၅၄		၁၀၀
၁၀	အမှတ်(၁၁)ရပ်ကွက်	၆၁၇၁	၃၆၄၆	၂၅၂၅	၂၃၅၅	၁၇၀	
၁၁	အမှတ်(၁၂)ရပ်ကွက်	၈၄၅၀	၅၇၂၄	၂၇၂၆	၂၃၂၇	၃၉၉	
၁၂	အမှတ်(၁၃)ရပ်ကွက်	၄၈၀၀	၃၃၂၈	၁၄၇၂	၁၃၂၂	၁၅၀	
၁၃	အမှတ်(၁၄)ရပ်ကွက်	၃၁၀၀	၂၀၁၂	၁၀၈၈	၉၉၈	၉၀	
၁၄	အမှတ်(၁၅)ရပ်ကွက်	၂၆၅၀	၁၇၀၈	၉၄၂	၇၉၂	၁၅၀	
၁၅	အမှတ်(၁၆)ရပ်ကွက်	၅၀၀၀	၂၇၉၀	၂၂၁၀	၁၆၄၉	၅၆၁	
	ရပ်ကွက်ချုပ်စုစုပေါင်း	**၅၇၇၄၆**	**၃၅၅၇၅**	**၂၂၁၇၁**	**၁၈၁၄၇**	**၄၂၂၄**	**၂၀၀**
	မြို့နယ်ကြိုတင်မဲလက်မှတ်	၁၁၂၉	၁၁၂၉				
	မြို့နယ်လက်ကျန်မဲလက်မှတ်	၄၈၁၄		၄၈၁၄	၄၉၆၄		၁၅၀
	မြို့နယ်ချုပ်စုစုပေါင်း	**၆၃၆၈၉**	**၃၆၇၀၄**	**၂၆၉၈၅**	**၂၃၁၁၁**	**၄၂၂၄**	**၃၅၀**

မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက် ၁၉ ရပ်ကွက်၊ မဲရုံပေါင်း ၂၃၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၉၇၆၅၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၇၁၇၆၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၀၄၈၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၀၇၆၁၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

စဉ်	အကြောင်းအရာ	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
						ပျောက်ဆုံး	ပို
၁	ရပ်/ကျေး မဲလက်မှတ်	၂၈၈၉၁၂	၁၇၅၀၈၁	၁၁၃၈၃၁	၉၄၆၁၇	၂၇၃၉၈	၈၁၈၄
၂	မြို့နယ်ကြိုတင်မဲလက်မှတ်	၂၀၉၅	၂၀၉၅				
၃	မြို့နယ်လက်ကျန်မဲလက်မှတ်	၆၆၅၀		၆၆၅၀	၁၃၀၀၀		၆၃၅၀
စုစုပေါင်း		**၂၉၇၆၅၇**	**၁၇၇၁၇၆**	**၁၂၀၄၈၁**	**၁၀၇၆၁၇**	**၂၇၃၉၈**	**၁၄၅၃၄**

၉။ မြောက်ဥက္ကလာပမြို့နယ်၊ ရပ်ကွက် ၁၉ ရပ်ကွက်ရှိ မဲရုံ ၂၃၈ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၇၃၉၈ ပျောက်ဆုံးနေပြီး ၈၁၈၄ အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၆၆၅၀ ဖြစ်သော်လည်း မြေပြင်တွင် ၁၃၀၀၀ ကျန်ရှိနေသဖြင့် ၆၃၅၀ အပိုတွေ့ရှိရသည်။

၁၀။ မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ရပ်ကွက်အမည်	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
						ပျောက်ဆုံး	ပို
၁	အမှတ်(၁)ရပ်ကွက်	၁၀၀၅၃	၆၄၄၅	၃၆၀၈	၄၀၂၆		၄၁၈
၂	အမှတ်(၂)ရပ်ကွက်	၁၉၉၃၇	၁၄၁၅၇	၅၇၈၀	၄၁၇၃	၁၆၀၇	

စာမျက်နှာ ၁၈ သို့ »»

»» စာမျက်နှာ ၁၇ မှ

၃	(က)ရပ်ကွက်	၁၀၈၇၅	၆၇၁၉	၄၁၅၆	၃၈၃၀	၃၂၆	
၄	(ခ)ရပ်ကွက်	၇၉၂၉	၄၈၆၇	၃၀၆၂	၂၈၈၆	၁၇၆	
၅	(ဂ)ရပ်ကွက်	၆၂၉၆	၄၀၈၅	၂၂၁၀	၃၁၁၇		၉၀၆
၆	(ဃ)ရပ်ကွက်	၈၃၄၈	၅၃၈၈	၂၉၆၀	၃၄၅၃		၄၉၃
၇	(င)ရပ်ကွက်	၁၈၄၉၉	၉၃၉၆	၉၁၀၂	၅၇၀၂	၃၄၀၁	
၈	(စ)ရပ်ကွက်	၇၂၀၅	၅၄၀၃	၃၈၀၂	၃၀၁၀		၁၂၀၈
၉	(ဆ)ရပ်ကွက်	၁၀၈၄၄	၆၄၁၉	၄၄၂၅	၁၇၈၁	၂၆၄၄	
၁၀	(ဇ)ရပ်ကွက်	၈၆၁၁	၆၁၀၃	၂၅၀၈	၂၅၉၈		၉၀
၁၁	(ဈ)ရပ်ကွက်	၉၈၄၈	၈၈၈၈	၉၆၀	၄၂၅၇		၃၂၉၇
၁၂	(ဉ)ရပ်ကွက်	၂၂၇၂၂	၃၃၄၄	၉၂၇၈	၄၇၁၃	၄၅၆၅	
၁၃	(ဋ)ရပ်ကွက်	၁၄၅၀၀	၁၁၀၄၈	၃၃၅၁	၄၉၂၄		၁၅၅၇
၁၄	(ဌ)ရပ်ကွက်	၄၅၂၄	၂၅၈၃၆	၁၉၄၀၄	၁၀၈၄၄	၈၅၁၀	
၁၅	ကျောက်ရေတွင်းရပ်ကွက်	၇၈၉၀	၄၉၉၅	၂၈၉၅	၁၈၁၃	၁၀၈၂	
၁၆	တံတားကြီးရပ်ကွက်	၄၉၅၀	၃၀၉၇	၁၈၅၃	၁၆၀၃	၂၅၀	
၁၇	ပုရွက်ဆိတ်ကုန်းရပ်ကွက်	၂၈၀၀	၁၈၂၈	၉၇၂	၁၁၇၂		၂၀၀
၁၈	ဝေဘာဂီမြို့သစ်ရပ်ကွက်	၁၃၁၉၃	၇၂၈၉	၅၉၀၄	၂၆၂၁	၃၂၈၃	
၁၉	ရွှေပေါက်ကံမြို့သစ်ရပ်ကွက်	၅၉၁၇၂	၂၉၅၇၄	၂၉၅၉၈	၂၈၀၄၄	၁၅၅၄	
	ရပ်ကွက်ချုပ်စုစုပေါင်း	**၂၈၈၉၁**	**၁၇၅၀၈၁**	**၁၁၃၈၈၁**	**၉၄၆၁၇**	**၂၇၃၉၈**	**၈၁၈၄**
	မြို့နယ်ကြိုတင်မဲလက်မှတ်	၂၀၉၅	၂၀၉၅				
	မြို့နယ်လက်ကျန်မဲလက်မှတ်	၆၆၅၀		၆၆၅၀	၁၃၀၀၀		၆၃၅၀
	မြို့နယ်ချုပ်စုစုပေါင်း	**၂၉၇၆၅၇**	**၁၇၇၁၇၆**	**၁၂၀၄၈၁**	**၁၀၇၆၁၇**	**၂၇၃၉၈**	**၁၄၅၄**

ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ မဲရုံပေါင်း ၃၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၆၁၄၆၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၂၂၉ ဖြစ်ပြီး၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၉၁၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၂၅၃၀ ဖြစ်ကြောင်း စီစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိပြီး စီစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အကြောင်းအရာ	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက် ပျောက်ဆုံး	ပို
၁	ရပ်/ကျေးမဲလက်မှတ်	၃၄၂၅၀	၂၂၀၉၄	၁၂၁၅၆	၁၁၈၇၃	၄၇၀	၁၈၇
၂	မြို့နယ်မဲလက်မှတ်	၁၈၉၆	၁၁၃၅	၇၆၁	၆၅၇	၁၀၄	
စုစုပေါင်း		**၃၆၁၄၆**	**၂၂၂၂၉**	**၁၂၉၁၇**	**၁၂၅၃၀**	**၅၁၄**	**၁၈၇**

၁၂။ ဗိုလ်တထောင်မြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်ရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၄၇၀ ရွက်လျော့နည်းပျောက်ဆုံးနေပြီး ရပ်ကွက် ၈ ရပ်ကွက်ရှိ မဲရုံများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသည့် မဲလက်မှတ်အရေအတွက်ထက် ၁၈၇ ပိုမိုအသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၇၆၁ ဖြစ်သော်လည်း မြေပြင်တွင် ၆၅၇ ကျန်ရှိနေသဖြင့် မဲလက်မှတ်အရေအတွက် ၁၀၄ လျော့နည်းပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

စဉ်	ရပ်ကွက်အမည်	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက် ပျောက်ဆုံး	ပို
၁	အမှတ်(၁)ရပ်ကွက်	၁	၁၃၅၀	၈၉၉	၄၅၁	၄၅၁		
၂	အမှတ်(၂)ရပ်ကွက်	၇	၆၄၀၀	၄၅၃၂	၁၈၆၈	၁၆၃၃	၂၃၅	
၃	အမှတ်(၃)ရပ်ကွက်	၃	၂၅၅၀	၁၈၄၈	၇၀၂	၇၁၀		၈
၄	အမှတ်(၄)ရပ်ကွက်	၃	၃၄၀၀	၂၁၀၀	၁၁၈၀	၁၁၈၇		၇
၅	အမှတ်(၅)ရပ်ကွက်	၃	၃၂၀၀	၁၈၇၃	၁၃၂၇	၁၁၃၉	၁၈၈	-
၆	အမှတ်(၆)ရပ်ကွက်	၃	၃၀၅၀	၁၇၉၇	၁၂၅၃	၁၃၃၃		၈၀
၇	အမှတ်(၇)ရပ်ကွက်	၄	၂၈၀၀	၁၄၄၄	၁၄၄၃	၁၃၅၆	၄၇	
၈	အမှတ်(၈)ရပ်ကွက်	၅	၃၄၅၀	၁၉၀၇	၁၅၄၃	၁၅၆၆		၂၃
၉	အမှတ်(၉)ရပ်ကွက်	၂	၁၇၀၀	၁၁၀၄	၅၉၆	၆၄၉		၅၃
၁၀	အမှတ်(၁၀)ရပ်ကွက်	၅	၅၃၀၀	၃၆၀၀	၁၇၀၀	၁၇၁၄		၁၄
၁၁	ရဲရိပ်သာရပ်ကွက်	၁	၆၀၀	၄၄၅	၁၅၅	၁၅၆		၁
၁၂	ဆိပ်ကမ်းမိသားစုရိပ်သာရပ်ကွက်	၁	၅၅၀	၄၁၂	၁၃၈	၁၃၉		၁
	ရပ်ကွက်ချုပ်စုစုပေါင်း	**၃၈**	**၃၄၂၅၀**	**၂၂၀၉၄**	**၁၂၁၅၆**	**၁၁၈၇၃**	**၄၇၀**	**၁၈၇**
	မြို့နယ်မဲလက်မှတ်		**၁၈၉၆**	**၁၁၃၅**	**၇၆၁**	**၆၅၇**	**၁၀၄**	
	မြို့နယ်ချုပ်စုစုပေါင်း		**၃၆၁၄၆**	**၂၂၂၂၉**	**၁၂၉၁၇**	**၁၂၅၃၀**	**၅၁၄**	**၁၈၇**

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၄။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄ အုပ်စု၊ မဲရုံစုစုပေါင်း ၂၈၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၉၉၀၀၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၆၃၂၂၂၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၅၂၆၄ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၁၃၄၆၄ ဖြစ်ကြောင်း စီစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် ပျောက်ဆုံးမဲလက်မှတ်များတွေ့ရှိရပြီး စီစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အကြောင်းအရာ	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက် ပျောက်ဆုံး	ပို
၁	ရပ်/ကျေးမဲလက်မှတ်	၂၉၁၅၀၀	၁၄၆၂၂၂	၁၅၂၆၄	၁၃၄၆၄	၁၈၀	
၂	မြို့နယ်ကြိုတင်မဲလက်မှတ်	၉၆၆	၉၆၆				
၃	မြို့နယ်မဲလက်ကျန်	၅၄၀		၅၄၀	၅၄၀		
စုစုပေါင်း		**၂၉၉၀၀၆**	**၁၄၆၂၂၂**	**၁၅၂၆၄**	**၁၃၄၆၄**	**၁၈၀**	

၁၅။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄ အုပ်စုရှိ မဲရုံ ၂၈၇ ရုံ တို့တွင် မဲလက်မှတ်အရေအတွက် ၁၉၀၁၂ ပျောက်ဆုံးနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိနေသည့် မဲလက်မှတ်အရေအတွက် ၅၄၀ ကို အသစ်အတိုင်း စစ်ဆေးတွေ့ရှိရသည်။

၁၆။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ရပ်/ကျေးရွာအုပ်စု	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက် ပျောက်ဆုံး	ပို
၁	အမှတ် (၉) ရပ်ကွက်	၁၉၈၇၀	၁၁၄၁၂	၈၄၅၈	၇၈၂၂	၆၃၆	
၂	အမှတ် (၁၃) ရပ်ကွက်	၁၀၈၀၀	၅၁၉၃	၅၆၀၇	၄၃၁၂	၁၂၉၅	
၃	အမှတ် (၁၄) ရပ်ကွက်	၁၈၉၅၀	၁၀၆၀၆	၈၃၄၄	၆၆၂၉	၁၇၁၅	
၄	အမှတ် (၁၆) ရပ်ကွက်	၂၂၆၅၀	၁၆၀၈၃	၁၀၃၃၆	၉၀၃၆	၁၇၀၄	
၅	အမှတ် (၁၉) ရပ်ကွက်	၂၆၉၅၀	၁၃၄၆၃	၁၃၄၈၇	၁၃၄၈၇	၁၀၆	
၆	အပြင်ပဒံကျေးရွာ	၁၄၄၅၀	၇၃၀၄	၆၈၃၈	၆၈၃၈	၄၆၆	
၇	အတွင်းပဒံကျေးရွာ	၁၈၀၀၀	၇၉၅၆	၁၀၀၄၄	၉၄၉၉	၅၄၅	
၈	ကုလားကြီးစုကျေးရွာ	၁၆၀၀၀	၈၃၂၄	၇၆၇၆	၆၇၈၂	၈၉၄	
၉	အမှတ် (၁၀) ရပ်ကွက်	၁၅၈၀၀	၈၄၅၇	၇၃၄၃	၅၉၅၂	၁၉၅၁	
၁၀	အမှတ် (၁၁) ရပ်ကွက်	၂၀၆၀၀	၁၀၈၈၁	၁၀၅၁၉	၉၀၁၅	၁၅၀၄	
၁၁	အမှတ် (၁၂) ရပ်ကွက်	၁၅၃၀၀	၈၅၀၅	၆၇၉၅	၆၄၃၀	၃၆၅	
၁၂	အမှတ် (၁၇) ရပ်ကွက်	၃၂၅၀	၁၆၀၄	၁၆၀၄	၁၆၀၄		
၁၃	အမှတ် (၁၈) ရပ်ကွက်	၂၁၁၅၀	၁၁၁၁၆	၁၀၀၃၄	၇၅၅၉	၂၄၇၅	
၁၄	အမှတ် (၂၀) ရပ်ကွက်	၃၈၉၈၀	၁၇၃၁၁	၂၀၆၆၉	၁၉၅၆၄	၂၀၀၅	
၁၅	အလယ်ကျေးရွာ	၃၅၂၅၀	၁၃၀၆၆	၂၂၁၈၄	၁၉၉၅၂	၂၂၃၂	
	ရပ်ကျေးချုပ်စုစုပေါင်း	**၂၉၅၅၀၀**	**၁၄၂၁၈၄**	**၁၅၂၁၄၄**	**၁၃၄၆၄**	**၁၉၀၁၂**	**၁၈၀**
	မြို့နယ်ကြိုတင်မဲ	**၉၆၆**	**၉၆၆**				
	မြို့နယ်မဲလက်ကျန်	**၅၄၀**		**၅၄၀**	**၅၄၀**		
	မြို့နယ်ချုပ်စုစုပေါင်း	**၂၉၉၀၀၆**	**၁၄၆၂၂၂**	**၁၅၂၆၄**	**၁၃၄၆၄**	**၁၉၀၁၂**	**၁၈၀**

ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၇။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်တွင် ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ မဲရုံပေါင်း ၁၈၀၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲအရေအတွက်မှာ ၁၀၆၂၀၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၈၉၉၃၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၇၂၁၅ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၃၄၀၅၅ ဖြစ်ကြောင်း စီစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စီစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	အကြောင်းအရာ	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက် ပျောက်ဆုံး	ပို
၁	ရပ်/ကျေးမဲလက်မှတ်	၉၆၉၀၀	၆၈၆၂၃	၂၈၂၇၇	၂၅၁၁၇	၃၆၇၉	၅၁၉
၂	မြို့နယ်မဲလက်မှတ်	၉၃၀၈	၃၇၀	၈၉၃၈	၈၉၃၈		
စုစုပေါင်း		**၁၀၆၂၀၈**	**၆၈၉၉၃**	**၃၇၂၁၅**	**၃၄၀၅၅**	**၃၆၇၉**	**၅၁၉**

၁၈။ ကွမ်းခြံကုန်းမြို့နယ်၊ ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စုရှိ မဲရုံပေါင်း ၁၈၀ တို့တွင် မဲလက်မှတ်အရေအတွက် ၃၆၇၉ ပျောက်ဆုံးနေပြီး ၅၁၉ ပိုနေသည်ကို စီစစ်တွေ့ရှိရသည်။

ကွမ်းခြံကုန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ရပ်ကွက်/ကျေးရွာအုပ်စု	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက် ပျောက်ဆုံး	ပို
၁	မြို့မရပ်ကွက်	၄	၂၉၀၀	၂၂၃၃	၆၇၅	၆၈၁		၄
၂	ကံကြီး/မကျီးရပ်ကွက်	၅	၂၇၅၀	၂၀၃၅	၇၁၃	၆၆၃	၅၀	
၃	ဈေးပိုင်းရပ်ကွက်	၁	၄၅၀	၃၆၅	၈၅	၈၅		
၄	တောင်ဘက်ပိုင်းရပ်ကွက်	၅	၃၅၅၀	၂၄၇၀	၁၀၈၀	၉၇၆	၁၀၄	
၅	မင်းပိုင်းရပ်ကွက်	၂	၁၃၀၀	၈၃၉	၄၆၁	၄၁၁	၅၀	
၆	တော်ပုလွဲရပ်ကွက်	၁	၁၀၅၀	၈၃၄	၂၁၆	၂၁၆		
၇	စံပြရပ်ကွက်	၃	၂၂၅၀	၁၇၀၉	၆၄၁	၆၄၁		
၈	ကမာပါကျေးရွာအုပ်စု	၆	၃၈၅၀	၂၉၁၀	၉၄၀	၉၄၀		
၉	တိုက်ကြီးကျေးရွာအုပ်စု	၃	၁၆၅၀	၁၂၄၄	၄၀၆	၄၅၆		၅၀

စာမျက်နှာ ၁၉ သို့ »»

၃၅	ဆူးကလပ်ကျေးရွာအုပ်စု	၂	၈၅၀	၆၈၀	၁၇၀	၁၇၀		
၁၁	ဆိပ်ကြီးကျေးရွာအုပ်စု	၂	၁၁၀၀	၈၀၂	၂၉၈	၂၉၆	၂	
၁၂	ညောင်ဦးကျေးရွာအုပ်စု	၂	၉၀၀	၆၄၇	၂၀၃	၂၀၃	၅၀	
၁၃	တော်ခရမ်းအနောက်ကျေးရွာအုပ်စု	၆	၃၅၀	၂၇၅၉	၇၉၁	၇၉၁		
၁၄	တောကျောင်းကျေးရွာအုပ်စု	၆	၂၃၅၀	၁၆၃၇	၇၁၃	၆၀၄	၁၀၉	
၁၅	တော်ခရမ်းလေးကျေးရွာအုပ်စု	၅	၃၉၀၀	၂၅၂၅	၁၃၇၅	၁၃၇၅		
၁၆	ထီဖာကျေးရွာအုပ်စု	၄	၁၆၀၀	၁၀၅၆	၅၄၄	၄၉၆	၄၈	
၁၇	ဒေးဒနောကျေးရွာအုပ်စု	၃	၂၀၀၀	၁၀၅၂	၉၄၈	၃၉၆	၅၅၂	
၁၈	ပေကုန်းကျေးရွာအုပ်စု	၂	၈၀၀	၆၂၀	၁၈၀	၁၈၀		
၁၉	မန်းကလိပ်ကျေးရွာအုပ်စု	၅	၂၄၀၀	၁၈၅၀	၅၅၀	၄၄၅	၁၀၅	
၂၀	မရမ်းကျေးရွာအုပ်စု	၃	၁၄၀၀	၁၁၇၅	၂၂၅	၂၂၅		
၂၁	ရေတိမ်ကျေးရွာအုပ်စု	၂	၇၀၀	၅၁၄	၁၈၆	၂၃၆		၅၀
၂၂	ဝါးကောက်တောကျေးရွာအုပ်စု	၃	၁၄၅၀	၁၀၅၀	၄၀၀	၄၀၀		
၂၃	သုံးခွကျေးရွာအုပ်စု	၄	၁၈၀၀	၁၂၉၁	၅၀၉	၄၀၉	၁၀၀	
၂၄	သပြုစမ်းကျေးရွာအုပ်စု	၃	၁၃၀၀	၈၁၈	၄၈၂	၃၃၂	၁၅၀	
၂၅	အင်္လုံးကျေးရွာအုပ်စု	၆	၂၉၀၀	၂၀၉၉	၈၀၁	၈၀၄		၃
၂၆	ကေဘွဒွန်းကျေးရွာအုပ်စု	၃	၁၂၅၀	၈၉၉	၃၅၁	၃၅၁		
၂၇	ကန်လျားရှည်ကျေးရွာအုပ်စု	၅	၂၇၅၀	၂၂၀၆	၅၄၄	၅၄၄		
၂၈	ကရင်ချောင်ကျေးရွာအုပ်စု	၃	၁၀၀၀	၇၈၈	၂၁၂	၂၁၂		
၂၉	ကညင်ကုန်းကျေးရွာအုပ်စု	၅	၃၃၀၀	၂၃၂၄	၉၇၆	၆၇၈	၂၉၈	
၃၀	ကြခတ်ကုန်းကြီးကျေးရွာအုပ်စု	၃	၂၀၀၀	၁၄၀၇	၅၉၃	၄၄၃	၁၅၀	
၃၁	ကြခတ်ကုန်းလေးကျေးရွာအုပ်စု	၄	၁၇၀၀	၁၂၈၆	၄၁၄	၄၁၄		
၃၂	ကန့်မလာကျေးရွာအုပ်စု	၃	၁၂၀၀	၅၈၇	၆၁၃	၃၆၃	၂၅၀	
၃၃	ခလောက်တရာကျေးရွာအုပ်စု	၆	၃၃၅၀	၂၂၅၁	၁၀၉၉	၈၄၈	၂၅၁	
၃၄	ငှက်ကြီးဒေါင်းကျေးရွာအုပ်စု	၃	၁၀၀၀	၇၁၈	၂၈၂	၂၈၀	၂	

»» စာမျက်နှာ ၁၈ မှ

၃၅	တော်ခရမ်းအရှေ့ကျေးရွာအုပ်စု	၄	၂၁၅၀	၁၄၃၉	၇၁၁	၅၁၁	၂၀၀	
၃၆	တောင်ကုန်းကျေးရွာအုပ်စု	၅	၂၅၅၀	၁၉၀၃	၆၄၇	၅၄၇	၁၀၀	
၃၇	တော်ကူးအရှေ့ကျေးရွာအုပ်စု	၃	၁၉၀၀	၁၄၈၈	၄၁၂	၄၁၀	၂	
၃၈	တော်ကူးအနောက်ကျေးရွာအုပ်စု	၆	၂၀၀၀	၁၃၅၃	၆၄၇	၆၄၇		
၃၉	တော်ပြာကျေးရွာအုပ်စု	၁	၆၅၀	၄၈၅	၁၆၅	၁၇၇		၁၂
၄၀	တော်လန်းကျေးရွာအုပ်စု	၃	၂၀၅၀	၁၂၈၂	၇၆၈	၅၆၄	၂၀၄	
၄၁	တော်ခလူးကျေးရွာအုပ်စု	၃	၁၄၀၀	၁၁၄၅	၂၅၅	၂၅၅		
၄၂	ဒရယ်လူးကျေးရွာအုပ်စု	၃	၁၇၀၀	၁၂၄၂	၄၅၈	၄၀၈	၅၀	
၄၃	ဝီလခတ်ကျေးရွာအုပ်စု	၅	၃၃၅၀	၂၂၈၁	၁၀၆၉	၈၆၉	၂၀၀	
၄၄	ပကောက်ကျေးရွာအုပ်စု	၂	၁၂၀၀	၇၈၁	၄၁၉	၂၆၉	၁၅၀	
၄၅	မှော်ဘီကျေးရွာအုပ်စု	၃	၁၄၅၀	၉၂၉	၅၂၁	၃၇၁	၁၅၀	
၄၆	မယ်ရကုန်းကျေးရွာအုပ်စု	၂	၈၀၀	၄၅၆	၃၄၄	၃၄၄		
၄၇	လက်ခုပ်ကုန်းကျေးရွာအုပ်စု	၄	၂၅၀၀	၁၄၂၄	၁၀၇၆	၇၇၆	၃၀၀	
၄၈	ဝက်ကိုက်ကျေးရွာအုပ်စု	၈	၄၀၅၀	၂၈၃၉	၁၂၁၁	၁၆၁၁		၄၀၀
၄၉	သဲကုန်းတန်းကျေးရွာအုပ်စု	၂	၇၅၀	၄၅၂	၂၉၈	၂၉၈		
၅၀	သောင်ခုန်ကျေးရွာအုပ်စု	၃	၂၀၀၀	၁၄၅၂	၅၄၈	၄၉၆	၅၂	
	ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း	၁၈၀	၉၆၉၀၀	၆၈၆၂၃	၂၈၂၇၇	၂၄၁၁၇	၃၆၇၉	၅၁၉
	မြို့နယ်မဲလက်ကျန်		၉၃၀၈	၃၇၀	၈၉၃၈	၈၉၃၈		
	မြို့နယ်ချုပ်စုစုပေါင်း		၁၀၆၂၀၈	၆၈၉၉၃	၃၇၂၁၅	၃၄၀၅၅	၃၆၇၉	၅၁၉

၁၉။ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာအုပ်စု မဲရုံအမှတ်(၃)တွင် မဲဆန္ဒရှင် ၉၇၁ ဦး အနက် ၇၅၁ ဦးမှာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေပြီး အစုလိုက်အပြုံလိုက် မဲပေးထားကြောင်း စိစစ်တွေ့ရှိရသည်။ ထိုမဲပေးထားသူများမှာ သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲ ဥပဒေပါ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအရည်အချင်းများနှင့်ကိုက်ညီမှုမရှိသည့်အပြင် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ ဖြစ်ကြောင်း စိစစ်ထားခြင်းမရှိဘဲ မဲစာရင်းတွင်ထည့်သွင်း မဲပေးခွင့်ပြုခဲ့သည်ကို တွေ့ရှိရသည်။ (မဲပေးခွင့်ပြုခဲ့သည့် ပုံစံ(၁)မဲဆန္ဒရှင်စာရင်းများအနက် နမူနာ ၃ ရွက်ကို ပူးတွဲဖော်ပြထားပါသည်။)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၂၀ သို့ »»

»»» စာမျက်နှာ ၁၉ မှ

ပုံစံ(၁)

လွှတ်တော်အမျိုးသားကော်ပွဲခံဆေးရွှင်စာရင်း၊
၂၀၂၁ ခုနှစ်၊ ဖြည့်သွင်းသူလွှတ်တော်ဆေးရွှင်ဖယ် ဖဆေးရွှင်စာရင်း၊
(နည်းပွဲဝင်ရေး ၄)
ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူလွှတ်တော်ဆေးရွှင်ဖယ် (ကွမ်းဖြူကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းဖြူကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တက်ခရမ်းဆေးရောက်ရွှေဘုရားမြေ
မဲရုံအမှတ် - ဆေး-၀၃၊ ယာယီမဲရုံ

မဲဆေးရွှင်စာရင်း (၅၇၁) ဦး - ကျား (၃၄၅) ဦး - မ (၃၁၄) ဦး

စဉ်	ဆေးမဲလောင်းပိုင်နိုင်ပြုအမည်	ကျား/မ	မွေးသည့်ခုနှစ်	မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	လိုပြီးဆေးလိုက်ပြီ ဘို့ လက်မှတ်ထိုးခြင်း
၅၅၁	ဒေါ်အရာတီ	မ	၁၃-၀၁-၁၉၅၅	မရှိ	ဦးဆန္ဒာ	ဒေါ်ခြံသစ်ထီ	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၅၂	ဦးစက်မြဲ	ကျား	၃၁-၀၆-၁၉၈၁	မရှိ	ဦးမိုတ္တ	ဒေါ်ဘုန္ဓသီ	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၅၃	ဦးမောင်မောင်ညီ	ကျား	၃၁-၀၆-၁၉၈၁	မရှိ	ဦးမိုးမိုးဝင်း(မ)တုတ်၊	မစိုးစန်းမြင့်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၅၄	ဦးမျိုးဝင်း	ကျား	၃၁-၀၆-၂၀၀၀	မရှိ	ဦးမိုးမိုးဝင်း(မ)တုတ်၊	စစ်စန်းမြင့်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၅၅	ခင်ဇာဝိုင်ဝင်း	မ	၃၁-၀၆-၁၉၇၅	မရှိ	ဦးမိုးမိုးဝင်း(မ)တုတ်၊	ဒေါ်စန်းမြင့်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၅၆	ဦးမိုးဝင်းလှ	ကျား	၃၁-၀၆-၁၉၆၉	မရှိ	ဦးမိုးမိုးဝင်း(မ)တုတ်၊	ဒေါ်စန်းမြင့်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၅၇	ဦးမိမိဝင်း(မ)တုတ်၊	ကျား	၃၁-၀၆-၁၉၆၃	မရှိ	ဦးဆုမင်းကြီး	ဒေါ်သုန်မြင့်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၅၈	ဒေါ်စန်းမြင့်	မ	၃၁-၀၆-၁၉၆၃	မရှိ	ဦးသုတင်	ဒေါ်ခိုင်မွတ်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၅၉	ဦးဘုရှိခိုး	ကျား	၃၁-၀၆-၁၉၆၃	မရှိ	ဦးမေး	ဒေါ်ဆေးကွမ်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၆၀	ဒေါ်ငြိမ့်	မ	၀၉-၀၃-၁၉၇၉	၇/ကဆက(နိုင်)၁၂၄၄၀	ဦးဝံစံ	ဇော်စန်း	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	

ဆေးရုံဆေးရုံး၊
ရပ်ကွက်/ကျေးရွာအုပ်စုဆေးကော်ပွဲတက်ရောက်ခဲ့သည်

ဆေးရုံဆရာ - ဒေါက်တာ

ဒိုင်ရိုက်တာ
ရပ်ကွက်/ကျေးရွာအုပ်စုဆေးကော်ပွဲတက်ရောက်ခဲ့သည်

ပုံစံ(၁)

လွှတ်တော်အမျိုးသားကော်ပွဲခံဆေးရွှင်စာရင်း၊
၂၀၂၁ ခုနှစ်၊ ဖြည့်သွင်းသူလွှတ်တော်ဆေးရွှင်ဖယ် ဖဆေးရွှင်စာရင်း၊
(နည်းပွဲဝင်ရေး ၄)
ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူလွှတ်တော်ဆေးရွှင်ဖယ် (ကွမ်းဖြူကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းဖြူကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တက်ခရမ်းဆေးရောက်ရွှေဘုရားမြေ
မဲရုံအမှတ် - ဆေး-၀၃၊ ယာယီမဲရုံ

မဲဆေးရွှင်စာရင်း (၅၇၁) ဦး - ကျား (၃၄၅) ဦး - မ (၃၁၄) ဦး

စဉ်	ဆေးမဲလောင်းပိုင်နိုင်ပြုအမည်	ကျား/မ	မွေးသည့်ခုနှစ်	မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	လိုပြီးဆေးလိုက်ပြီ ဘို့ လက်မှတ်ထိုးခြင်း
၅၆၁	ဦးချိုမော်ဆိုက်	ကျား	၁၀-၀၂-၁၉၉၃	၁၂/ဘလန(နိုင်)၀၉၄၁၁၀	ဦးဘကော်ဆောင်း	ဒေါ်ဟာစိန်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၆၂	ဒေါ်နီနီဝင်း	မ	၁၅-၀၅-၁၉၇၆	မရှိ	ဦးအောင်အောင်	ဒေါ်အမာစိန်	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၆၃	ဒေါ်မွေးမွေးမိုး	မ	၁၂-၀၁-၁၉၇၀	မရှိ	ဦးမောင်	ဒေါ်ဖို	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၆၄	ဦးနိုင်ဝင်း	ကျား	၀၇-၀၅-၂၀၀၀	မရှိ	ဦးဟန်ဝင်	ဒေါ်မွေးမွေးမိုး	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၆၅	ဦးဘကျော်	ကျား	၀၄-၀၈-၁၉၇၈	မရှိ	ဦးဘထောင်	ဒေါ်ဖြိုးဖြိုး	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၆၆	ဦးနိုင်ဝင်းလှ	ကျား	၈၈-၀၅-၁၉၆၅	မရှိ	ဦးဟန်ကျော်	ဒေါ်မွေးမွေးမိုး	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၆၇	ဦးနိုဝဏ်း	ကျား	၂၀-၀၆-၁၉၆၃	မရှိ	ဦးမိုးဝိုး	ဒေါ်ခိုင်ဝတီ	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၆၈	ဒေါ်သန္တာဆား	မ	၂၀-၀၆-၁၉၆၃	မရှိ	ဦးအုန်းဘဝ	ဒေါ်ခိုးဝ	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	၄ ၃၃:
၅၆၉	ဦးချိုဖေ၊	ကျား	၂၀-၀၆-၁၉၆၃	မရှိ	ဦးဝင်းဝံး	ဒေါ်မြို့	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	
၅၇၀	ဦးဆေးမိုး	ကျား	၁၇-၀၅-၁၉၆၈	မရှိ	ဦးချိုဝင်း	ဒေါ်နီနီဝင်း	ဆေး-၀၃၊ အမှတ်(၃)၊ ဝတ်ခြံဘု ဝတ်ခြံဘု	

ဆေးရုံဆေးရုံး၊
ရပ်ကွက်/ကျေးရွာအုပ်စုဆေးကော်ပွဲတက်ရောက်ခဲ့သည်

ဆေးရုံဆရာ - ဒေါက်တာ

ဒိုင်ရိုက်တာ
ရပ်ကွက်/ကျေးရွာအုပ်စုဆေးကော်ပွဲတက်ရောက်ခဲ့သည်

ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၀

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့ဉာန္တယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ စစ်သည် အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ပေါင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ချင်းပြည်နယ် ဟားခါးမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း လေးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၊ ချင်းပြည်နယ် ဟားခါးမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ငါးကျောင်းရှိ သံဃာတော်များနှင့် သာသနာ့ဉာန္တယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်း

ကော့သောင်း မတ် ၂၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကျန်းမာရေးဌာနသို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများအား ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက လှူဒါန်းရာ ကော့သောင်းမြို့နယ်မှ တာဝန်ရှိသူများက ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ယမန်နေ့ နံနက်ပိုင်းက သွားရောက်လွှဲပြောင်းလက်ခံရယူခဲ့ကြကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာငွေကျပ် ၁၈၃ သိန်း ၉ ထောင် ခန့်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်း ၁၂ မျိုးအား ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ထိုင်းနိုင်ငံ ရနောင်းခရိုင် ဆရာဝန်ကြီးက လွှဲပြောင်းပေးအပ်လှူဒါန်းရာ ကော့သောင်းမြို့နယ်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကော့သောင်းခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်နှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံ ရနောင်းခရိုင် ဟင်းဦရပ်ကွက် ရေနက်ဆိပ်ကမ်း နားနေဆောင်တွင် သွားရောက်လက်ခံရယူခဲ့ကြခြင်းဖြစ်သည်။

ကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ကြပ်မတ်သတိပြုဆောင်ရွက်လျက်ရှိရာ ကော့သောင်းမြို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ထိုင်းနိုင်ငံ တောင်ပိုင်းမြို့နယ်တစ်ခုဖြစ်သည့် ရနောင်းခရိုင်မှ တာဝန်ရှိသူများအနေဖြင့်လည်း အိမ်နီးချင်းကောင်းပီသစွာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများကို နယ်စပ်တစ်လျှောက် အတူတကွ ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၁၅)ကြိမ်မြောက် ထွက်ခွာ

နေပြည်တော် မတ် ၂၀

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများနှင့် ဆေးမှူးဆရာဝန်များ ပါဝင်သော ဆေးအဖွဲ့များက ပါဝင်ကူညီတာဝန်ထမ်းဆောင်လျက်ရှိသည်။

အဆိုပါ လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် (၁၄)ကြိမ်မြောက် အဖြစ် သွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးဆရာဝန်များ စုစုပေါင်း ၄၀ နှင့် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေက သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။ ထို့နောက် သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းတပ်ဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်သည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက ဆေးဝန်ထမ်းအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များတွင် မေ့ဆေးပါရဂူ ဒါးဦး၊ ရောဂါဗေဒပါရဂူ တစ်ဦး၊ ခွဲစိတ်ပါရဂူ တစ်ဦး၊ ဓာတ်မှန်ပါရဂူ နှစ်ဦး၊ ဆေးမှူးဆရာဝန် သုံးဦးနှင့် သူနာပြုအရာရှိ ၂၆ ဦး စုစုပေါင်း ၃၈ ဦးတို့ ပါဝင်ပြီး ၎င်းတို့သည် အများပြည်သူများ အခက်အခဲကြုံတွေ့ပြီး စိုးရိမ်စိတ်များ မြင့်တက်နေချိန်တွင် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်၊ ကုသနိုင်ရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်မှ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လေးခန်းတွဲ လေထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

ဆီဆိုင် မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ရှိ ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရေးအတွက် ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက် ဆီဆိုင်-လွှိုင်ကော် ပြည်ထောင်စုလမ်းမကြီးဘေးမြေ နေရာ၌ ဆောင်ရွက်လျက်ရှိသော လေးခန်းတွဲ၊ လေးထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ တည်ဆောက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ရာ လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် မတ် ၁၉ ရက် နံနက် ၈ နာရီခွဲက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုရာ မြို့နယ်အဆင့် တည်ဆောက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် သန်း ၃၃၀ ဖြင့် အလျား ၆၁ ဒသမ ၅ ပေ၊ အနံ ၅၁ ပေရှိ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို တင်ဒါအောင်မြင်သည့် Million Effect Co.,Ltd. က ဧန်နဝါရီ ၈ ရက်တွင် စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း တည်ဆောက်မှုရာခိုင်နှုန်း ၅၀ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

မိုင်းယောင်း-မိုင်းယုကားလမ်းမ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်နီးပါးပြီးစီး

မိုင်းယု မတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့ လမ်းဦးစီးဌာနတို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်(ပြင်/ထိန်း) ခွင့်ပြုရန်ပုံငွေများဖြင့် မိုင်းယောင်း-မိုင်းယု ကားလမ်းမ ကတ္တရာထပ်ပိုးလွှာခင်းကျင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ကြရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးတော့မည် ဖြစ်သည်။

အဆိုပါ လမ်းခင်းရာတွင် မိုင်းယုမြို့ လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ(မြို့ပြ) ဦးဟန်ရည်ထွန်းက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်(ပြင်/ထိန်း) ခွင့်ပြုရန်ပုံငွေကျပ် ၁၇၁ ဒသမ ၇ သန်းဖြင့် မိုင်းယောင်း-မိုင်းယုကားလမ်းမ ၁၃ ဒသမ ၈၇ ကီလို မီတာနှင့် ၁၄ ဒသမ ၈၈ မီတာအကြား၌ လမ်းအရှည် ၁၀၁၀ မီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာနှင့် ပြည်နယ်(ပြင်/ထိန်း) ခွင့်ပြုရန်ပုံငွေကျပ် (၄၃ ဒသမ ၈)သန်းဖြင့် မိုင်းယုမြို့အဝင် မိုင်းယုမြို့အဝင် အလျား ၂၅၀ မီတာ၊ အနံ ၃ ဒသမ ၆၆ မီတာရှိသည့် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းတို့ကို အသီးသီးတာဝန်ယူလျက် ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေလျက်ရှိသည်။

မိုင်းယောင်း-မိုင်းယုကားလမ်းမသည် ယခင်က ကတ္တရာလမ်းခင်းကျင်းထားခြင်းဖြစ်ပြီး နယ်စပ်ဒေသ ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ကုန်တင်ယာဉ်များ၊ လိုင်းကားများနှင့် မော်တော်ဆိုင်ကယ်များ ရာသီမရွေးသွားလာနေသည့်အတွက် အဆိုပါ ကတ္တရာလမ်းမမှာ ချိုင့်ခွက်များနှင့် အချို့နေရာများများတွင် ပျက်စီးမှုဖြစ်ပေါ်နေလျက်ရှိ၍ လမ်းဦးစီးဌာနမှ ယခုအခါကတ္တရာထပ်ပိုးလွှာထပ်မံခင်းကျင်းရခြင်းဖြစ်ပြီး ယင်းလုပ်ငန်းကို ယခုနှစ် မတ်လကုန်တွင် အပြီးခင်း ကျင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင်(မိုင်းယု)

လှိုင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူ နှစ်ဦးက ဓားဖြင့် ဝင်ရောက်ထိုးခုတ်ရန်ကြိုးပမ်းလာသဖြင့် ခြောက်လှန့်ပစ်ခတ်၊ ဗဟန်းမြို့နယ်အတွင်း ဆူပူအကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရာတွင် အသုံးပြုသည့်ပစ္စည်းများ လက်ဝယ်ထားရှိသူများအား ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၁၉ ရက် ညပိုင်းတွင် လုံခြုံရေးလုပ်ငန်းများနှင့် လမ်းမပေါ်ရှိ အတားအဆီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ည ၁၀ နာရီခန့်၌ ဆူပူအကြမ်းဖက်သူ အမျိုးသားနှစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ဓားများကိုင်ဆောင်၍ ရန်ပြုတိုက်ခိုက်လာသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အမည်မသိအမျိုးသားနှစ်ဦးမှာ ရင်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါသေဆုံးသူတို့အား ရာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှင့်အတူ ဓာတ်ဆီမီးပုလင်း ငါးပုလင်း၊ သံတုတ် နှစ်ချောင်း၊ လေးခွ နှစ်လက်၊ အရိုးအသွား တစ်ပေခန့်ရှိ ဓားတစ်ချောင်း၊ အရိုးအသွား နှစ်ပေခန့်ရှိ ၎င်းကြီးတောင်ဓား တစ်ချောင်း၊ ဓာတ်ငွေ့ကာမျက်မှန် တစ်လက်၊ ကျောပိုးအိတ်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ အဆိုပါအကြမ်းဖက်သူအမျိုးသားအလောင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် နယ်မြေခံရဲစခန်းမှ သေမှုသေခင်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ ဗဟန်းမြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများနှင့် လမ်းမပေါ်ရှိ အတားအဆီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မတ် ၁၉ ရက် ည ၉ နာရီခန့်တွင် ကျိုက္ကဆံရပ်ကွက်၊ ဥဿဖရားလမ်းသို့အရောက်၌ မသင်္ကာသူ နှစ်ဦးအား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ အောင်ကျော်မိုး(ဘ) ဦးစု၊ ဇော်လင်းစိုး(ဘ)ဦးမြင့်စိုးတို့ဖြစ်ကြောင်း။

ဖမ်းဆီးရမိသူများကို စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၂၀)၊ ဥဿဖရားလမ်းနေ ဦးရဲမြင့်(ဘ) ဦးချစ်ဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ဦးရဲမြင့်အပါအဝင် ဒေါ်ဝင်းဝင်းကြည်၊ ကျော်ဖုန်းမြတ်တို့အား တွေ့ရှိရပြီး ၎င်းတို့၏ နေအိမ်အတွင်းမှ အထပ်သားခိုင်း ကိုးချပ်၊ စတီးခိုင်း ၁၃ ချပ်၊ သွပ်ပြားခိုင်း နှစ်ချပ်၊ ရော်ဘာတုတ် တစ်ချောင်း၊ မီးပုလင်းတစ်လုံး၊ Hand Speaker ခြောက်လုံး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးဦးထုပ် ခြောက်လုံးနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများအား အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို လက်ဝယ်ထားရှိမှုနှင့်ပတ်သက်၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိုးကုတ်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများကိုဖြိုခွဲစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ၊ ဆူပူအကြမ်းဖက်သူ အမျိုးသားတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

နေပြည်တော် မတ် ၂၀

မိုးကုတ်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများကို ဖြိုခွဲစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရပြီး ဆူပူအကြမ်းဖက်သူ အမျိုးသား တစ်ဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ မတ် ၁၉ ရက် ည ၁၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ညလှည့်ကင်းဆောင်ရွက်စဉ် မိုးကုတ်မြို့ လယ်ဦးရပ်ကွက် တောင်နီကွေ့အရောက်၌ ဆူပူအကြမ်းဖက်သူလူစုလူဝေးအင်အား ၃၀၀ ခန့်သည် လမ်းမကြီးကိုပိတ်ဆို့ကာ လက်လုပ်မိုင်း၊ လက်လုပ်မီးခိုးမိုင်း၊ လေးခွ၊ ကျောက်ခဲ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြု တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်၊ ပစ်ခတ်လူစုခွဲခဲ့ရာ ည ၁၁ နာရီ မိနစ်၂၀ တွင် လူစုကွဲသွားခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတွင် ဂျင်ကလိ၊ လေးခွ ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဆူပူအကြမ်းဖက်သူလူစု လူဝေးအတွင်းမှ လယ်ဦးရပ်ကွက်နေ နိုင်လင်းအောင် (ဘ)ဦးဌေးမှာ ဒဏ်ရာရရှိသေဆုံးခဲ့ကာ အမျိုးသား နှစ်ဦး(စိစစ်ဆဲ)မှာ ဒဏ်ရာရရှိခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုဖြစ်စဉ်တွင် သေဆုံးခဲ့သည့် နိုင်လင်းအောင်၏ သေဆုံးမှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်ထားရှိကာ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား အကြမ်းဖက်လူတစ်စုက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်

နေပြည်တော် မတ် ၂၀

ကရင်ပြည်နယ် မြဝတီမြို့နယ် ဇရပ်ဖြူကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၁၉ ရက် ည ၈ နာရီခွဲခန့်တွင် မဲပလဲကျေးရွာ ရပ်ကျေးအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးအောင်ဝင်းနှင့် ဂွေရှမ်းကျေးရွာ ရပ်ကျေးအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစိုင်းခင်ဝင်းတို့ဦးစီး၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စများနှင့်ပတ်သက်၍ ကျေးရွာသူ ကျေးရွာသား ၁၀၀ ခန့်ဖြင့် အစည်းအဝေးပြုလုပ်နေစဉ်ည ၉ နာရီခန့်၌ အရပ်ဝတ်မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားသုံးဦးက လက်နက်ငယ်များကိုင်ဆောင်ပြီး ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာကာ အစည်းအဝေးလုပ်နေသည့် ကျေးရွာသူ ကျေးရွာသားများအား ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ထိုသို့ အကြမ်းဖက်လူတစ်စု၏ ပစ်ခတ်မှုကြောင့် မဲပလဲကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးအောင်ဝင်း(ဘ)ဦးဝင်းလှိုင်၊ ဂွေရှမ်းကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစိုင်းခင်ဝင်း(ဘ)ဦးနန်းအောင်၊ ဦးကျော်လင်းဦး(ဘ)ဦးဟန်သိန်းတို့မှာ သေဆုံးသွားခဲ့ပြီး ဦးတင်လှ(ဘ) ဦးလှမောင်ဦးဘိုကေ(ဘ)ဦးလှမျိုးတို့မှာ လက်နက်ငယ်ကျည်ဆံမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်နေကြသည့် ဒေသခံပြည်သူများနှင့် တာဝန်သိဝန်ထမ်းများအပေါ် ယခုကဲ့သို့ မင်းမဲ့စရိုက်ဆန်စွာ လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သူတစ်စုအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဝိတ်ဆို့ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေပြည်တော် ပျဉ်းမနားမြို့၌ လူစုလူဝေးဖြစ်ပွားမှုအား လူစုခွဲ

နေပြည်တော် မတ် ၂၀

ပျဉ်းမနားမြို့ တောင်သာရပ်ကွက် ဘိုးဘွားရိပ်သာလမ်း၌ ယနေ့ နံနက် ၁၁ နာရီခွဲခန့်တွင် ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၁၀၀ ခန့်သည် အများပြည်သူသုံး လမ်းမကြီးအား အတားအဆီးများဖြင့်ပိတ်ဆို့ကာ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက် ထိန်းသိမ်းလူစုခွဲခဲ့ရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူဆန္ဒပြနေသော လူစုလူဝေးအား လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း အဆိုပါ လူစုလူဝေးက လိုက်နာမှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွများ၊ အုတ်ခဲများ၊ ဓာတ်ဆီပုလင်းများ မီးရှို့၍ ပစ်ပေါက်ခြင်းတို့ဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ ယွန်းလွဲ ၁၂ နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၈ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ် သုံးစီး ထိခိုက်ပျက်စီးခဲ့ပြီး ဆူပူအကြမ်းဖက်သူများ အသုံးပြုခဲ့သည့် မော်တော်ယာဉ် တစ်စီး၊ ဆိုင်ကယ် ရှစ်စီး၊ ဒိုင်း ၁၄ ခု၊ အနက်ရောင်အလံ နှစ်ခု၊ အင်ဂျင်ဝိုင်ဆီပုံး သုံးပုံး၊ အဝတ်စ တပ်ဆင်ထားသော ရေနံဆီပုလင်း ၃၅ လုံး၊ မီးသတ်ဆေးဘူး သုံးဘူးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း။

ဆူပူအကြမ်းဖက်မှုဖြစ်စဉ်အတွင်း ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဂျင်ကလိ၊ မှိန်းနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၀

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်လက်နက်ကိရိယာများ ပြုလုပ်နေကြောင်း သတင်းအရ လှည်းကူးမြို့နယ် မြို့မရပ်ကွက်နေ ယဉ်ဌေး (၅၈)နှစ် (ဘ) ဦးခင်မောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေခဲ့ရာ ယဉ်ဌေး နေထိုင်ရာ အိမ်အတွင်းမှ ဂျင်ကလိ ၄၂ ချောင်း၊ အရိုးအသွား ငါးပေခန့်ရှိ မှိန်း နှစ်ချောင်း၊ အရှည် ငါးပေခန့်ရှိ သံချွန်ငါးချောင်း၊ မီးသတ်ဆေးဘူးအခွံ တစ်ခု၊ မောင်းခလုတ်တပ်ဆင်ထားသော ဘောစ့ေထည့် ပစ်ခတ်ရသည့် Air Gun ပြုလုပ်ဆဲအပိုင်းအစ တစ်ခု၊ လေးခွ သုံးလက်၊ လောက်စလုံး ၁၀ လုံးနှင့် ခွပ်ခေါင်းနှင့် ကြယ်တံဆိပ်ပါအလံ နှစ်ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်တွင် အသုံးပြုရန် လက်လုပ်လက်နက်ကိရိယာများပြုလုပ်၍ လက်ဝယ်ထားရှိသူ ယဉ်ဌေးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပေါင်မြို့နယ်၌ ရဲစခန်းအနီး အကြမ်းဖက်မှုပြုလုပ်ရန် ချဉ်းကပ်လာသူကို သတိပေးပစ်ခတ်ရာ အမျိုးသား တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် မတ် ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရဲစခန်းအနီး အကြမ်းဖက်မှုပြုလုပ်ရန် ချဉ်းကပ်လာသူကို သတိပေးပစ်ခတ်ရာမှ အမျိုးသား တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ မတ် ၁၉ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ပေါင်မြို့နယ် ရဲစခန်းအနီးသို့ အမျိုးသား နှစ်ဦး (စီစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ် တစ်စီးသည် ဘယ်ရီဂိတ် အတားအဆီးများဖြင့် ကန့်သတ်နယ်မြေအဖြစ် ကန့်သတ်ထားသော ဧရိယာအတွင်း ကျော်လွန်ဝင်ရောက်လာပြီး ရဲစခန်းအုတ်တံတိုင်းအနီးသို့ ချဉ်းကပ်ဝင်ရောက်လာရာ ရဲစခန်းကို မီးကွင်းပစ်၍ အကြမ်းဖက်မည်ဟု မသက်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်က သတိပေးခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါဆိုင်ကယ်မှာ မော်လမြိုင်မြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း။

မောင်းနှင်ထွက်ပြေးသွားသူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ ည ၁ နာရီ ၁၅ မိနစ်ခန့်တွင် ပေါင်မြို့ ကဒုံစီးရပ်ကွက် "ရွှေငါး" စားသောက်ဆိုင်ရှေ့၌ ၎င်းတို့ နှစ်ဦး၏ ဆိုင်ကယ်သည် လဲကျနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ ဇော်အောင် (၁၈) ဦးအုန်းဟန်သည် ဒဏ်ရာရရှိသေဆုံးနေပြီး မျိုးထိုက် (၁၈) ဦးအောင်စိုးသည်ထိခိုက် ဒဏ်ရာရရှိထားသည်ကို တွေ့ရှိရသဖြင့် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း။

ဖြစ်စဉ်ပါ ဇော်အောင် သေဆုံးမှုကို ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်လျက်ရှိပြီး မျိုးထိုက်ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ရိုးသားအေးချမ်းစွာနေထိုင်သည့် ပြည်သူတစ်ဦး၏နေအိမ်အား ဆူပူအကြမ်းဖက်သူလူတစ်စုက လာရောက်ဖျက်ဆီး

နေပြည်တော် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက် ရွှေဟသံအရှေ့ပေါက်လမ်းရှိ ဒေါ်မြင့် (၁၈)ဦးလွင်ဦး၏ နေအိမ်အား မတ် ၁၉ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်က ဖျက်ဆီးနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် လူစုခွဲခြင်းများ ဆောင်ရွက်စဉ် ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ကျောက်ခဲ၊ ဓာတ်ဆီမီးပုလင်းများဖြင့်ပြန်လည်ပစ်ခတ်ခဲ့သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့စဉ် ဆူပူအကြမ်းဖက်သူများထဲမှ ပြည်မြို့ ရွာဘဲရပ်ကွက် ရွှေဟသံအရှေ့ပေါက်လမ်းနေ မောင်ထွေး (၁၈)ဦးချစ်အားနောက်ကျောချိုင်းအောက်တွင် ရော်ဘာကျည်ထိမှန်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား နယ်မြေခံ ဆေးတပ်ရင်းသို့ ပို့ဆောင် ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဖြစ်စဉ် ဖြစ်ပွားရာနေရာ အနီးတစ်ဝိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများ အသုံးပြုသည့် သံဒိုင်းကာ ငါးခု၊ မီးပုလင်း ၁၂ ပုလင်း၊ သံမှိတပ်ဆင်ထားသည့် ဆူးပါသံပြား သုံးချပ်၊ NLD အလံ နှစ်ခုတို့နှင့် အတူ အခြားပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါ ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူအား တရားဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ဦးဆောင်သူများ၊ ပါဝင်ပတ်သက်သူများအား ထပ်မံဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ တာဝန်သိပြည်သူများက အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဂူဂယ်လ် (Google) ကို မွေးဖွားသူနှစ်ဦး

"ကျွန်တော်တို့ငွေအတွက်အလုပ်လုပ်တာဆိုရင် ကုမ္ပဏီကိုရောင်းပြီး ပင်လယ်ကမ်းခြေမှာ အပန်းဖြေနေလောက်ပြီ"

ကျော်ကျော်လှိုင်

အင်တာနက် သုံးစွဲသူတိုင်းလိုလို အသုံးပြုရတဲ့ ဆာချ်အင်ဂျင် (Search Engine) ဖြစ်တဲ့ (Google) ဂူဂယ်လ်ကို စတင်တီထွင်ခဲ့သူ နှစ်ဦးကတော့ လာရီပေ့ချ် (Larry Page) နဲ့ ဆာဂျီဘရင်း (Surgey Brin) ဖြစ်ပါတယ်။ အင်တာနက်မှာ ဝက်ဘ်ဆိုက် (Website) ပေါင်း မြောက်မြားစွာ ရှိပါတယ်။ အင်တာနက်ပေါ်မှာ ကိုယ်လိုချင်တဲ့ ဝက်ဘ်ဆိုက် ခေါ် အကြောင်းအရာအချက်အလက်တွေကို အချိန်တိုတိုအတွင်း ရှာပေးနိုင်ဖို့ ဆော့ဖ်ဝဲလ်တစ်ခု လိုအပ်ပါတယ်။ ဆာချ်အင်ဂျင်ဆိုတာကတော့ အင်တာနက်မှာ ကိုယ်လိုချင်တဲ့ အချက်အလက်ကို ရှာဖွေပေးနိုင်တဲ့ ဆော့ဖ်ဝဲလ် ဖြစ်ပါတယ်။ ဆာချ်အင်ဂျင်တွေ အများကြီး ရှိပါတယ်။ ဥပမာ ရာဟူး (Yahoo)၊ ဘင်း (Bing)၊ အာတာဗစ်စတာ (Altavista)၊ ဂလက်ဆီ (Glaxy) တို့ ဖြစ်ပါတယ်။ အကောင်းဆုံးနဲ့ လူသုံးအများဆုံး ကတော့ ဂူဂယ်လ် ဖြစ်ပါတယ်။

ဂူဂယ်လ်ကို မွေးဖွားပေးခဲ့သည့် လာရီပေ့ချ်နှင့် ဆာဂျီဘရင်း။

ဂူဂယ်လ်ဟာ Google Page Ranking လို့ ခေါ်တဲ့ ဦးစားပေးစနစ်နဲ့ AI (Artificial Intelligent) လို့ခေါ်တဲ့ မှတ်ဉာဏ်အတုကို သုံးထားတဲ့အတွက် အသုံးပြုရလွယ်ကူသဖြင့် လူသုံးများရခြင်း ဖြစ်ပါတယ်။ ဦးစားပေးစနစ်ဆိုတာကတော့ အချက်အလက်တွေကို ရှာတဲ့အခါမှာ ဦးစားပေးအခဲရဆုံး ဆိုက် (Site) ကို အရင်ဆုံးဖော်ပြခြင်း ဖြစ်ပါတယ်။ ဆိုလိုတာကတော့ လူကြည့်အများဆုံးဆိုက်၊ လူသုံးအများဆုံး ဆိုက်ကို ဦးစားပေးဖော်ပြခြင်း ဖြစ်ပါတယ်။

ဂူဂယ်လ်မှာ အခကြေးငွေပေးပြီး မိမိ ဝက်ဘ်ဆိုက်ကို ရှေ့တန်းရောက်အောင် လုပ်၍ မရပါ။

ဥပမာအားဖြင့် Hotel In Yangon ကို ဂူဂယ်လ်မှာ ရိုက်လိုက်ရင် ရန်ကုန်မှာရှိတဲ့ ဟိုတယ်တွေကိုဖော်ပြပါလိမ့်မယ်။ ဖော်ပြတဲ့အခါမှာလည်း လူကြည့်အများဆုံး အစီအစဉ်အတိုင်း ဖော်ပြပါတယ်။ မှတ်ဉာဏ်အတုဆိုသည်မှာ ဂူဂယ်လ်ကို စဉ်းစားတတ်အောင် ရေးထားခြင်းဖြစ်ပါတယ်။ ဥပမာ Hotel ကို Hotal လို့ ရိုက်လိုက်ရင် အင်တာနက်သုံးနေသူက Hotel ကို Hotal လို့ မှားရိုက်တာပဲဆိုပြီး မှတ်ဉာဏ်အတုက သိပါတယ်။ Hotel ကို ဆိုလိုတာလားလို့ မေးပါလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ Hotel နဲ့ ပတ်သက်တဲ့ ဆိုက်တွေကို ဖော်ပြပါလိမ့်မယ်။ ဒါကြောင့် အင်တာနက်ပေါ်မှာ အချက်အလက်တွေကို ဂူဂယ်လ်သုံးပြီး ရှာတဲ့အခါ ကိုယ်လိုချင်တာကို အချိန်တိုအတွင်း အလွယ်တကူ ရှာဖွေနိုင်ခြင်း ဖြစ်ပါတယ်။

လာရီပေ့ချ် (Larry Page)

လာရီကို ၁၉၇၃ ခုနှစ် မတ်လ ၂၀ ရက်နေ့မှာ မစ်ချီဂန် (Michigan) ပြည်နယ်ရှိ အရှေ့လန်ဆင်းမြို့ (East Lansing) မြို့မှာ မွေးဖွားခဲ့ပါတယ်။ လာရီရဲ့ဖခင်မှာ ကားလ်ဗစ်တာပေ့ချ် (Carl Victor Page) ဖြစ်ပြီး ပီအိပ်ချ်ဒီ ရရှိထားတဲ့ မစ်ချီဂန်တက္ကသိုလ်က ကွန်ပျူတာသိပ္ပံသင်တဲ့ ပရော်ဖက်ဆာတစ်ဦး ဖြစ်ပါတယ်။ မိခင်ဖြစ်သူ ဂလိုရီယာပေ့ချ် (Gloria Page) က ကွန်ပျူတာ ဘာသာရပ်နဲ့ မဟာသိပ္ပံဘွဲ့ ရထားသူဖြစ်ပါတယ်။ ဒေတာဘေ့စ်နဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတစ်ဦး လည်းဖြစ်ပါတယ်။ ဂလိုရီယာပေ့ချ်က မိထွေး ဖြစ်ပြီး မိခင်ရင်း ဂျိုင်းစ် (Joyce) သည်လည်း ပါမောက္ခတစ်ဦး ဖြစ်ပါတယ်။ လာရီဟာ ငယ်စဉ်ကတည်းက ခေါင်းဆောင်နဲ့ ပတ်သက်တဲ့ သင်တန်းတွေကို တက္ကသိုလ်မှာ တက်ခွင့်ရပါတယ်။ စဉ်းစားတွေးခေါ်ရတာကို ဝါသနာပါသူဖြစ်ပြီး စက်ပစ္စည်းတွေ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာကို စိတ်ဝင်စားသူပါ။ ကွန်ပျူတာကို ငယ်စဉ်ကတည်းက ကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ လူ့အသိုင်းအိုင်းကို ဘယ်လိုကူညီရမလဲလို့ အမြဲစဉ်းစားနေသူတစ်ဦးပါ။ မစ်ချီဂန်တက္ကသိုလ်က ကွန်ပျူတာအင်ဂျင်နီယာနဲ့ သိပ္ပံဘွဲ့ရရှိပြီး စတန်းဖို့ဒ် တက္ကသိုလ် (Stanford University) မှ ကွန်ပျူတာ သိပ္ပံအထူးပြုနဲ့ မဟာသိပ္ပံဘွဲ့ ရရှိခဲ့ပါတယ်။

ဆာဂျီဘရင်း (Sergey Brin)

ဆာဂျီဘရင်းကို ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့ မော်စကိုမြို့မှာ မွေးဖွားခဲ့ပါတယ်။ အသက် ခြောက်နှစ်ရောက်မှ အမေရိကန်ကို ရောက်လာသူ ဖြစ်ပါတယ်။ ဖခင်က မိုက်ကယ်ဘရင်း (Michael Brin) ဖြစ်ပြီး ပီအိပ်ချ်ဒီဘွဲ့ ရရှိထားသူတစ်ဦး ဖြစ်ပါတယ်။ မာရီလန်းတက္ကသိုလ် (Maryland University) က သချာပါမောက္ခတစ်ဦးလည်း ဖြစ်ပါတယ်။ မိခင်က ယူဂျင်နီးယားဘရင်း (Eugenia Brin) ဖြစ်ပြီး နာဆာ (NASA) က သိပ္ပံပညာရှင်တစ်ဦး ဖြစ်ပါတယ်။ အဘိုးကလည်း သချာပါမောက္ခတစ်ဦး ဖြစ်ပါတယ်။ ဆာဂျီဘရင်းဟာ သချာအထူးကျွမ်းကျင်သူဖြစ်ပြီး ပုစ္ဆာတွေကို ဖြေရှင်းတာ အလွန်ဝါသနာပါသူ ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ် မေလမှာ မာရီလန်းတက္ကသိုလ်ကနေ ကွန်ပျူတာအင်ဂျင်နီယာ (Computer Engineering) ဘွဲ့ကို ရခဲ့ပါတယ်။ စတန်းဖို့ဒ် တက္ကသိုလ် (Stanford University) ကနေ ကွန်ပျူတာသိပ္ပံနဲ့ မဟာသိပ္ပံဘွဲ့ကို ၁၉၉၄ ခုနှစ်မှာ ရရှိခဲ့ပါတယ်။ အချိန်စောပြီး မဟာသိပ္ပံဘွဲ့ ရရှိခဲ့တာ ဖြစ်ပါတယ်။

ဂူဂယ်လ်တည်ထောင်ဖြစ်ပုံ

လာရီပေ့ချ်နှင့် ဆာဂျီဘရင်းတို့ဟာ ပီအိပ်ချ်ဒီ ကျောင်းသားတွေဖြစ်တဲ့အတွက် ၁၉၉၆ ခုနှစ် ဇန်နဝါရီလမှာ ဂိတ် (Gate) အဆောက်အအုံမှာ သုတေသနလုပ်ဖို့အတွက် အခန်းရပါတယ်။ ဂိတ် အဆောက်အအုံဆိုတာ ဘီလ်ဂိတ်လှူခဲ့တဲ့ အဆောက် အအုံ။ ဘီလ်ဂိတ်က ဟားဗက်တက္ကသိုလ်ကို တက်ခဲ့သော်လည်း မိုက်ကရိုဆော့ဖ်ကို တည်ထောင် ပြီးတဲ့အခါမှာ သူဆီမှာလုပ်တဲ့ ကွန်ပျူတာအကျော် အမော်ပညာရှင်တွေက စတန်းဖို့ဒ်မှ ထွက်တာ များတဲ့အတွက်ကြောင့် စတန်းဖို့ဒ်မှာ အဆောက် အအုံ လှူခဲ့တာဖြစ်တယ်။ ဘီလ်ဂိတ်ရဲ့ အဆောက် အအုံပြီးခါစမှာ ပီအိပ်ချ်ဒီကျောင်းသားတွေ ဖြစ်တဲ့ လာရီပေ့ချ်နဲ့ ဆာဂျီဘရင်းတို့ သုံးခွင့်ရခဲ့တာပါ။

၁၉၉၅ ခုနှစ် - ၁၉၉၆ ခုနှစ်ဝန်းကျင်က အင်တာနက်ဟာ ယနေ့ခေတ်လောက် စနစ်ကျမှု မရှိသေးပါဘူး။ အင်တာနက်ပေါ်မှာ အချက်အလက် ပေါင်းများစွာရှိပေမယ့် ကိုယ်လိုချင်တာကို ရှာရ အလွန်ခက်ပါတယ်။ ဝက်ခရော်လာ (WebCrawler), လိုင်ကို့စ် (Lycos)၊ မက်ဂီလင် (Magellan)၊ အင်ဖိုစ်ခ် (Infoseek) စတဲ့ ဆာချ်အင်ဂျင် မြောက်မြားစွာ ရှိသော်လည်း လိုချင်တဲ့အချက်အလက်ကို အချိန် တိုတိုအတွင်း ရှာမပေးနိုင်ခဲ့ပါဘူး။ ဒီပြဿနာကို ဖြေရှင်းဖို့ ဆာဂျီဘရင်းနဲ့ ပါမောက္ခ ရာဂျီးမို့ ထွာနီတို့က ဆာချ်အင်ဂျင် အင့်တိုမီ (Inktomi) ကို ထွင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ရာဟူး (Yahoo) ပေါ်နေပါပြီ။ ရာဟူးကို တီထွင်ခဲ့သူမှာ ဂျယ်ရီယန်း (Jerry Yang) နဲ့ ဒေးဗစ်ဖီလို (David Filo) ဖြစ်ပါတယ်။ ရာဟူးက ဆာချ်အင်ဂျင်ဆိုသော်လည်း လမ်းညွှန်စာအုပ်တွေလို အချက်အလက်တွေကို အကွာရာနဲ့ စီထားပေးခြင်းသာ ဖြစ်ပါတယ်။ မှတ်ဉာဏ်အတုလို့ မလုပ်ပါဘူး။

စာအုပ်တွေကို ဒစ်ဂျစ်တယ်နဲ့ ပြောင်းပြီး ဒစ်ဂျစ်တယ်စာကြည့်တိုက်လုပ်တဲ့ ပရောဂျက်ကို လာရီက လုပ်နေရာမှာ ဆာချ်အင်ဂျင် ကောင်း ကောင်းလိုတဲ့အတွက် အာတာဗစ်စတာ ဆိုတဲ့ ဆာချ်အင်ဂျင်ကို သုံးခဲ့ပါတယ်။ ဒါပေမဲ့ သူ့စိတ်တိုင်းကျ မဖြစ်ခဲ့ပါ။ သုံးနေရင်းနဲ့ ကံအားလျော်စွာ လာရီက အင်တာနက်ပေါ်မှာ စာမျက်နှာတွေ တစ်ခုနဲ့တစ်ခု ချိတ်ဆက်တဲ့ လင့် (Links) တွေကို သတိထားမိခဲ့ရာမှ လာရီက အင်တာနက်ဆိုက်တစ်ခုလုံးကို ကွန်ပျူတာပေါ်

ကိုယ်ကျွမ်းကျင်တာကို ကိုယ်လုပ်မှ အောင်မြင်မှုကို ရပါမယ်။ မကျွမ်းကျင်တာကို ကျွမ်းကျင်တဲ့သူကို အကူအညီတောင်းရပါမယ်။ မိမိတို့တည်ထောင်ခဲ့တဲ့ ကုမ္ပဏီကို ကိုယ်တိုင်စီမံခန့်ခွဲအုပ်ချုပ်မှု မလုပ်ဘဲ စီမံခန့်ခွဲအုပ်ချုပ်မှု အတွေ့အကြုံများပြီး ကုမ္ပဏီကို ဦးဆောင်နိုင်မယ့် အဲရစ်ရှမစ်လက်ထဲကို အပ်ခဲ့တာ ချီးကျူးစရာ ကောင်းလှတဲ့ လာရီနဲ့ ဆာဂျီရဲ့ အရည်အချင်းဖြစ်ပါတယ်။ ယနေ့ အောင်မြင်လိုသူတွေ အတုယူသင့်။

ဒေါင်းလုတ် (Download) လုပ်ဖို့ ကြိုးစားပါတယ်။ ဆာဂျီက သူ့ရဲ့ သချာကျွမ်းကျင်မှုတွေသုံးပြီး လာရီကို ကူညီခဲ့ပါတယ်။ ဝက်ဘ်ဆိုက်ပေါ်က စာမျက်နှာတွေကို အဆင့်သတ်မှတ်ပေးနိုင်တဲ့ ဆော့ဖ်ဝဲလ်ကို လာရီက ၁၉၉၇ ခုနှစ်မှာ ရေးခဲ့ပြီး ဘက်ရပ် (Backrub) လို့ အမည်ပေးခဲ့ပါတယ်။

ဘက်ရပ်ကို အခြေခံပြီး လာရီနဲ့ ဆာဂျီတို့ ဆာချ်အင်ဂျင်တစ်ခုကို ရေးပါတယ်။ ရေးပြီး စတန်းဖို့ဒ်တက္ကသိုလ်က ကျောင်းသားကျောင်းသူ တွေသုံးဖို့ အင်တာနက်ပေါ် တင်လိုက်ပါတယ်။ မကြာခင်မှာပဲ စတန်းဖို့ဒ်နဲ့ အနီးအနားက တက္ကသိုလ်တွေမှာ ဆာချ်အင်ဂျင်က နာမည်ကြီး လာပါတယ်။ အင်တာနက်ပေါ်မှာ မှတ်ပုံတင်ဖို့ ၁၉၉၇ ခုနှစ်စက်တင်ဘာလမှာ နာမည်ရွေးကြတော့ Gogul ကို စာလုံးပေါင်းမှားပြီး လာရီက Google လို့ မှတ်ပုံတင်လိုက်ပါတယ်။ Gogul ဆိုတာက ၁ နောက်က သုည အလုံးတစ်ရာကို ခေါ်ခြင်း ဖြစ်ပါတယ်။

စာမျက်နှာ ၂၅ သို့

ဘူမိဗသမုဒ္ဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ပဋ္ဌမအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၀

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဗသမုဒ္ဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ တည်ထားကိုးကွယ်မည့် နေပြည်တော်ကောင်စီနယ်မြေသို့ ပဋ္ဌမအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၊ သံဃာ့နာယကဥက္ကဋ္ဌ ဘဒ္ဒန္တမာဏိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ ရွတ်ဖွားသရဏဂုံတော်မူကြသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဘူမိဗသမုဒ္ဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများအား ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ဘူမိဗသမုဒ္ဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ပင့်ဆောင်ရန် အတွက် လုံခြုံရေးအဖွဲ့ဝင်များနှင့် ယာဉ်မောင်းများ နေရာယူခြင်း၊ ဥပါသကာများနှင့် ဝတ်အသင်းများ နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်ကြပြီး ဘူမိဗသမုဒ္ဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် ပင်မကျောက်တော်ကြီးမှ တန်ခိုးရှိ ၈၀၀ ရှိ ရုပ်ပွားတော် အပိုင်း(၄)၊

တန်ခိုးရှိ ၅၆၃ တန်ရှိ ရုပ်ပွားတော်အပိုင်း(၁/၂) အရန်စုစုပေါင်း နှစ်တုံး တင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် စတင် ပင့်ဆောင်ထွက်ခွာတော်မူကြရာ ငါန်းဇွန်မြို့နယ် သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်ကြီး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က လက်ဆယ်ဖြာဦးထိပ်ထား၍ ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်



နေပြည်တော် မတ် ၂၀

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိစစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ရေတာရှည်မြို့၊ ညောင်လေးပင်မြို့နှင့် ပြည်မြို့တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအတွက် အလှူရှင်များက Cevit အလုံး ၁၀၀ ဝင် ဘူး ၄၀၀၀ အတွက် တန်ဖိုးငွေကျပ် သိန်း ၆၀ ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာခန်းမ၌ လာရောက်ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◎ စာမျက်နှာ ၂၄ မှ

ဂူဂယ်လ်ကို သုံးစွဲသူတွေ နေ့ချင်းညချင်း တိုးလာတဲ့အချိန်မှာ လာရီနဲ့ ဆာဂျီဟာ ကျောင်းက ထွက်ပြီး ပါလိုအာတိုမြို့ (Palo Alto) ကို ပြောင်းခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ ဂူဂယ်လ်ကုမ္ပဏီကို တည်ထောင်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာတော့ ဂူဂယ်လ်ကို ဦးဆောင်ဖို့ အဲရစ်ရှမစ်ဒ် (Eric Schmidt) ကို အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်ခဲ့ပါတယ်။

အတုယူစရာတစ်ခုက လာရီနဲ့ ဆာဂျီဟာ ဂူဂယ်လ် အောင်မြင်လာတဲ့အချိန်မှာ အသက် ၂၈နှစ်ပတ်ဝန်းကျင်ပဲ ရှိပါသေးတယ်။ သူတို့ဟာ ကွန်ပျူတာကို ကျွမ်းကျင်သူတွေဖြစ်သော်လည်း ကုမ္ပဏီကြီး တစ်ခုကို ဦးဆောင်ဖို့ကတော့ အတွေ့အကြုံတွေ နည်းကြပါတယ်။ ဂူဂယ်လ်ကို ဦးဆောင်ဖို့ အုပ်ချုပ်မှု ပညာကျွမ်းကျင်တဲ့ အဲရစ်ရှမစ်ဒ်ကို ရွေးခဲ့ခြင်းက အလွန်မှန်တဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်။

၂၀၀၄ ခုနှစ်မှာ ဂျီမေးလ် (Gmail) ကို စတင်ပြီး မိတ်ဆက်ခဲ့ပါတယ်။ ဂျီမေးလ်က အီမေးလ် ဝန်ဆောင်မှု ပေးတာဖြစ်ပြီး အီမေးလ်တွေကို အခမဲ့ သုံးစွဲခွင့် ပေးထားပါတယ်။ အခမဲ့ ဂျီမေးလ် သုံးစွဲသူပေါင်း တစ်ကမ္ဘာလုံးမှာ သန်း ၁၀၀၀ ကျော် ရှိပါတယ်။ သန်း ၁၀၀၀ ကျော်ကို အီမေးလ် အခမဲ့ သုံးစွဲခွင့်ပြုထားတဲ့အတွက် တကယ်ကို လူသား အကျိုးကို ဆောင်ရွက်တဲ့ လာရီနဲ့ ဆာဂျီပဲ ဖြစ်တယ် လို့ ဆိုချင်ပါတယ်။ တစ်လကို ဂူဂယ်လ်သုံးစွဲသူ သန်း ၁၀၀၀ ကျော် ရှိပါတယ်။ ဆာချ်အင်ဂျင်နဲ့ ပတ်သက်ရင် ဂူဂယ်လ်ဟာ နံပါတ် (၁) နေရာကို ယူထားပါတယ်။ ဆာချ်အင်ဂျင် စွေးကွက် ၈၅ ရာခိုင်နှုန်းကိုလည်း ပိုင်ဆိုင်ထားပါတယ်။ လာရီနဲ့ ဆာဂျီတို့ တည်ထောင်ထားတဲ့ ဂူဂယ်လ်ဟာ အင်တာနက် သုံးစွဲသူတွေအတွက် လက်တွေ့ အကျိုးကျေးဇူး အများကြီးပေးပါတယ်။

လာရီနှင့် ဆာဂျီ၏ အောင်မြင်မှုမှ အတုယူစရာများ

ပထမအချက်

လူတိုင်း ပညာတတ်ဖို့ အရေးကြီးပါတယ်။ လာရီနဲ့ ဆာဂျီတို့ဟာ ပညာတတ် မိဘတွေက မွေးဖွားလာပြီး ပညာကို တန်ဖိုးထားသင်ယူခဲ့လို့ အောင်မြင်လာတာပါ။ မိဘတွေ ပညာတတ်မှ သားသမီးတွေ ပညာကို တန်ဖိုးထားတတ်အောင် ပြုစုပျိုးထောင်ကြပါတယ်။ **ချမ်းသာမှုကို ပညာနဲ့ ရှာမှ နိုင်မြဲပါတယ်။ ပညာသာလျှင် ဆင်းရဲတွင်းက လွတ်မြောက်နိုင်ပါတယ်။** ကျွန်တော်တို့ နိုင်ငံမှာလည်း ဆင်းရဲမှုပယောက်ရေးအတွက် စီမံကိန်းတွေ ချပြီး ဆောင်ရွက်နေပါတယ်။ အဓိကကျတာက တော့အရွယ်ရောက်သူတိုင်း ပညာသင်ကြားနိုင်ရေး၊ စာတတ်မြောက်မှု မြင့်မားရေးတွေကို ဦးစားပေး ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒုတိယအချက်

လူရယ်လို့ဖြစ်လာရင် လူသားကောင်းကျိုးကို ပြုဖို့က အဓိကကျပါတယ်။ လာရီနဲ့ ဆာဂျီက သူတို့ခေတ် သူတို့အချိန်က လိုအပ်နေတဲ့ ဆာချ်အင်ဂျင်ကို အများအတွက် တီထွင်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဌေးဖို့ တီထွင်ခဲ့ခြင်းမဟုတ်ပါ။ ဆာချ်အင်ဂျင်ကို အင်တာနက် သုံးသူတွေအတွက် စေတနာနဲ့ အကောင်းဆုံး ဖြစ်အောင် ကြိုးစားရေးသားခဲ့ခြင်း ဖြစ်ပါတယ်။

တတိယအချက်

ကိုယ်ကျွမ်းကျင်တာကို ကိုယ်လုပ်မှ အောင်မြင်မှုကို ရပါမယ်။ မကျွမ်းကျင်တာကို ကျွမ်းကျင်တဲ့သူကို အကူအညီတောင်းရပါမယ်။ မိမိတို့တည်ထောင်ခဲ့တဲ့ကုမ္ပဏီကို ကိုယ်တိုင်စီမခန့်ခွဲ အုပ်ချုပ်မှု မလုပ်ဘဲ စီမံခန့်ခွဲအုပ်ချုပ်မှု အတွေ့အကြုံများပြီး ကုမ္ပဏီကို ဦးဆောင်နိုင်မယ့် အဲရစ်ရှမစ် လက်ထဲကို အပ်ခဲ့တာ ချီးကျူးစရာကောင်းလှတဲ့ လာရီနဲ့ ဆာဂျီရဲ့ အရည်အချင်းဖြစ်ပါတယ်။ ယနေ့ အောင်မြင်လို့သူတွေ အတုယူသင့်ပါတယ်။

စတုတ္ထအချက်

ဂျီမေးလ်ကို သုံးသူတိုင်း အခမဲ့သုံးစွဲခွင့် ရပါတယ်။ အများအတွက် ပေးဆပ်ဖို့ကို ရှေ့တန်းတင်တဲ့ လာရီနဲ့ ဆာဂျီရဲ့ စိတ်ဓာတ်ကို ကျွန်တော်တို့ အတုယူရပါမယ်။ များများပေးမှ များများပြန်ရ တယ်ဆိုတာ အမြဲမှန်နေတဲ့ နိယာမပါ။

■

(ဆရာ ကျော်ကျော်လှိုင်၏ "၂၁ ရာစု တစ်လွှား လူသားအကျိုးပြု၍ ချမ်းသာ အောင်မြင်လာသူများ" စာအုပ်မှ "ဂူဂယ်လ် (Google) ကို မွေးဖွားသူနှစ်ဦး" အတ္ထုပ္ပတ္တိ ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ နေပြည်တော်အုတ်စက်ရုံ(မင်းကုန်း)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ နေပြည်တော်အုတ်စက်ရုံ (မင်းကုန်း) သို့ သွားရောက်ကာ စက်ရုံ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ထိုသို့ကြည့်ရှုစဉ် ဌာနကြီးမှူး ဦးစိုးဟန်နှင့် စက်ရုံမှူး ဦးကျော်ဆန်းထွန်းတို့က နေပြည်တော်အုတ်စက်ရုံ (မင်းကုန်း)၏ ကုန်ထုတ်လုပ်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ စက်ရုံ၏သမိုင်းအကျဉ်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်အုတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် ဒုတိယစက်ရုံမှူးများက အုတ်စိမ်း/အုတ်ကျက်ထုတ်လုပ်နေမှုများကို ရှင်းလင်းပြသပြီး မြို့တော်ဝန်က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၃၀၄၂၇၉၉၁	၂၂၆၁၀၄၁၆	၅၅၄၁၁၉
၂။	ဘရာဇီး	၁၁၈၇၇၀၀၉	၁၀၃၈၃၄၆၀	၂၉၀၅၂၅
၃။	အိန္ဒိယ	၁၁၅၅၅၂၈၄	၁၁၁၀၇၃၃၂	၁၅၉၃၉၄
၄။	ရုရှား	၄၄၄၇၅၇၀	၄၀၆၀၆၅၂	၉၄၆၅၉
၅။	ဗြိတိန်	၄၂၈၅၆၈၄	၃၆၂၁၄၉၃	၁၂၆၀၂၆
၆။	ပြင်သစ်	၄၁၈၁၆၀၇	၂၇၈၂၆၃	၉၁၆၇၉
၇။	အီတလီ	၃၃၃၂၄၁၈	၂၆၇၁၆၃၈	၁၀၄၂၄၁
၈။	စပိန်	၃၂၁၂၃၃၂	၂၉၄၅၅၄၆	၇၂၉၁၀
၉။	တူရကီ	၂၉၇၁၆၃၃	၂၇၈၈၇၅၇	၂၉၈၆၄
၁၀။	ဂျာမနီ	၂၆၄၇၈၁၇	၂၄၀၉၇၀၀	၇၅၀၉၅

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁၄၅၅၇၈၈	၁၂၈၄၇၂၅	၃၉၄၄၇
၂။	ဖိလစ်ပိုင်	၆၅၆၀၅၆	၅၆၂၄၈၄	၁၂၉၃၀
၃။	မလေးရှား	၃၃၁၇၁၃	၃၁၆၀၄၂	၁၂၂၉
၄။	မြန်မာ	၁၄၂၂၄၀	၁၃၁၇၆၃	၃၂၀၄
၅။	စင်ကာပူ	၆၀၁၈၄	၆၀၀၂၂	၃၀
၆။	ထိုင်း	၂၇၇၁၃	၂၆၅၁၂	၉၀
၇။	ဗီယက်နမ်	၂၅၇၁	၂၁၉၈	၃၅
၈။	ကမ္ဘောဒီးယား	၁၆၃၂	၉၃၅	၃
၉။	ဘရူနိုင်း	၂၀၅	၁၈၈	၃
၁၀။	လာအို	၄၉	၄၅	၀

*** ကျောဖုံးမှ**

မန္တလေးမှ ထွက်ခွာလာသော အမှတ်(၉၂၄) အစုန် ကုန်သေတ္တာတင်ရထားသည် သာစည်ဘူတာ၌ ကုန်တွဲ ၁၉ တွဲ၊ ဘရိတ်တွဲ တစ်တွဲအား ချိတ်ဆက်ပြီး ဆက်လက်ထွက်ခွာလာရာ နေပြည်တော်သို့ ည ၉ နာရီခွဲတွင် ရောက်ရှိ ညအိပ်အခြေပြုခဲ့သည်။ ခရီးစဉ်အတွင်း မိုင်တိုင် (၃၂၀/၁)တွင် မသမာသူအကြမ်းဖက်သမားများက သံလမ်း၏ သံလမ်းဆက် နှစ်ခု ဖြုတ်ထားခြင်းနှင့် ကွန်ကရစ်ဇလီဖား ၁၉ တုံး၏ သံလမ်းထိန်း ကလစ် ၃၈ ခု ဖြုတ်ထားကြောင်း တွေ့ရှိရသဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြုပြင်တပ်ဆင်ခဲ့ရသည်။ မတ် ၁၈ ရက် နံနက် ၇ နာရီတွင် နေပြည်တော်မှ ဆက်လက်ထွက်ခွာလာရာ ပြန်တန်ဆာဘူတာသို့ ည ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိ ညအိပ်အခြေပြုခဲ့သည်။

ထို့နောက် ယနေ့ နံနက် ၇ နာရီတွင် ပြန်တန်ဆာဘူတာမှ ထွက်ခွာလာရာ ခရီးဆုံးနေရာဖြစ်သည့် ရွာသာကြီးကုန်းတွင်းဆိပ်သို့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်အတွင်း မသမာသူအကြမ်းဖက်သမားများက ရွှေလှေနှင့် ပဲခူးဘူတာကြား၌ သံလမ်းထိန်းကလစ် ခြောက်ဆက်အား ဖြုတ်ထားကြောင်းတွေ့ရှိရသဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြုပြင်တပ်ဆင်ခဲ့ရသည်။

ထိုကဲ့သို့သော မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်၍ အရေးယူမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ကြီး မတ် ၂၀

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းသည် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် အတူ ယမန်နေ့နံနက် ၉ နာရီက တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ပိန္နဲပင်ကျေးရွာတွင် ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်း တူးဖော်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပိန္နဲပင်ကျေးရွာ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် ရေထွက်ရှိနေမှုကို ကြည့်ရှုကြကာ သဗ္ဗမင်္ဂလာကျောင်းဆောင်၌ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းသား ကျောင်းသူ ၇၀ တို့အား ဗလာစာအုပ် ဒါဇင် ၁၀၀၊ ဘောပင် ဒါဇင် ၁၀၀၊ ခဲတံ ဒါဇင် ၁၀၀၊ မုန့်နှင့် အချိုရည်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိန္နဲပင်ကျေးရွာအတွက် နွေရာသီရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်နှင့် အိမ်ခြေ ၁၄၂ အိမ်၊ လူဦးရေ ၇၄၅ ဦးအတွက် ရေပေးဝေနိုင်ပြီး ငွေကျပ် ၂၀ ဒသမ ၅၈၀ သန်း ကုန်ကျကြောင်းနှင့် မိုးစက်ကမ္ဘာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရပ်စောက်မြို့နယ် နားခဲလေးကျေးရွာ ကုန်ထုတ်လမ်းနှင့် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဘန်းကွေးကျေးရွာ မြစိမ်းရောင်စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်နေသော စက်ရေတွင်း တူးဖော်နေမှုတို့ကို သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ဗထူးတပ်ရှိ အမှတ်(၄)တပ်မတော် စစ်ဆေးရုံသို့သွားရောက်ကာ ဆေးရုံအတွက် ငွေပဒေသာပင် ငွေကျပ်သိန်း ၂၀၊ ဆေးဝယ်ယူရန် ငွေကျပ်သိန်း ၃၀၊ ဆေးဝန်ထမ်းများအတွက် ငွေကျပ် ၉၅၀၀၀၀ နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥတို့ကို ပေးအပ်လှူဒါန်းပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများအား သွားရောက်ကြည့်ရှု၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တွေ့ဆုံရာ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ဒေသဆိုင်ရာအချက်အလက်များ၊ အုပ်ချုပ်ရေးဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာများ၊ လူမှုရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ပြောကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ရှမ်းပြည်နယ်(တောင်ပိုင်း)နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များ အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ရန် ဖယ်ခုံမြို့သို့သွားရောက်စဉ် ဆူပူအကြမ်းဖက်သူလူတစ်စုက အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်

နေပြည်တော် မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ဖယ်ခုံမြို့သို့သွားရောက်စဉ် ဆူပူအကြမ်းဖက်သူလူတစ်စုက အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်မြေခံတပ်ရင်းမှ အရာရှိ နှစ်ဦး၊ အခြားအဆင့် နှစ်ဦးတို့သည် မတ် ၁၅ ရက် နံနက် ၆ နာရီခန့်တွင် ဖယ်ခုံမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန်အတွက် Pajero အမျိုးအစား မော်တော်ယာဉ်အမှတ်၊ MDY-7I/------ ယာဉ်ဖြင့်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဖယ်ခုံမြို့နယ် ဖလိုင်တောင်ခြေကျေးရွာအနီးသို့အရောက်၌ အရပ်သား အကြမ်းဖက်လူအုပ်စုနှင့် တွေ့ဆုံနေရကြောင်း တပ်ရင်းဌာနချုပ်သို့ ဖုန်းဆက်သွယ်မှုပြုလုပ်ပြီးနောက် ဆက်သွယ်မှုပြတ်တောက်သွားခဲ့ကြောင်း။

အဆိုပါ အရာရှိ၊ စစ်သည်များနှင့် ဆက်သွယ်မှုရရှိရေး နယ်မြေခံတပ်ရင်းများမှ မတ် ၁၆ ရက်မှစ၍ နည်းလမ်းမျိုးစုံဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ဖလိုင်တောင်ခြေကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်မှုရရှိခဲ့ကာ ၎င်းတို့ရွာသားများ ထိန်းသိမ်းထားသည်ဟု သိရှိခဲ့ရကြောင်း။

အဆိုပါ ထိန်းသိမ်းခံထားရသည့် အရာရှိ၊ စစ်သည်များအား ပြန်လည်ခေါ်ဆောင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၆ ရက်တွင်ပင် ဖလိုင်တောင်ခြေကျေးရွာသို့ရောက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရွာတွင်းဝင်ရောက်မှုကိုလည်း ရွာသားအများစုက ပိတ်ဆို့ဆန့်ကျင်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များက ညှိနှိုင်းပြောဆိုမှုကြောင့် ရွာတွင်းဝင်ရောက်ရှာဖွေခဲ့ရာ ဖမ်းဆီးခံရသူများ တွေ့ရှိရခြင်းမရှိသည့်အပြင် သတင်းဆက်ပါပျောက်ဆုံးခဲ့သဖြင့် ယင်းကျေးရွာအနီးတစ်ဝိုက်မှ မသက်ဘသူ ၂၀ ခန့်အား စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ကြောင်း။

ထိုသို့စစ်ဆေးမေးမြန်းမှုများဆောင်ရွက်စဉ် ကဖုကျေးရွာတွင် နေထိုင်သူ အန်ထောင်ညိုး၏ ပြောပြချက်အရ မတ် ၁၅ ရက်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက လူစိမ်းများအား ခေါ်ယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မတ် ၁၆ ရက်တွင် အဆိုပါ လူစိမ်းများအား ဆူပူအကြမ်းဖက်သူလူတစ်စုက လယ်ထွန်ကျေးရွာ၏ အရှေ့မြောက်ဘက် တောင်ကုန်းပေါ်သို့ ၎င်းတို့စီးနင်းလာသည့် ယာဉ်နှင့်အတူ ခေါ်ဆောင်သွားကြောင်းကြားသိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ မတ် ၁၉ ရက်တွင် ရှာဖွေမှုများဆောင်ရွက်ခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် ၃၅ ပေခန့်နက်သော ချောက်အတွင်း၌ ကားတစ်စီး မီးလောင်နေကြောင်း တွေ့ရှိရသဖြင့် စိစစ်ခဲ့ရာ ပျောက်ဆုံးနေသည့် အရာရှိ၊ စစ်သည်များ စီးနင်းလာသည့် ယာဉ်ဖြစ်ကြောင်းတွေ့ရှိရပြီး ယင်းနေရာတစ်ဝိုက်အား ဆက်လက်ရှာဖွေခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် အဝ ၅ ပေခန့်၊ အနက် ပေ ၄၀ ခန့်ရှိ ကျင်းတစ်ကျင်းအတွင်း၌ လက်ပြန်ကြိုးတုပ်ထားလျက် သေဆုံးနေသည့် အလောင်းများအား တွေ့ရှိရသဖြင့် အနီးဆုံးတပ်မတော် စစ်ဆေးရုံသို့ပို့ဆောင်လျက် ရင်ခွဲစစ်ဆေးချက်နှင့် အတည်ပြုချက်များဆောင်ရွက်ခဲ့ရာ ပျောက်ဆုံးနေကြသည့် အရာရှိ၊ စစ်သည်များအား အရပ်ဝတ်ဖြင့် ရက်စက်စွာ အကြောင်းမဲ့သတ်ဖြတ်ခံခဲ့ရသည်ကို တွေ့ရှိရကြောင်း။

အဆိုပါ အုပ်ချုပ်မှုကိစ္စဆောင်ရွက်မည့် အရာရှိ၊ စစ်သည်များသည် လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ အရပ်ဝတ်၊ အရပ်ယာဉ်ဖြင့် တပ်ဌာနချုပ်သို့ ညောင်ရွှေ-စံကား-မိုးဗြဲအင်းအရှေ့လမ်းကြောင်း အတိုင်းလာရောက်စဉ် ကားလမ်းဘေးရှိ ဖလိုင်တောင်ခြေကျေးရွာမှ စိစစ်ဖော်ထုတ်ဆဲ အကြမ်းဖက်လူအုပ်စု၏ ဥပဒေမဲ့ အကြောင်းမဲ့နှိပ်စက်သတ်ဖြတ်မှုကို တွေ့ကြုံရခြင်းဖြစ်ကြောင်း သိရသည်။

ဥပဒေမဲ့အကြမ်းဖက်လူအုပ်စုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အရာရှိ၊ စစ်သည်များအပေါ် အကြောင်းမဲ့သတ်ဖြတ်ခဲ့သည့် လူသတ်တရားခံများအား အမြန်ဆုံးလက်ရဖမ်းဆီး၍ တရားဥပဒေနှင့် အညီ အရေးယူနိုင်ရေး နေ့/ည မပြတ် ဖလိုင်တောင်ခြေကျေးရွာပတ်ဝန်းကျင်အနှံ့ စုံစမ်းဖော်ထုတ်ခဲ့ရာ မတ် ၂၀ ရက်အထိ အမှုတွင် ပါဝင်ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရသည့် ဦးကေကော်ရီရှိ ၅၅ နှစ်(ဘ) ဦးဘဲနီ၊ ဦးမောင်လာ ၄၈ နှစ်(ဘ)ဦးခရိုင်း ဖယ်ခုံမြို့လယ်ထွန်းကျေးရွာ၊ ဦးမောင်ငြိမ်း ၅၁ နှစ် (ဘ)ဦးဟွီနှင့် ဦးမောင်ခုန်း ၄၅ နှစ် (ဘ)ဦးကောင်း ဖလိုင်တောင်ခြေကျေးရွာမှ လေးဦးအား စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အမြန်ဆုံးအရေးယူနိုင်ရေး သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လှိုင်သာယာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများအား ပြစ်ဒဏ် အသီးသီးချမှတ်

နေပြည်တော် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် စိန်သောင်း(ဘ)ဦးလှမြင့်၊ အောင်ပြည်ဖြိုး(ဘ)ဦးလှမြင့်၊ စိုးသန်း(ဘ)ဦးလှဝင်း၊ တင်ထွန်း(ဘ)ဦးစိုးသိန်း၊ ကျော်သက်(ဘ)ဦးတင်ဝင်းတို့အား စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **၁၈၇၈ ခုနှစ်၊ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(င) ပါပြဋ္ဌာန်းချက်များအရ ပြစ်ဒဏ်ထိုက်သင့်သည့် ကိုင်ဆောင်ခွင့် မရှိဘဲနှင့် လက်နက်တစ်ခုခုကို စွဲကိုင်သွားလာမှုဖြင့်** အလုပ်နှင့်ထောင်ဒဏ် (၃)နှစ် အသီးသီးကျခံစေရန် မတ် ၁၉ ရက်တွင် အမိန့်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ တွေ့ဆုံ

ပုသိမ် မတ် ၂၀
ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ တွေ့ဆုံသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁)ကို ယမန်နေ့ နံနက်ပိုင်းက ရောရွှေဝါခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်က ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ရာနှုန်းပြည့်မှန်မှန်နှင့် မြန်မြန် ပြန်လည်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ စိတ်ရင်း စေတနာမှန်ဖြင့် မိမိတို့၏ဝန်ထမ်းများ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရေးနှင့် CDM လုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိစေရန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက် ရန်လိုအပ်ကြောင်း၊ CDM လုပ်ရှားမှုတွင်ပါဝင် ကြောင်း စစ်ဆေးတွေ့ရှိပါက နိုင်ငံဝန်ထမ်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ် သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် တိုင်းအတွင်း ဝင်ပေါက်ထွက်ပေါက်များကို ပိတ်ဆို့ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများ အောင်မြင်ရန် ဌာနဆိုင်များမှ ပိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်စွာလှိုင်နှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်း ရေးမှူး ဦးသန်းဆွေဝင်းတို့က လုပ်ငန်းလိုအပ်ချက် များကို တင်ပြဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းကောင်စီ အဖွဲ့ဝင်များ၊ တိုင်းကောင်စီအတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပုသိမ် (တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်)များမှ ပါမောက္ခချုပ်များ၊ ပုသိမ်ပညာရေးကောလိပ်၊ သူနာပြုသင်တန်း ကျောင်း၊ နည်းပညာအထက တို့မှ တာဝန်ရှိသူများ၊ ပုသိမ်မှန်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်)တို့မှ တာဝန်ရှိသူများတက်ရောက် ခဲ့ကြကြောင်း သိရသည်။

မောင်မောင်မြင့် (ပြန်/ဆက်)

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စွမ်းရည်မြှင့်သင်တန်း တက်ရောက်နေသော ကျောင်းအုပ်ဆရာ ဆရာမများအား တွေ့ဆုံအားပေး

မြစ်ကြီးနား မတ် ၂၀
မြစ်ကြီးနားခရိုင်အတွင်းရှိ အခြေခံပညာ အထက် တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ် ဆရာ ဆရာမများအတွက် ကချင်ပြည်နယ် ပညာရေးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် စွမ်းရည်မြှင့် သင်တန်းကို မြစ်ကြီးနားမြို့ အမှတ် (၉)အခြေခံပညာ အထက်တန်းကျောင်း ရွှေသွေးခန်းမ၌ ပြုလုပ်လျက် ရှိရာ မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင် များက သွားရောက်တွေ့ဆုံအားပေးကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက် ထိန်နန်က ဆရာ ဆရာမများသည် စေတနာ၊ ဝါသနာ၊ အနစ်နာစသည့် နာ(၃)နာဖြင့် တပည့်များကို သား သမီးအရင်းသဖွယ် အနာဂတ်ခေါင်းဆောင်ကောင်း များဖြစ်အောင် လေ့ကျင့်ပျိုးထောင်သင်ကြားပေးရ ပါကြောင်း၊ မိမိတို့ ကချင်ပြည်နယ်၏ ပညာရေးကဏ္ဍ တိုးတက်ကောင်းမွန်လာစေရေးကိုလက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ပေးနေသည့်အတွက် ဆရာ ဆရာမများအား ပြည်နယ်သူ ပြည်နယ်သားများ ကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ရှေ့ဆက်ပြီး ကချင်ပြည်နယ်၏ ပညာရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် မိမိတို့ ကောင်စီနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း တိုက်တွန်းအားပေးမှာကြားသည်။

ထို့နောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌက ပြည်နယ် ပညာရေးမှူး ဦးကျော်မိုးထွန်းထံ သင်တန်းတက် ရောက်လျက်ရှိသည့် ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ကချင်ပြည်နယ်ပညာရေးမှူး ရုံးမှ ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး မြစ်ကြီးနား၊ခရိုင် အတွင်း မြစ်ကြီးနား၊ တန့်ဆည်၊ အင်ဂျန်းယန်၊ ချီဖွေနှင့် ဆော့လော်မြို့နယ်တို့ရှိ အခြေခံပညာအထက်တန်း ကျောင်းများနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမ စုစုပေါင်း ၄၅ ဦးတို့အား မတ် ၁၇ ရက်မှ ၁၉ရက်အထိ သုံးရက်ကြာ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်းနှင့် ကျန်မိုးညှင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင်တို့တွင်လည်း အလားတူ ကျောင်းအုပ်ဆရာ ဆရာမများအတွက် စွမ်းရည်မြှင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လမ်း၊ တံတားတည်ဆောက်ရေး တင်ဒါအောင်ကုမ္ပဏီများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

မုံရွာ မတ် ၂၀
စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသ ကြီး ငွေလုံးငွေရင်း/သာမန်ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းဦးစီးဌာနမှ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက် မည့် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ အတွက် တင်ဒါအောင် ကုမ္ပဏီလုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး ခွင်းတွင်းခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်း တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်း တက်ရောက်အမှာစကား ပြော ကြားသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်း/သာမန် ခွင့်ပြုရန်ပုံငွေများနှင့် လုပ်ငန်းတင်ဒါအောင်စနစ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဘဏ္ဍာနှစ်အတွင်း အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီး အောင်ဆောင်ရွက်ရေးအတွက် တင်ဒါအောင်ကုမ္ပဏီ များမှ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်လင်း ဖြင်သာစွာ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လိုပါကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်အတွက် ပထမအကြိမ်လုပ်ငန်း အခု ၁၁၀ ကို Lot ၈၇ ခုခွဲ၍ လည်းကောင်း၊ ဒုတိယအကြိမ် လုပ်ငန်း ၇၁ ခုကို၊ Lot ၅၃ ခုခွဲ၍လည်းကောင်း အဆိုပါလုပ်ငန်းကဏ္ဍ များအလိုက် စာချုပ်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက် သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ဝင်းတင်စိုးက အမှာ စကားပြောကြားပြီး တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ထွန်းမင်းနှင့် တက်ရောက်လာကြသော လုပ်ငန်းတင်ဒါ အောင်မြင် သော ကုမ္ပဏီလုပ်ငန်းရှင်များက လုပ်ငန်းတိုးတက်မှု အခြေအနေများ တင်ပြခြင်းနှင့် တွေ့ကြုံနေရသော အခက်အခဲများ ရှင်းလင်းတင်ပြဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သူ့ရဲ့ အပြုအမူအတွက် တရားဝင်တောင်းပန်လိုက်တဲ့ ဂိုမင်စီ

တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ဂိုမင်စီဟာ သူပြုလုပ်ခဲ့တဲ့ အပြုအမူအတွက် တာဝန်ယူဖြေရှင်းခဲ့ပြီးဖြစ်ပါတယ်။ သူဟာ အသက်မပြည့်သေးမီ အရက်သေစာသောက်စားခဲ့ကြောင်း သတင်းတွေ ပေါ်ထွက်လာပြီးနောက် လတ်တလောမှာ သူ့ရဲ့အပြုအမူများယွင်းမှုအတွက် တရားဝင်တောင်းပန်ခဲ့တာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်း၏ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Love Alarm နဲ့ Sweet Home ရုပ်ရှင်တွေမှာ ပါဝင်ခဲ့တဲ့ ဂိုမင်စီဟာ အသက်မပြည့်သေးမီ အရက်သောက်သုံးခဲ့ကြောင်း သက်သေခံတပ်ပုံတွေနဲ့ အတူ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ခဲ့ရပါတယ်။ အဆိုပါဖော်ပြခဲ့မှုကို လတ်တလောမှာတော့ ပြန်လည်ဖျက်သိမ်းခဲ့ပြီး ဖြစ်ပေမယ့် ဒီအကြောင်းအရာတွေအပေါ် ဂိုမင်စီက တုံ့ပြန်ဖြေရှင်းခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ ဓာတ်ပုံတွေဟာ ၂၀၁၁ ခုနှစ် မေလအတွင်း ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဖြစ်တာကြောင့် အဲဒီအချိန်မှာ ဂိုမင်စီဟာ အသက် ၁၇ နှစ်သာ ရှိသေးပါတယ်။ ဒါကြောင့် သူဟာ အသက်မပြည့်မီမှာပင် အရက်သေစာသောက်စားခဲ့တာလည်း ဖြစ်ပါတယ်။

ဒီဖြစ်ရပ်အပေါ် ဂိုမင်စီက အဆိုပါ ဓာတ်ပုံတွေမှာ သူပါဝင်နေတာ အမှန်ဖြစ်ကြောင်း၊ သူလုပ်ဆောင်ခဲ့တဲ့ အများတွေအတွက် တောင်းပန်ကြောင်းနဲ့ အဲဒီအချိန်တုန်းက ငယ်ရွယ်တဲ့အချိန်ဖြစ်တာကြောင့် မရင့်ကျက်သေးကြောင်း ထည့်သွင်းရေးသားဖော်ပြထားတာ တွေ့ရပါတယ်။ ဒါ့အပြင် ဂိုမင်စီက သူ့အနေနဲ့ အနာဂတ်ကိုသာ ရှေ့ရှုကြောင်းနဲ့ နောင်မှာ ပိုမိုရင့်ကျက်သူတစ်ဦးအဖြစ် ကြိုးစားသွားမှာ ဖြစ်တယ်လို့ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြန်လည် ရှင်းလင်းဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

စစ်မှုထမ်းဆောင်မှုပြီးဆုံးခဲ့ပြီဖြစ်တဲ့ ဂျန်ဟို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2PM ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်ဟိုဟာ လတ်တလောမှာ စစ်မှုထမ်းဆောင်မှုပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ကိုရီးယားဟာလတ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်ဟိုဟာ ၂၀၁၉ ခုနှစ် မေလအတွင်း စစ်မှုစတင်ထမ်းဆောင်ခဲ့ပြီး နှစ်နှစ်ခန့်ကြာမြင့်ခဲ့တဲ့ စစ်မှုထမ်းရက်တွေကို အောင်မြင်စွာ ဖြတ်ကျော်ခဲ့တာဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်မှုတွေဟာ မတ် ၂၀ ရက်မှာ ပြီးဆုံးခဲ့တာကြောင့် သူ့ရဲ့ မှတ်တိုင်သစ်တစ်ခုအတွက် ပရိသတ်တွေက ချီးကျူးခဲ့ကြပြီး စစ်မှုထမ်းဆောင်ပြီးနောက် အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်မယ့် ဂျန်ဟိုကို ကြိုဆိုကြောင်းလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဂျန်ဟိုရဲ့ စစ်မှုထမ်းဆောင်မှု ပြီးဆုံးခြင်းနဲ့အတူ 2PM အဖွဲ့ဝင်တွေ စစ်မှုထမ်းဆောင်မှုတွေ ပြီးဆုံးခဲ့ပါပြီ။ စစ်မှုထမ်းဆောင်ပြီးခဲ့ပြီဖြစ်တာကြောင့် မကြာခဏမှာ အဖွဲ့လိုက် အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်တော့မှာလည်း ဖြစ်ပါတယ်။ 2PM ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ မကြာခဏမှာ ပရိသတ်ရှေ့ ရောက်ရှိလာနိုင်ကြောင်းလည်း သိရပါတယ်။

ဂျန်ဟိုဟာ 2PM ရဲ့ အဓိကအကဲသမားဖြစ်ပြီး သူဟာ တေးဂီတဘက်မှာသာမက သရုပ်ဆောင်တစ်ဦးအဖြစ်လည်း လှုပ်ရှားခဲ့ပြီးဖြစ်ပါတယ်။ အဖွဲ့လိုက်တေးအယ်လ်ဘမ်တွေသာမက တစ်ကိုယ်တော်တေးသီချင်းတွေနဲ့ ရုပ်သံဇာတ်လမ်းတွဲတွေ၊ အစီအစဉ်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးတဲ့ အနုပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

ချန်ယိုးရဲ့ ရုပ်ရှင်ကို နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် ပြသသွားမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်ယိုးဟာ ရုပ်ရှင်သစ် The Box မှာ ပါဝင်ထားပြီး အဆိုပါရုပ်ရှင်ကို ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံပေါင်း ၁၁ နိုင်ငံမှာ ပြသသွားဖို့ရာ စီစဉ်ထားကြောင်း ဓွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၉ ရက်မှာ ချန်ယိုးရဲ့ ရုပ်ရှင်သစ်နဲ့ပတ်သက်တဲ့ သတင်းတွေကို NAVERက ဖော်ပြခဲ့ရာမှာ အဆိုပါ ရုပ်ရှင်ကို အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား ဩစတြေးလျ၊ အင်ဒိုနီးရှားအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှာ ပြသသွားမှာဖြစ်ကြောင်း ဖော်ပြခဲ့တာပါ။

The Box ကို ယခင်က တောင်ကိုရီးယားမှာသာ ပြသဖို့ရာ ရည်ရွယ်ခဲ့ပေမယ့် ပရိသတ်တွေရဲ့ တောင်းဆိုမှုတွေကြောင့် အခြားသော နိုင်ငံတွေမှာပါ ထုတ်လွှင့်ပြသသွားဖို့ ဆုံးဖြတ်ခဲ့တာပါ။ အဆိုပါရုပ်ရှင်မှာ ချန်ယိုးရဲ့ ကြိုးစားထားမှုတွေကို ပရိသတ်တွေအနေနဲ့ တွေ့မြင်ရမှာဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်ဟာ တေးဂီတရုပ်ရှင်အမျိုးအစားဖြစ်ပြီး ဒေသတွင်း သာမက နိုင်ငံတကာက တေးသံရှင်တွေရဲ့ ကျော်ကြားတဲ့ တေးသီချင်းတွေကိုလည်း ဒီရုပ်ရှင်မှာ ပြန်လည်ခံစားရမှာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ဟာ မျက်နှာကို ဖုံးကွယ်ကာ တေးသီချင်းသီဆိုလေ့ရှိတဲ့ အဆိုတော်တစ်ဦးနဲ့ အောင်မြင်မှုကိုသာ အဓိကထားတဲ့ ထုတ်လုပ်သူတစ်ဦးတို့ရဲ့ ဇာတ်လမ်းကို ပုံဖော်ထားတာလည်းဖြစ်ပါတယ်။ The Box မှာ နာမည်ကျော်တေးသံရှင်တွေ ဖြစ်ကြတဲ့ ဘီလီအိလစ်ရှ်၊ ကိုးဒ်ပလေး၊ ပါရယ်ဝီလျံ၊ မန်ရန်ကာရေးစသူတို့ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်းတွေလည်း ပါဝင်ပါတယ်။ အဆိုပါရုပ်ရှင်ကိုတော့ လာမယ့် မတ် ၂၄ ရက်မှာ စတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ယူကေရဲ့ လူကြိုက်အများဆုံး တေးသီချင်းစာရင်းမှာ ပါဝင်လာတဲ့ ရိုစ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရိုစ်ဟာ လတ်တလောမှာ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ ရိုစ်အနေနဲ့ ပထမဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ပြီး သူ့ရဲ့ အောင်မြင်မှုတွေကို အာရုဂနေ ယူအေအဆိပါ ယူဆောင်ပေးနိုင်ခဲ့ကြောင်း ဓွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၉ ရက်မှာ ယူကေတေးဂီတဇယားက ရိုစ်ရဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ On The Ground တေးဗီဒီယိုဟာ အဆိုပါဇယားရဲ့ လူကြိုက်အများဆုံးသော တေးဗီဒီယိုစာရင်းမှာ ပါဝင်လာခဲ့ပြီး နံပါတ် ၄၃ နေရာမှာ ရပ်တည်နေကြောင်း ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။

ယခုလို အောင်မြင်ခဲ့တာကြောင့် ရိုစ်ဟာ သူ့ရဲ့ ပွဲဦးထွက် တေးအယ်လ်ဘမ်နဲ့ စံချိန်သစ်တစ်ခု ထပ်မံတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ သူဟာ ယူကေရဲ့ တေးဂီတဇယားကို ဝင်ရောက်နိုင်ခဲ့တဲ့ ပထမဆုံးသော ကေပေါ့ပ်အမျိုးသမီး တေးသံရှင်တစ်ဦးဖြစ်လာခဲ့ပါပြီ။

ရိုစ်ဟာ တစ်ကိုယ်တော်တေးအယ်လ်ဘမ် R ကို မတ် ၁၂ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးအယ်လ်ဘမ်ဟာ စတင် ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအတွင်းမှာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ တေးဂီတ ဇယားတွေကို ဦးဆောင်နေပြီး ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ On The Ground ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ပေးခဲ့ရာ အဆိုပါ တေးဗီဒီယိုဟာ မတ် ၁၃ ရက်မှာတော့ ကမ္ဘာ တစ်ဝန်းက အိုင်ကွန်းတေးဂီတဇယားတွေရဲ့ နံပါတ်တစ်နေရာကို ရယူ ထားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် အဆိုပါ တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ပြီးနောက် ၂၁ နာရီအတွင်းမှာပင် ကြည့်ရှုသူ ၃၆ သန်းကျော်လွှန်ခဲ့ပါတယ်။ ရိုစ်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် R ဟာလည်း စတင်မထုတ်လွှင့်မီကပင် စံချိန်သစ် တင်နိုင်ခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ အမျိုးသမီး ကေပေါ့ပ်တေးသံရှင်တွေ ထုတ်လွှင့်ခဲ့သမျှသော တေးအယ်လ်ဘမ်တွေ အနက် ကြိုတင်မှာယူသူ အများဆုံးရရှိခဲ့တဲ့ တေးအယ်လ်ဘမ်အဖြစ်လည်း မှတ်တမ်းသစ်တင်ခဲ့တာ ဖြစ်ပါတယ်။

အေးပြည့်
စုစည်းသည်

မန်ယူကွင်းလယ်ကစားသမား လင်းဂတ်ကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်ရေး ဝက်စ်ဟမ်း ဆွေးနွေးလျက်ရှိ

ဝက်စ်ဟမ်းအသင်းဟာ မန်ယူအသင်းကနေ အငှားစာချုပ်နဲ့ ခေါ်ယူထားတဲ့ ကွင်းလယ်ကစားသမား လင်းဂတ်ကို အမြဲတမ်းစာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လင်းဂတ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ဝက်စ်ဟမ်းအသင်းနဲ့အတူ ခြောက်ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးလေးဂိုးသွင်းယူပြီး နှစ်ဂိုးဖန်တီးပေးထားတာ ဖြစ်ပါတယ်။

ဒါကြောင့် ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ်မိုယက်စ်က အခုဘောလုံးရာသီကုန်မှာ ကွင်းလယ်ကစားသမား လင်းဂတ်ကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်ရေး မျှော်လင့်ထားတာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ်မိုယက်စ်ဟာ လင်းဂတ်ကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတဲ့အပြင် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမားသစ်တချို့ကိုလည်း ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ အခုနှစ် ဘောလုံးရာသီမှာ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၅ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး မတ် ၂၁ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ် ၂၉ အဖြစ် အာဆင်နယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာ လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် နီးစပ်နေ

ပီအက်စ်ဂျီအသင်းနဲ့ တိုက်စစ်မှူး နေမာတို့ဟာ လက်ရှိမှာ စာချုပ်သစ်ချုပ်ဆိုရေးနဲ့ ပတ်သက်၍ ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိပြီး လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး နေမာရဲ့ လက်ရှိ ပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့က နေမာကို ခေါ်ယူမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေစဉ်မှာ နေမာရဲ့ စာချုပ်သစ်ချုပ်ဆိုရေးကိစ္စ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး နေမာဟာ ပီအက်စ်ဂျီအသင်းမှာ အထိုင်ကျနေပြီဖြစ်တဲ့အပြင် ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်ဆုဖလားနဲ့ လွှဲခဲ့ရတာကြောင့် အခုနှစ်မှာ ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ဖလားရရှိရေး မျှော်လင့်ထားတာ ဖြစ်ပါတယ်။

ပြင်သစ်သတင်းဌာန Mercato ရဲ့ဖော်ပြချက်အရ တိုက်စစ်မှူး နေမာနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာ စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးခဲ့ရာမှာ သဘောတူညီချက်ရရှိဖို့ နီးစပ်နေတဲ့အပြင် စာချုပ်သစ်ချုပ်ဆိုပါက ၂၀၂၆ ခုနှစ်အထိ ပီအက်စ်ဂျီအသင်းမှာ ဆက်ရှိနေမှာဖြစ်တယ်လို့ ဆိုပါတယ်။

ပီအက်စ်ဂျီ အသင်းဟာ တိုက်စစ်မှူးနေမာကို စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်နေတဲ့အပြင် တိုက်စစ်မှူး အမ်ဘတ်ပီကိုလည်း စာချုပ်သစ်ချုပ်ဆိုရေး ကမ်းလှမ်းလျက်ရှိတယ်လို့ သိရပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ စာချုပ်သက်တမ်းဟာလည်း ၂၀၂၂ ခုနှစ် ဇွန်လအတွင်းမှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

အဓိကကစားသမားများအား အသင်းတွင် ဆက်လက်ရှိနေစေရေး လက်စတာစီးတီးအသင်းအား နည်းပြ ဘရန်ဒန်ရော့ဂျာတိုက်တွန်း

လက်စတာစီးတီးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အဓိကကစားသမားတွေကို အသင်းမှာ ဆက်ရှိနေစေရေးအတွက် လက်စတာစီးတီးအသင်းကို တိုက်တွန်းလိုက်တယ်လို့ သိရပါတယ်။

လက်စတာစီးတီးအသင်းဟာ ဘဏ္ဍာငွေ ပေါင်သန်း ၇၀ နီးပါးအရှုံးပေါ်ခဲ့ပေမယ့် အသင်းရဲ့ရလဒ်ပိုင်း ကောင်းမွန်ဖို့အတွက် ကစားသမားတွေကို ရောင်းမထုတ်ဖို့ နည်းပြဘရန်ဒန်ရော့ဂျာက တောင်းဆိုခဲ့တာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းဟာ ယခင်က အသင်းရဲ့ အဓိကကစားသမားတွေဖြစ်တဲ့ ကန်တီ၊ မာရက်ဇ်၊ မာကွိုင်းယားနဲ့ ဘင်ချီဝဲလ်တို့ကို ရောင်းချခဲ့တာ ဖြစ်ပါတယ်။ လက်စတာစီးတီးအသင်းဟာ အဲဒီကစားသမားတွေမရှိတော့ပေမယ့် အခုနှစ်ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားအဆင့် ၃ နေရာမှာ ရပ်တည်နိုင်ခဲ့သလို အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

○ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှ ဂျူဗင်တပ်အသင်းရဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီက အီတလီစီးရီးအေချန်ပီယံဆုဖလားရရှိခဲ့ခြင်းဟာ ကိုးနှစ်ဆက်တိုက်ရရှိခဲ့တဲ့ ချန်ပီယံဆုဖလားဖြစ်လာခဲ့ပြီး အဲဒီဘောလုံးရာသီအတွင်းမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပြိုင်ပွဲအရပ်ရပ်မှာ ၄၆ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးစုစုပေါင်း ၃၇ ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိခဲ့ခြင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့ပြီးနောက် နှစ်ကြိမ်မြောက်ရရှိခဲ့တဲ့ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

ဘုန်းမောက်အသင်းကို အနိုင်ရပြီး ဆောက်သမ်တန်အသင်း အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

ဘုန်းမောက်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ဟာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် မတ် ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်သမ်တန်အသင်းက ဘုန်းမောက်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အဆိုပါပွဲစဉ်မှာ ဆောက်သမ်တန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၇ မိနစ်မှာ ဒီဂျီပီနိုက တစ်ဂိုးနဲ့ ပွဲကစားချိန် ၄၅ မိနစ်နဲ့ ၅၉ မိနစ်တို့မှာ ရက်မွန်က နှစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၂ ပွဲမှာ ၁၀ ပွဲအထိရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။

ဆောက်သမ်တန်အသင်း ပါဝင်နေတဲ့ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တွေကို ဧပြီ ၁၇ ရက်နဲ့ ၁၈ ရက်တို့မှာ ကျင်းပမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ မေ ၁၅ ရက်မှာ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

ဦးဘိုးလှ (စစ်တွေ / မာန်အောင်)

စာရင်းကိုင် (ငြိမ်း)

ဆည်မြောင်းဦးစီးဌာန

အသက် (၈၇ နှစ်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ တိုက် (၅၃) A - ၄ နေ (ဦးမောင်ဘိုး - ဒေါ်မလှ)တို့၏သား၊ (ဒေါ်မကြည်) ဒေါ်စိန်တင်၏ခင်ပွန်း၊ ဦးကြည်ဇင်ဦး - ဒေါ်ခင်နှင်းလွင်၊ ဦးသိန်းဇော်-ဒေါ်အေးအေးကြည်၊ (ဦးမောင်လှကြည်) - ဒေါ်ခင်သန်းဝေ၊ ဦးဇော်မင်းထွန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၄ ယောက်တို့၏အတိုးသည် ၁၉-၃-၂၀၂၁ ရက် သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မေမြင့် (ပဲခူးမြို့)

အသက် (၈၉)နှစ်

(ဦးတင်-ဒေါ်ဖွားမြ)တို့၏သမီး၊ (ဦးဘ-ဒေါ်စောခု)တို့၏သမီးချွေးမ၊ (ဦးဘကြည်အငြိမ်းစားတိုင်းအင်ဂျင်နီယာမြန်မာ့မီးရထား)၏ချစ်လှစွာသော ဇနီး၊ ဦးမျိုးဖြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း မြန်မာ့ရေနံနှင့်သဘာဝတတ်ွေ့လုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ကိတာဥမ္မာမောတင်လှိုင်၊ (ဦးမျိုးကျော်ဦး)၊ (ဗိုလ်မျိုးမော်ဦး)၊ ဒေါ်ကိတာမိမိစိန်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၃-၂၀၂၁ရက်(စနေနေ့) ညနေ ၅:၄၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ဂွဖပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၁ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအပေါင်းအား အသိပေးကြေညာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကြင်ငွေ

အ.ထ.က(၆) မိုလ်တထောင်၊ အ.ထ.က(၄) မိုလ်တထောင်(ငြိမ်း)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃ လမ်း၊ အမှတ်(၁၆၅)နေ ဦးမြင့်သန်း၏ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်ခင်သန္တာဦး၊ ဦးထွန်းထွန်းဦး-ဒေါ်တင်မိုးမြိုင်၊ (ဒေါ်ရည်ရည်မွန်)၊ (ဦးကျော်ဆန်းဦး)တို့၏မွေးသမီးခင်၊ ဦးကျော်မင်းနိုင်-ဒေါ်ခိုင်စုမြတ်၊ ဦးမျိုးဆက်ကျော်လွင်-ဒေါ်အိခိုင်မွန်၊ ဂျွန်သာသီရိခေတ်၊ အေးသီရိဦး၊ ထွန်းဂျွန်ဝေးတို့၏အဘွား၊ Mabel Kyaw ၏ဘွားဘွားကြီး ဒေါ်ကြင်ငွေသည် ၁၉-၃-၂၀၂၁ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်တွင် ပို့ဆောင်သင်္ဂြိဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ဆွမ်းသွတ်တရားတော်နာကြရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်လေးတင်(မကေး)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း-၇၄(က)နေ (ဦးအုံးတင်)-ဒေါ်တင်မာဝင်းတို့၏သမီး၊ (ဦးဘရိုန်)-ဒေါ်စိန်ရင်တို့၏ သမီးချွေးမ၊ မောင်ဇော်မောင်မောင်ဌေး-မဖေကလျာခဲ့မြင့်၊ မဓင် မောင်မောင်ဌေး၊ မဓွန်မောင်မောင်ဌေး (ခေတ္တUK)၊ မောင်တာင် မောင်မောင်ဌေးတို့၏မိခင်၊ မဇော်ရတီမေ၊ မောင်ရေးမောင်မောင် ဌေးတို့၏အဘွား၊ ဦးမောင်မောင်ဌေး၏ချစ်လှစွာသောဇနီး ဒေါ်ခင် လေးတင်သည် ၂၀-၃-၂၀၂၁(စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၁ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၁၅နာရီတွင် ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၂၁(သောကြာနေ့)၊ နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်လေးတင်(မကေး)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်-၇၄(က)နေ (ဦးအုံးတင်)-ဒေါ်တင်မာဝင်းတို့၏သမီး၊ ဒေါက်တာ နီတာအုံးတင်(ခေတ္တUK)- ဒေါက်တာတင်မောင်အေး (သားဖွား/မီးယပ်)၊ ဦးကျော်တင် (ကျော်&ကျော်) CPA-ဒေါ်အေးအေးမုန့်၊ ဒေါက်တာဝင်းတင်-ဒေါက်တာဖြူဖြူ(ခေတ္တUK)တို့၏ညီမ ဦးညီညီအုံးတင်(T&E Int'l Co.,Ltd)-ဒေါ်နိုင်စိန်ကြည်၊ ဒေါ်မေမီအုံးတင် တို့၏အစ်မသည် ၂၀-၃-၂၀၂၁ (စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၁ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိဟ် မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါ မည်။) ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၂၁(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

ဝမ်းနည်းကြေကွဲခြင်း

ဒုဗိုလ်မှူးကြီး ဝမ်းထွန်း(ငြိမ်း)

အသက်(၈၉)နှစ်

သတင်းတပ်ဖွဲ့မှူး(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာနေ ဒုဗိုလ်မှူးကြီး ဝမ်းထွန်း(ငြိမ်း)သည် ၁၆-၃-၂၀၂၁ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

သတင်းတပ်မဖွဲ့ဝင်ဟောင်းများ

အမြန်ငှားမည်

ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းမပေါ်ရှိ ကွန်ဒိုတိုက်ခန်း၊ ပတ်ဝန်းကျင် ဆိတ်ငြိမ်၍ နေထိုင်ရန်ကောင်းမွန်သည်။

ဖုန်း-၀၉-၄၄၃၀၅၅၉၇၄၊ ၀၉-၂၅၃၂၈၈၉၇၄

ဝန်ထမ်းအလိုရှိသည်။
အိမ်အကူ ၁(၁) ဦး
ကလေးထိန်း (၁) ဦး
နေစားပြီး ၁၆၀၀၀၀ကျပ်
09 974396398
09 421134766

သင့်သွေးဖြင့် အသက် ကယ်ပါ

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

မတ် ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၃ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၄၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၂၁,၃၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၄၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၆၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မန္တလေး-နေပြည်တော်-ရွာသာကြီး အမှတ်(၉၂၄)အစုန် ကုန်သေတ္တာတင်ရထားခရီးစဉ် ပြေးဆွဲ

နေပြည်တော် မတ် ၂၀

လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၏ ပို့ဆောင်ရေးကဏ္ဍတွင် မြန်မာ့မီးရထားသည် ခရီးသည်နှင့် ကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် အရေအတွက်များများ သယ်ယူပို့ဆောင်ပေးနိုင်သဖြင့် မဖြစ်မနေ ပြေးဆွဲပေးရမည့် လုပ်ငန်းတစ်ခုပင်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ချောမွေ့ဖြောင့်တန်းစွာ သွားလာနိုင်ရေးမှာ ပြည်သူများနေ့စဉ်နှင့်အမျှ လူမှုရေး၊ စီးပွားရေးအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူတို့ အားထားနိုင်သည့် ရထားလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ရေး မန္တလေး - နေပြည်တော် - ရွာသာကြီး လမ်းပိုင်း အမှတ်(၉၂၄)အစုန် ကုန်သေတ္တာတင်ရထားနှင့် RBE 25100, 25107 နှစ်စင်းတို့ကို မတ် ၁၇ ရက် နံနက် ၆ နာရီ ၃၅ မိနစ်တွင် မန္တလေးဘူတာကြီးမှ စတင် ပြေးဆွဲခဲ့သည်။ စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ✻

၂၀၁၉-၂၀၂၀ ဘောလုံးရာသီရဲ့ အီတလီစီးရီးအေ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု ဂျူဗင်တပ်အသင်းမှ ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒို ဆွတ်ခူးရရှိ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒို့ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက အကောင်းဆုံး ခြေစွမ်းပြ ကစားနိုင်ခဲ့တာကြောင့် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီရဲ့ အီတလီစီးရီးအေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီရဲ့ အီတလီစီးရီးအေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုပေးပွဲ အခမ်းအနားဟာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကြန့်ကြာခဲ့ရတာ ဖြစ်ပြီး အဲဒီတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ကစားသမားတွေ၊ နည်းပြတွေ၊ ဒိုင်လူကြီးတွေနဲ့ ဂျာနယ်လစ်တွေက မဲပေးရွေးချယ်ခဲ့ရာ မှာတော့ ဂျူဗင်တပ်အသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒို့က ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၃၀ ကော်လံ ၅ သို့ ○

ကြေးမုံ ယနေ့ ဖတ်စရာ

CDM လှုပ်ရှားမှုနောက်ကွယ်က ဆွဲငင်မှု ပဋိပက္ခများ(၂)
စာမျက်နှာ » ၁၀

ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ကြဉ်ပြီး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် တရုတ်နှင့် အမေရိကန် သဘောတူ
စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရုတ်တရက်မြင့်တက်လာခြင်းအပေါ် စိုးရိမ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီ ထုတ်ဖော်ပြောကြား
စာမျက်နှာ » ၁၃

ဘုန်းမောက်အသင်းကိုအနိုင်ရပြီး ဆောက်သမ်တန်အသင်း အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း
စာမျက်နှာ » ၃၀